တက္ကသိုလ်

# သိဟဒေအာင်

ဝမ်အင်းဇ်ဟို့ကျောင်းကျန်းရူး

## ရွှေပလွေပဟောဋ္ဌိ

ဒုတိယပိုင်း
ဇာတ်သိမ်း



ကိုးတက်ရွေး-

တက္ကသိုလ်

# သီဟာအောင်

# ရွှေပလွှေပဟေဠိ

(ဒုတိယပိုင်း-ဇာတ်သိမ်း)

# ထောင်ချောက်

အခန်းတံခါး ပွင့်သွားပြီ ဖြစ်သည်။

ရှောင်လီက အတွင်းဘက် လှမ်းဝင်လိုက်လေသည်။

အနောက်ဘက်မှ တံခါးပြန်ပိတ်သွားသောအသံ ကြားရ၏။

ရှောင်လီက လှည့်မကြည့်ဘဲ အတွင်းဘက်သို့သာ အကဲခတ်ကြည့်လိုက်လေသည်။

သို့သော် ရေရေရာရာ မကြည့်ရသေးမီ...

"ချောက်"

မြည်သံနှင့်အတူ သူ၏ခြေထောက်အောက်၌ နင်းထားသော ကျောက်ပြားက အောက်ဘက်သို့ နိမ့်ဆင်းကာ အပေါက်ကြီး

တစ်ပေါက် ဖြစ်ပေါ်လာလေသည်။

ထောင်ချောက်ဟု သိလိုက်သည်နှင့် ရောင်လီက အပေါ်သို့ ခုန်တက်လိုက်လေသည်။

သူ၏ခန္ဓာကိုယ်သည် ပေါ့ပါးစွာဖြင့် တစ်ဘက်သို့ ရောက်ရှိသွားလေသည်။

နောက်ဘက်လှည့်ကြည့်လိုက်ရာ ကြမ်းပြင်ပေါ်၌ အပေါက်ကြီးတစ်ခု ရှိနေပြီး ဆူးချွန်များ ထိုးထိုးထောင်ထောင် ရှိနေသည်ကို တွေ့လိုက်ရလေသည်။

အပေါက်များ တကျွိကျွိမြည်ကာ ရွေ့လျားလာသော ကျောက်ပြားဖြင့် ပြန်ပိတ်သွားလေသည်။

ရောင်လီသာ သတိမထားမိလျှင် အပေါက်ကြီးထဲသို့ ကျကာ ဆူးချွန်များပေါ်၌ အသက်ပျောက်သွားရလိမ့်မည် ဖြစ်လေသည်။

"တော်ပါသေးရဲ့"

ရောင်လီ ညည်းတွားလိုက်လေသည်။

ထို့နောက် အရှေ့ဘက်သို့ မျက်နှာမူလိုက်သည်။

ထိုအချိန်မှာပင် ကျယ်လောင်သော မြည်သံများနှင့်အတူ ဝဲယာနံရံနှစ်ဘက်က အံ့ဩစရာကောင်းအောင် ရွေ့လျားလာလေတော့သည်။

နံရံနှစ်ခုသည် တစ်စထက်တစ်စ ကျဉ်းမြောင်းလာပြီး နံရံနှစ်ဘက်ကြား၌ ညှပ်မိလျှင် တစ်ကိုယ်လုံး စိစိညက်ညက် ကျေမွသွား



လိမ့်မည် ဖြစ်ပေတော့သည်။

"ဟိတ်"

ရောင်လီ တွေးတောစဉ်းစားမနေတော့ဘဲ တဟုန်ထိုး ပြေးထွက်သွားလိုက်လေတော့သည်။

ဆယ်ပေခန့် ပြေးထွက်လိုက်မိသည်နှင့်...

"ဂျိန်း"

နံရံနှစ်ခု ပြင်းထန်စွာ ထိတွေ့မိသွားတော့သည်။

ရောင်လီသည် ကံကောင်းထောက်မကာ အသက်ဘေးမှ လွတ်မြောက်သွားခြင်း ဖြစ်သည်။

ရောင်လီ မဲ့ပြုံးပြုံးလိုက်လေသည်။

ရောင်လီသည် ရှည်ရှည်ဝေးဝေး တွေးတောစဉ်းစားမနေဘဲ ရှေ့ဆက်သွားလိုက်လေသည်။

အမှောင်ရိပ်ကျကာ ရှည်လျားသော စင်္ကြံလမ်းတစ်ခု ဖြစ်လေသည်။

ရုတ်တရက်...

"ဝှစ်..ဝှစ်..ဝှစ်"

လေတိုးသံများ ထွက်ပေါ်လာလေသည်။

ဝဲယာတစ်ဘက်တစ်ချက်မှာ မြားတံကလေးများ ပစ်လွှင့်လာလေတော့သည်။

"သွားစမ်း"

ရောင်လီက လက်ဝှေ့ယမ်းလိုက်လေသည်။

"တော်..တော်..တော်"

ပစ်လွှင့်လာသော မြားတံကလေးများသည် ထက်ပိုင်းကျိုးကာ အောက်သို့ ပြုတ်ကျသွားတော့သည်။

ရောင်လီက အမှုမထားဘဲ ရှေ့ဆက်လျှောက်သွားလိုက်ပြန်လေသည်။

ထိုအခါ အမှောင်ထဲ၌ ရပ်တန့်နေသည့် လူရိပ်သဏ္ဌာန်တစ်ခုကို တွေ့လိုက်ရလေသည်။

တစ်စုံတစ်ယောက်ကား အလစ်ချောင်း တိုက်ခိုက်ရန် အမှောင်ရိပ်ထဲမှ စောင့်ဆိုင်းနေပြီ ဖြစ်လေသည်။

ရောင်လီ မဲ့ပြုံးပြုံးလိုက်လေသည်။

မည်သို့သော အခက်အခဲ အတားအဆီးမျိုးကို မဆို ရင်ဆိုင်ကျော်ဖြတ်သွားရမည် ဖြစ်လေသည်။

ထိုအမှောင်ရိပ်ထဲမှ လူရိပ်သဏ္ဌာန်ဆီသို့ ဦးတည်ကာ လှမ်းသွားလိုက်လေသည်။

ရှေ့တိုးသွားလေလေ အမှောင်ထုက ပို၍ နက်ရှိုင်းလာလေလေ ဖြစ်လေသည်။

ရှေ့တိုးသွားပြီးမှ တစ်စုံတစ်ခု မှားယွင်းနေပြီ ဖြစ်ကြောင်း ရောင်လီ သတိပြုမိလိုက်လေသည်။

စိတ်အာရုံကို စုစည်းကာ အဖြေရှာလိုက်သောအခါ ရှေ့ဘက်တည့်တည့်၌ ရှိနေသော လူရိပ်က နေရာပြောင်းသွားပြီ ဖြစ်ကြောင်း ခံစားသိရှိလိုက်ရလေတော့သည်။



"နေရာပြောင်း လှုပ်ရှားလိုက်သည်နှင့် တိုက်ခိုက်တော့မည် ဖြစ်ကြောင်း အသိပေးလိုက်သကဲ့သို့ ရှိနေသည် မဟုတ်ပါလား။

ရောင်လီ ခြေလှမ်းရပ်လိုက်လေသည်။

ထိုစဉ်မှာပင်...

"ဝုန်း..ဝုန်း..ဝုန်း"

အလွန်ကျယ်လောင်သော မြည်ဟီးသံကြီးများ ထွက်ပေါ်လာလေတော့သည်။

ရုတ်တရက်မို့ ရောင်လီ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

နားနှစ်ဘက်စလုံး အူသွားကာ ကြောင်အမ်းအမ်း ဖြစ်သွားလေတော့သည်။

ထိုသို့ တဒင်္ဂ အငိုက်မိသွားသည့် အချိန်လေးမှာပင် သူ၏ဝဲဘက်ပခုံး၌ နာကျင်သော ဝေဒနာတစ်ရပ် ဖြစ်ပေါ်လာလေတော့သည်။

ရောင်လီ ခံပြင်းသွားလေသည်။

"သွားစမ်း"

ခြင်္သေ့ဟိန်းသံကဲ့သို့ ကျယ်လောင်သော မြည်သံ ပြုလုပ်ပြီး လက်နှစ်ဘက် ဝှေ့ယမ်းလိုက်လေသည်။

တဝုန်းဝုန်းမြည်အောင် ကျယ်လောင်သော အသံကြီးများက ထွက်ပေါ်နေဆဲ။

ထိုအသံကြီးများကြားမှ အားခနဲ အော်သံတစ်ချက် ထွက်

ပေါ်လာလေသည်။

ထို့နောက် ဆူဆူညံညံ အသံများ ရုတ်ခြည်းတိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

♠ ♠ ♠

ဆူညံသော အသံများ ကွယ်ပျောက်သွားသကဲ့သို့ အမှောင်ထုလည်း ပျောက်ကွယ်ကာ လင်းလင်းချင်းချင်း ဖြစ်လာတော့သည်။

ထိုအခါ အခန်းမှာ ရှည်မျောမျောသဏ္ဌာန် ရှိပြီး တစ်ဘက်၌ ထွက်ပေါက်တစ်ခု ရှိနေသည်ကို တွေ့ရလေသည်။

တံခါးပေါက်၌ လူတစ်ယောက်က ကျောပေးပြီး ရပ်နေ၏။

ရောင်လီ ပြုံးလိုက်လေသည်။

ထိုလူအား ဖြတ်ကျော်နိုင်မှသာ တစ်ဘက်သို့ ထွက်နိုင်မည်ဖြစ်ကြောင်း နားလည်ထားလေသည်။

ထိုလူက တံခါးပေါက်၌ ကျောပေးကာ ရပ်နေသည်မှာလည်း နောက်ထပ် အကြောင်းတစ်ခု ရှိနေဦးမည်ဟု နားလည်မိလေသည်။

ဆူဆူညံညံ အသံများကြားမှ ကြားလိုက်ရသော အော်ဟစ်သံကြောင့် ရန်သူသည်လည်း သူ၏တိုက်ခိုက်မှုမှ လွတ်မြောက်ခဲ့ခြင်းမရှိကြောင်း ထင်ရှားလေသည်။

ရောင်လီက ဝဲဘက်ပခုံးကို ကြည့်လိုက်သည်။



ထိုအခါ ဝဲဘက်ပခုံး၌ အင်္ကျီစုတ်ပြဲကာ ဓားဒဏ်ရာတစ်ချက် ရထားသည်ကို တွေ့လိုက်ရလေသည်။

ထူးခြားသည်ကား ဒဏ်ရာမှ စီးကျလာသော သွေးများသည် နီရဲမနေဘဲ ညိုမည်းနေခြင်း ဖြစ်ပါတော့သည်။

ရောင်လီ ပင့်သက်ရှိုက်မိသည်။

ရန်သူသည် ဓားသွား၌ အဆိပ်သုတ်ကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားလေသည်။

ရောင်လီက သွေးကြောများ ပိတ်လိုက်သည်။

သွေးစီးကျမှု ရပ်တန့်သွားလေသည်။

ဓားဒဏ်ရာက အရေးမကြီးသော်လည်း အဆိပ်က အရေးကြီးလှပေသည်။

အဆိပ်ဖြေဆေး အချိန်မီ ရရှိဖို့ အရေးကြီးကြောင်းလည်းနားလည်ထားလေသည်။

ရောင်လီက တံခါးပေါက်အနီး၌ ရပ်နေသူကို လှမ်းကြည့်လိုက်ပြန်လေသည်။

"ဟင်"

ရောင်လီ ရင်ထိတ်သွား၏။

တံခါးပေါက်မှ လူမှာ ပျောက်ချင်းမလှ ပျောက်ဆုံးသွားခြင်းကြောင့် ဖြစ်လေသည်။

"အင်း ကျားယန့်ရဲ့ စစ်ဆေးမှုက အတော့်ကို ကြောက်စရာကောင်းတာပဲ၊ ဘာပဲဖြစ်ဖြစ် သူနဲ့ တွေ့ပြီး အဆိပ်ဖြေဆေးရယူမှ

ဖြစ်မယ်”

မည်သို့ဆိုစေ စမ်းသပ်စစ်ဆေးမှုတွင် သူက အောင်မြင်ခြင်း မရှိဟု သတ်မှတ်ခံရတော့မည် ဖြစ်လေသည်။

ရောင်လီက တံခါးပေါက်သို့ လှမ်းသွားရန် ဟန်ပြင်လိုက်စဉ် လူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ရောင်လီ မျက်မှောင်ကုပ်သွား၏။

ထိုလူအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်၏။

ထိုလူမှာ အနက်ရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ဖြစ်လေသည်။

အသက်နှစ်ဆယ်ခန့် ရှိပြီး နတ်မိမယ်လေးအလား ချောမောလှပသူလေး ဖြစ်လေသည်။

ရှည်လျားသော ဆံပင်များကို နောက်ကျော၌ ဖားလျားချထားသည်။

ကော့ညွှတ်သော မျက်တောင်၊ ဝိုင်းစက်ကြည်လင်သော မျက်လုံး၊ ဖြောင့်စင်းသော နှာတံ စသည့် ကောင်းခြင်းမင်္ဂလာ ကျက်သရေနှင့် ပြည့်စုံသော မိန်းကလေးတစ်ယောက် ဖြစ်လေသည်။

ရောင်လီသည် မိန်းမချောလေးကို ကြည့်ပြီး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိလေတော့သည်။

မိန်းကလေး ပြုံးလိုက်သည်။

ရောင်လီအား အကဲခတ်ကြည့်လိုက်ပြီး...



“ရှင် အဆိပ်မိသွားပြီရှင့်”

ဟုပြောလိုက်သည်။

သူမ၏အသံမှာ ချိုလွင်သာယာနေသည်။

ရောင်လီ ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်၊ သူလဲ မသက်သာပါဘူး”

မိန်းကလေးက...

“သူသေသွားပြီ”

“ဗျာ”

ရောင်လီ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

မိန်းကလေးကို မယုံကြည်နိုင်စွာ ကြည့်ရင်း...

“သူ..သူ သေသွားပြီ ဟုတ်လား”

“ဟုတ်တယ်”

ရောင်လီ စိတ်မကောင်း ဖြစ်သွားသည်။

“ကျုပ်က သူ့ကို သည်လောက်အထိ ဖြစ်သွားဖို့ မရည်ရွယ်ဘူးဗျ၊ အမှတ်မထင် တုံ့ပြန်လိုက်မိတာပါ”

မိန်းကလေးက အမှုမထားဟန်ဖြင့်...

“သည်နေရာမှာ စမ်းသပ်မှုဟာ အရေးကြီးဆုံးပါပဲ၊ ဒါကြောင့် ဘယ်သူမဆို သေသွားနိုင်တာပဲ၊ အခုတော့ ရှင်က အသက်ရှင်နေခဲ့တယ်လေ”

ဟုပြောလိုက်သည်။

ရောင်လီ မျက်မှောင်ကြုတ်သွားသည်။

"ကျုပ်က စမ်းသပ်မှု အောင်မြင်သွားပြီလို့ ခင်ဗျားဆိုလိုတာလား"

မိန်းကလေး ခေါင်းခါယမ်းလိုက်သည်။

"သည်လိုလဲ မဟုတ်သေးဘူးရှင့်"

"ဒါဖြင့် ခင်ဗျားဆိုလိုတာက.."

"ရှင်က အသက်ရှင် ကျန်ရစ်ခဲ့တယ်၊ ဒါပေမယ့် အဆိပ်မိထားတော့ မကြာခင် သေသွားရမှာပါလေ"

ရောင်လီ ခေါင်းယမ်းလိုက်သည်။

"ခင်ဗျားမှားပြီ၊ ကျုပ်က တံခါးပေါက်တစ်ဘက်ကို ထွက်သွားနိုင်တယ်၊ အပြင်ဘက်မှာ စောင့်နေတဲ့ ကျားယန့်ဆီက အဆိပ်ဖြေဆေးတောင်းနိုင်တယ်"

"ကျားယန့်ဆီမှာ အဆိပ်ဖြေဆေးမှ မရှိတာ.."

"ခင်ဗျားသေချာရဲ့လား"

"သေချာပါတယ်၊ အဆိပ်ဖြေဆေးဟာ လူတစ်ယောက်ဆီကလွဲပြီး တခြား ဘယ်သူ့ဆီမှာမှ မရှိဘူး"

"ခင်ဗျားက ကျားယန့်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"ဘယ်လိုမှ မပတ်သက်ပါဘူးရှင်၊ ကျားယန့်ကို ကျွန်မက မျက်စိထဲမှာ ရှိတယ်လို့တောင် သဘောမထားပါဘူး"

ရောင်လီ ပြုံးလိုက်သည်။

"ခင်ဗျားက ကျားယန့်နဲ့ ဘယ်လိုမှ မပတ်သက်ဘူးပေါ့"

"ဟုတ်တယ်"



"ဒါဖြင့် ခင်ဗျားထွက်သွားရင် ကောင်းမယ်၊ ကျုပ်က ကျားယန့်ရဲ့ စမ်းသပ်မှုကို ရင်ဆိုင်နေတာ၊ မဆိုင်တဲ့လူနဲ့ မပတ်သက်ချင်ဘူး"

"ကျွန်မက မဆိုင်တာ မဟုတ်ဘူးရှင့်၊ အခု စမ်းသပ်မှုဟာ ကျွန်မရဲ့ အစီအစဉ်ပဲ"

"ဗျာ"

ရောင်လီ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

မိန်းကလေးက...

"ကျွန်မဟာ ဟန်လုံနဲ့ တိုင်ပင်ပြီး လူရွေးဖို့ စီစဉ်ခဲ့တာပဲ၊ ကျားယန့်ဟာ ကျွန်မရဲ့ အစီအစဉ်တိုင်း လုပ်နေတာရှင့်"

"ဟာ မဖြစ်နိုင်တာ"

"ကောင်းပြီ၊ ရှင်မယုံရင် ကျားယန့်ကို မေးကြည့်နိုင်ပါတယ်"

စကားဆုံးလျှင် လက်ခုပ်တစ်ချက် တီးလိုက်လေသည်။

လက်ခုပ်သံနှင့် မရှေးမနှောင်းမှာပင် အခန်းတံခါး ပွင့်သွားပြီး လူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့ရ၏။

ထိုလူမှာ ကျားယန့်ပင် ဖြစ်လေသည်။

ကျားယန့်အား မြင်တွေ့လိုက်ရလျှင် ရောင်လီ အံ့သြသွား၏။

ကျားယန့်သည် သဘောထားတင်းမာသူ၊ မာန်မာနကြီးသူဟု ထင်မှတ်စရာအကြောင်း ရှိသည်။

ယခု ကျားယန့်သည် မိန်းကလေး ခေါ်လိုက်ရုံဖြင့် သုတ်ခနဲ ရောက်ရှိလာသည်။

သူတို့ မည်သို့မည်ပုံ ဆက်နွယ်နေပါသနည်း။

ရှောင်လီ တွေးတောနေစဉ် မိန်းကလေး၏စကားသံ ထွက်ပေါ်လာလေသည်။

"ကဲ ရှင်ယုံပြီလား"

ရှောင်လီသည် ကျားယန့်ကို ကြည့်ကာ…

"ကျုပ်တို့ စမ်းသပ်တဲ့ အစီအစဉ်ဟာ သူ့ရဲ့အစီအစဉ်ဆိုတာ အမှန်ပဲလားဗျာ"

ဟုမေးလိုက်သည်။

ကျားယန့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဒါဖြင့် အာမခံဌာနပိုင်ရှင်ဟန်လုံဟာ.."

သူ၏စကားမဆုံးမီ ကျားယန့်က ကြားဖြတ်ပြောလိုက်၏။

"မကြာခင် အခု ကြုံတွေ့ရတဲ့ ကိစ္စတွေကို မင်းနားလည်သဘောပေါက်လာမှာပါ၊ စမ်းသပ်မှုက မပြီးသေးပါဘူး၊ စမ်းသပ်ပြီးတာနဲ့ ကျုပ်ရှင်းပြပါ့မယ်"

ရှောင်လီက ကျားယန့်အား နားမလည်နိုင်စွာ ကြည့်ကာ…

"စမ်းသပ်မှု မပြီးသေးဘူး ဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် ဘယ်လိုဆက်ပြီး စမ်းသပ်ဦးမှာလဲ"



ကျားယန့်က အဖြေမပေးဘဲ မိန်းကလေး၏မျက်နှာကို လှမ်းကြည့်လိုက်လေသည်။

မိန်းကလေးက တည်ကြည်သော မျက်နှာထားဖြင့်…

"ကျားယန့်၊ ရှင့်တာဝန်ပြီးသွားပြီ"

ဟုပြောလိုက်သည်။

ကျားယန့် ဘာမှ မပြောဘဲ ချာခနဲလှည့်ကာ ထွက်သွားလေသည်။

ရှောင်လီကိုပင် နှုတ်ဆက်မသွားပါ။

ရှောင်လီ မကျေမနပ် ဖြစ်သွားသည်။

ထိုစဉ် မိန်းကလေးက…

"ကျွန်မနောက် လိုက်ခဲ့ပါ"

ပြောပြီး တစ်ဘက်လှည့်ကာ ထွက်သွား၏။

ရှောင်လီမှာ တစ်ချိန်ချိန်တွင် ထိုမိန်းကလေးအား မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမမည်ဟု တေးထားလိုက်လေသည်။

ထို့နောက် မိန်းကလေးနောက်သို့ လိုက်သွားလေတော့သည်။

♠ ♠ ♠

ရှည်မျောမျောစကြိုလမ်းကလေးအတိုင်း လျှောက်သွားရာ ဝဲဘက်တွင် အခန်းတစ်ခု ရှိနေသည်ကို တွေ့မြင်ရလေသည်။

မိန်းကလေးက အခန်းတံခါး တွန်းဖွင့်ပြီး ဝင်သွား၏။

ရောင်လီက နောက်မှ လိုက်သွားသည်။

ကျားယန့်ကိုမူ မတွေ့ရတော့ချေ။

အခန်းတွင်းသို့ ရောက်လျှင် မိန်းကလေးက တံခါးပြန်ပိတ်ထားလိုက်လေသည်။

အခန်းတွင်းဝယ် အနက်ရောင်ဝတ်ဆင်ထားပြီး ဓားကိုယ်စီ ကျောပိုးထားကြသူ ငါးယောက်ခန့် ရှိနေသည်ကို တွေ့ရ၏။

မိန်းကလေးက…

"ရှင့်ကို စမ်းသပ်ဖို့ ကျန်နေသေးတယ်ဆိုတာ ရှင်နားလည်ရဲ့လား"

ဟုမေးလာသည်။

ရောင်လီက ပြုံးလိုက်သည်။

"ရပါတယ်၊ ခင်ဗျားကြိုက်သလို စမ်းသပ်နိုင်ပါတယ်"

မိန်းကလေးက သူ့အား အကဲခတ်ကြည့်လိုက်၏။

"ရှင့်ရဲ့ခန္ဓာကိုယ်ထဲမှာ အဆိပ်မိထားပြီဆိုတာ ရှင်သိတယ် မဟုတ်လား"

"ကျုပ်သိပါတယ်"

"ကောင်းပြီ၊ အဲသည် အဆိပ်ဟာ ဖြေဆေးအချိန်မီ မရဘူးဆိုရင် နေ့ဝက်အချိန်တွင်း အစွမ်းပြလာလိမ့်မယ်၊ နေ့ဝက်အချိန်ကျော်



သွားရင် ခြေလက်တွေ အကြောဆိုင်းသွားလိမ့်မယ်၊ နောက်ထပ် တစ်ရက်ကြာရင် မချိမဆန့် ဝေဒနာ ခံစားရပြီး သေရလိမ့်မယ်"

"တော်တော်ဆိုးဝါးတဲ့အဆိပ်ပဲ"

ရောင်လီက ရယ်ကျဲကျဲဖြင့် ပြောလိုက်လေသည်။

မိန်းကလေး မကျေမနပ် ဖြစ်သွားသည်။

"ကျွန်မ နောက်နေတာ မဟုတ်ဘူးနော်"

"ကျုပ်သိပါတယ်ဗျာ"

"ရှင် နည်းနည်းလေးမှ မကြောက်ဘူးလား"

"ကျုပ်က ဘာကို ကြောက်ရမှာလဲ"

"ရှင်အဆိပ်မိထားတယ်လေ"

"အဲဒါဘာဖြစ်သလဲ"

"ရှင် သေရလိမ့်မယ်လေ"

ရောင်လီ ပခုံးတွန့်လိုက်သည်။

"ကျုပ်အသက်သေသွားတာထက် အသက်ရှင်နေတာတ ပိုပြီး အသုံးဝင်လိမ့်မယ်ဆိုတာ ကျားယန့် သိပါတယ်ဗျာ"

မိန်းကလေးက ခေါင်းခါယမ်းလိုက်သည်။

"ကျားယန့်က ဘာမှ မတတ်နိုင်ဘူးရှင့်"

"သူ့မှာ ဩဇာအာဏာ မရှိဘူးဆိုတဲ့ သဘောပေါ့"

"မှန်တယ်"

"ဒါဖြင့် ဘယ်သူက ဩဇာအာဏာရှိသလဲ"

"ကျွန်မ.."

ရောင်လီ ပါးစပ်ပိတ်ထားလိုက်လေသည်။

မိန်းကလေးက ထပ်ပြောလိုက်သည်။

"အာမခံဌာနပိုင်ရှင်ဟန်လုံကိုယ်တိုင် ကျွန်မလောက် ဩဇာအာဏာ မရှိတော့ဘူးဆိုတာ ရှင်မှတ်ထားပါ"

"ကောင်းပြီ၊ ခင်ဗျားက ဩဇာအာဏာ အရှိဆုံးဆိုယင်တော့ အဆိပ်ဖြေဆေးကို ခင်ဗျားဆီကပဲ တောင်းရမှာပေါ့"

"ကျွန်မက မပေးဘူးဆိုရင်ကော"

ရောင်လီ ရယ်မောလိုက်သည်။

"ခင်ဗျား မနေနိုင်ပါဘူးဗျာ"

မိန်းကလေးက မျက်နှာမဲ့လိုက်၏။

"အဆိပ်ဖြေဆေးရဖို့ နည်းလမ်းတစ်ခုပဲ ရှိတယ်"

ရောင်လီကို အကဲခတ်ကြည့်လိုက်၏။

ရောင်လီက သူမကို ပြုံး၍ ကြည့်လိုက်သည်။

မိန်းကလေးက မျက်နှာထားတင်းတင်းဖြင့်...

"ကွမ်းကြိုးညီနောင်ကို ရှင်ကိုယ်တိုင် သုတ်သင်ပစ်ဖို့ပဲ"

သူမ၏စကားဆုံးသည်နှင့်...

"ယား"

ရောင်လီက ညာသံပေးကာ သူမအား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်သည်။

ထိုအခါ အသင့်စောင့်ဆိုင်းနေသည့် အနက်ရောင်ဝတ်ဆင်ထားသူများကလည်း ဓားကိုယ်စီ ဆွဲထုတ်ကာ ပြေးဝင်တိုက်ခိုက်လာ



ကြလေတော့သည်။

♠ ♠ ♠

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ဆက်တိုက်ထွက်ပေါ်လာသည်။

အနက်ရောင်ဝတ်ဆင်ထားသူများ အဝေးသို့ လွင့်စင်သွားလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူများ ဖရိုဖရဲ ဖြစ်သွားသည်နှင့် ရောင်လီက မိန်းကလေးထံ ပြေးဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

"ရပ်လိုက်"

မိန်းကလေးက ဟန့်တားလိုက်လေသည်။

ရောင်လီ မဲ့ပြုံးပြုံးလိုက်သည်။

"အဆိပ်ဖြေဆေးပေးတော့မလား"

မိန်းကလေးက...

"ကွမ်းကြိုးညီနောင်ဟာ ဘယ်လိုလူစားမျိုးဆိုတာ ရှင်သိလို့လား"

ဟုမေးလိုက်သည်။

ရှောင်လီက ပြုံးလိုက်ကာ…

"ခင်ဗျားက ဘယ်လိုထင်လို့လဲ"

"သူတို့ဟာ တကယ့်ကို ကောက်ကျစ်စဉ်းလဲတဲ့ လူတွေဆိုတာ သိထားတယ်ရှင့်"

ရှောင်လီသည် မိန်းကလေးအား စိုက်ကြည့်လိုက်၏။

မိန်းကလေးက ဆက်ပြောလိုက်သည်။

"ရှင်သိချင်တယ်ဆိုရင် ကျွန်မပြောပြမယ်၊ ကွမ်းကြုံညီနောင်ဟာ လူဆိုးဓားပြတွေပဲ၊ သူတို့ဟာ အကွက်ဆင်ပြီး ကြယ်ပုံ အာမခံဌာနပိုင်ရှင်ဟန်လုံနဲ့ ရင်းနှီးမှု ယူခဲ့ကြတယ်"

ရှောင်လီက ခေါင်းဆတ်လိုက်သည်။

"ဆက်ပြောပါဦး"

မိန်းကလေးက…

"ဟန်လုံကို ကူညီသလိုနဲ့ ဟန်လုံရဲ့ အာမခံဌာနကို ဖျက် ဆီးလုယက်ဖို့ ကြံစည်နေကြတာ၊ သူတို့ဟာ ဟန်လုံအတွက် မိတ်ဆွေ တွေ လိုက်ပြီး စုဆောင်းတယ်ဆိုပေမယ့် တကယ်တော့ ဟန်လုံကို တိုက်ခိုက်ဖို့ လူစုခဲ့ကြတာပဲ"

ရှောင်လီက မိန်းကလေးအား စေ့စေ့ကြည့်လိုက်သည်

"ခင်ဗျားပြောတာ စိတ်ဝင်စားစရာ ကောင်းပါတယ်၊ ဒါပေ မယ့် ကျုပ်က အဆိပ်ဖြေဆေးပဲ လိုချင်တယ်ဗျ"

မိန်းကလေးက…



"ရှင်ဟာ ကွမ်းကြုံညီနောင်အပေါ် ဘယ်လိုသဘောထား တယ်ဆိုတာ အရေးကြီးပါတယ်၊ ရှင့်ရဲ့ သဘောထားအပေါ် မူတည် ပြီး အဆိပ်ဖြေဆေးပေးသင့် မပေးသင့် ကျွန်မဆုံးဖြတ်ရမှာပါ"

ရှောင်လီက…

"သူတို့ညီနောင်ဟာ ကျုပ်ရဲ့မိတ်ဆွေပါ"

ဟုတည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလိုက် သည်။

မိန်းကလေး မျက်နှာမဲ့သွား၏။

"ရှင်က လူဆိုးတွေကို မိတ်ဆွေလို သဘောထားနေသမျှ ကာလပတ်လုံး အဆိပ်ဖြေဆေး မရနိုင်ပါဘူးရှင်"

"ကောင်းပြီ၊ ခင်ဗျားက မပေးနိုင်ဘူးဆိုရင် ကျုပ်က ရ အောင် ယူရမှာပေါ့ဗျာ"

စကားဆုံးလျှင် ရှောင်လီက တိုက်ခိုက်ရန် ဟန်ပြင်လိုက် လေသည်။

မိန်းကလေး လက်ကာပြလိုက်သည်။

"ခဏနေဦး"

"ခင်ဗျား ဘာပြောမလို့လဲ"

"သူတို့ကို ရှင်က ဘာကြောင့် မိတ်ဆွေအဖြစ် သဘောထား တယ်ဆိုတာ ပြောမပြနိုင်ဘူးလား"

ရှောင်လီ ခေါင်းညိတ်လိုက်သည်။

"ရပါတယ်၊ သူတို့ဟာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲ

တွေ လျှို့ဝှက်မထားဘဲ ပွင့်ပွင့်လင်းလင်း ပြောပြကြတယ်၊ ကျုပ်ကြောင့် ဒုက္ခရောက်မလို ဖြစ်တာတောင် ကျုပ်ကို စိတ်မဆိုးကြဘူး၊ သူတို့က သူများအပေါ် ဆိုးချင်ဆိုးမယ်၊ ကျုပ်အပေါ် မဆိုးကြဘူး၊ ကျုပ်အတွက် သူတို့ အသက်စွန့်ရဲကြတယ်၊ အို ပြောရရင် အများကြီးပါ၊ ဘာပဲဖြစ်ဖြစ် သူတို့က ကျုပ်ကို စိတ်ထားမှန်မှန်နဲ့ ဆက်ဆံကြတယ်၊ ဒါကြောင့် ကျုပ်ကလဲ စိတ်ထားမှန်မှန်နဲ့ ပြန်ပြီး ဆက်ဆံခဲ့တယ်၊ ဒါနဲ့ပဲ မိတ်ဆွေတွေ ဖြစ်လာကြတာပေါ့"

မိန်းကလေးက…

"သူတို့က ရှင့်အတွက်ဆိုရင် အသက်အသေခံဝံ့ကြတယ်လို့ ရှင်ထင်နေတယ် မဟုတ်လား"

"ဟုတ်တယ်"

"ကောင်းပြီ၊ ဟောသည် အပေါက်ကလေးကနေ ကြည့်လိုက်စမ်းပါရှင်"

ဝဲဘက်နံရံသို့ ညွှန်ပြရင်း ပြောလိုက်လေသည်။

ရောင်လီ လှမ်းကြည့်လိုက်သည်။

ထိုအခါ ဝဲဘက်နံရံတွင် အပေါက်တစ်ပေါက် ရှိနေသည်ကို တွေ့ရ၏။

ရောင်လီ မျက်မှောင်ကုတ်သွား၏။

မိန်းကလေးဘက် ပြန်လှည့်ကာ…

"အပေါက်ကလေးကနေ ချောင်းကြည့်ရမှာလား"

ဟုမေးလိုက်လေသည်။



"မိန်းကလေးက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ တစ်ဘက်မှာ ကွမ်းကြိုးအော့ ရှိနေတယ်လေ"

ကွမ်းကြိုးအော့ဟူသည့်အမည်ကြားလျှင် ရောင်လီ စိတ်ဝင်စားသွား၏။

ကွမ်းကြိုးအော့နှင့် ကွမ်းကြိုးအိတို့၏ အခြေအနေကို သိလိုစိတ်များ ပြင်းပြလာလေသည်။

ထို့ကြောင့်…

"ကောင်းပြီလေ၊ ကွမ်းကြိုးအော့ အခြေအနေ ဘယ်လို ရှိတယ်ဆိုတာ ကျုပ်ကြည့်လိုက်ဦးမယ်၊ တစ်ခုတော့ ရှိတယ်၊ ခင်ဗျားလူတွေ တစ်ခုခု လုပ်မယ်ဆိုရင် ကျုပ်တာဝန် မယူနိုင်ဘူး"

ဟုပြောလိုက်လေသည်။

မိန်းကလေး ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါရှင်၊ အားလုံးကို ကျွန်မတာဝန်ယူပါတယ်"

ရောင်လီသည် အပေါက်ကလေးဆီသို့ လှမ်းသွားပြီး တစ်ဘက်သို့ ချောင်းကြည့်လိုက်လေသည်။

ထိုအခါ တစ်ဘက်ခန်းမှ မြင်ကွင်းကို ရှင်းရှင်းလင်းလင်း တွေ့မြင်လိုက်ရလေတော့သည်။

♠ ♠ ♠

အခန်းတွင်းဝယ် ကုလားထိုင်တစ်လုံး ရှိနေပါ၏။

ကုလားထိုင်ပေါ်၌ ကွမ်းကြိုးအော့ ရှိနေပြီး သူ့အား ကြိုးဖြင့် အထပ်ထပ် ချည်နှောင်ထားသည်ကို တွေ့ရသည်။

ကွမ်းကြိုးအော့ဘေး၌ အနက်ရောင်ဝတ်ဆင်ထားသူများဓားကိုယ်စီကိုင်ကာ ဝိုင်းရံထားသည်ကို တွေ့မြင်ရလေသည်။

ကွမ်းကြိုးအော့၏ကိုယ်ပေါ်၌လည်း ဒဏ်ရာသုံးလေးချက်ရရှိထားသည်ကို တွေ့မြင်ရလေသည်။

ရောင်လီ ကြည့်နေစဉ် ကျားယန့် အခန်းတွင်းသို့ ဝင်လာသည်ကို တွေ့မြင်ရလေသည်။

ကျားယန့်ကို မြင်လျှင် ကွမ်းကြိုးအော့၏မျက်နှာ ခက်ထန်သွားပြီး တစ်ဘက် လွှဲထားလိုက်သည်။

ကျားယန့်က ကွမ်းကြိုးအော့ရှေ့သို့ လှမ်းသွားပြီး...

"မင်းကိုယ်မင်း ဟုတ်လှပြီ ထင်နေတာကိုး၊ အခုတော့ဘယ့်နှယ်ရှိစ၊ မင်း ဘာတတ်နိုင်သေးလဲ"

ဟုမေးလိုက်လေသည်။

ကွမ်းကြိုးအော့ ဘာမှ မပြောဘဲ မသိချင် ဟန်ဆောင်နေလိုက်၏။

ကျားယန့်က...

"ကွမ်းကြိုးအော့၊ မင်းက မောက်မာတယ်၊ ဒေါသကြီးတယ်၊ မင်းကို ငါက သဘောကျမယ်များ ထင်နေသလား"

ကွမ်းကြိုးအော့ ဦးခေါင်းချာခနဲလှည့်ကာ ကျားယန့်နှင့်



မျက်နှာချင်းဆိုင်လိုက်လေသည်။

ကျားယန့်ကို စေ့စေ့ကြည့်ရင်း...

"ခင်ဗျား သဘောမကျတော့ကော ကျုပ်က ဂရုစိုက်ရမှာလား၊ ခင်ဗျား ကျုပ်ရှေ့က ထွက်သွားစမ်းပါဗျာ"

ဟုအော်ငေါက်လိုက်လေသည်။

ကျားယန့် ရယ်မောလိုက်သည်။

"ဟား..ဟား..ဟား၊ ထွက်သွားရမယ် ဟုတ်လား၊ မင်းကိုငါက ဆုံးမ,မလို့ကွ မှတ်ထား"

စကားဆုံးလျှင် လက်တစ်ဘက်မြှောက်ကာ ကွမ်းကြိုးအော့အား ရိုက်ချလိုက်လေသည်။

ကွမ်းကြိုးအော့မှာ ကြိုးဖြင့် အထပ်ထပ် တုပ်နှောင်ထားခြင်း ခံနေရသဖြင့် မည်သို့မျှ မရှောင်နိုင်ပါ။

"ဖြန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

ကွမ်းကြိုးအော့၏ပါးပြင် နီရဲသွားပြီး လက်ငါးချောင်းရာအထင်းသား ပေါ်လွင်လာလေသည်။

"ဟား..ဟား..ဟား"

ကျားယန့်က သဘောကျစွာ ရယ်မောလိုက်သည်။

ကွမ်းကြိုးအော့က အံတင်းတင်းကြိတ်လိုက်၏။

"ခင်ဗျားဟာ ဘာကြောင့် ကျုပ်တို့ကို ရန်သူလို သဘောထားနေတာလဲ၊ ကျုပ်တို့က ဟန်လုံကို ကူညီဖို့ လာခဲ့ကြတယ်ဆိုတာ

ခင်ဗျားအသိပဲ၊ အခုအတိုင်းဆိုရင် ခင်ဗျားဟာ ဟန်လုံအပေါ် တစ်ခုခု အကောက်ကြံဖို့ ကြံစားနေတယ်လို့ ကျုပ်တို့ သတ်မှတ်ရတော့မှာပဲ"

ကျားယန့် ခေါင်းညိတ်လိုက်လေသည်။

"မင်း မဆိုဘူး၊ မင်းပြောတာ မှန်တယ်"

"ဘာဗျ"

"မင်းပြောတာ မှန်တယ်လေ၊ ငါက ဟန်လုံကို ဒုက္ခပေးမလို့ဘဲ"

"ခင်..ခင်ဗျား.."

ကျားယန့်၏မျက်နှာ တည်ကြည်သွားလေသည်။

ကွမ်းကြုံးအော့ကို စိုက်ကြည့်ရင်း...

"ဟန်လုံက ခရီးထွက်သွားပြီ၊ ကြယ်ပုံအာမခံဋ္ဌာနဟာ ငါ့လက်ထဲမှာ ရောက်နေပြီ၊ ငါက အပိုင်စီးမယ်လို့ ဆုံးဖြတ်လိုက်ပြီလေ"

"လူယုတ်မာကြီး"

ကွမ်းကြုံးအော့ ဒေါသတကြီး အော်ငေါက်လိုက်လေသည်။

"ဟား..ဟား..ဟား"

ကျားယန့် သဘောကျစွာ ရယ်မောလိုက်သည်။

အတန်ကြာ ရယ်မောပြီးမှ...

"မင်းဟာ ဟန်လုံကို ကူညီဖို့ လာတဲ့လူပဲ၊ ဒါကြောင့် ငါ့ရန်သူ ဖြစ်နေတာပေါ့၊ တစ်ခုတော့ ရှိတယ်၊ မင်းဟာ ငါ့ဆီမှာ သစ္စာခံမယ်ဆိုရင် မင်းရဲ့အသက်ကို ချမ်းသာပေးလိုက်မယ်"



"ခင်ဗျားလို လူယုတ်မာရှေ့မှာ ကျုပ် ဘယ်တော့မှ ဒူးမထောက်ဘူးဗျ"

"ကောင်းပြီ"

ပြောပြီး ကျားယန့်က လက်ခုပ်တီးလိုက်သည်။

သူ၏လက်ခုပ်သံအဆုံးဝယ် အနက်ရောင်ဝတ်ဆင်ထားသူက လူတစ်ယောက်အား တွန်းထိုးခေါ်ဆောင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူများ ခေါ်ဆောင်လာသူမှာ ကွမ်းကြုံးအိ ဖြစ်နေသည်ကို တွေ့ရသည်။

ကွမ်းကြုံးအိ၏မျက်နှာမှာ ညိုမည်းဖူးရောင်နေလေသည်။

ကွမ်းကြုံးအိမှာလည်း ကွမ်းကြုံးအော့ကို မြင်လျှင် ထိတ်လန့်တုန်လှုပ်သွားလေသည်။

"ညီလေး"

"အစ်ကိုကြီး"

ပြိုင်တူခေါ်လိုက်မိသည်။

ကွမ်းကြုံးအိက ကွမ်းကြုံးအော့ထံ ပြေးသွားရန် ဟန်ပြင်လိုက်လေသည်။

သို့သော် အနက်ရောင်ဝတ်ဆင်ထားသူများက ဓားကိုယ်စီဖြင့် ချိန်ရွယ်ထားလိုက်ခြင်းကြောင့် နှစ်ယောက်စလုံး မလှုပ်သာဘဲ ဖြစ်သွားကြသည်။

ကျားယန့် သဘောကျစွာ ပြုံးလိုက်သည်။

ကွမ်းကြုံးအော့ကို ကြည့်ကာ…

"မင်းရဲ့အစ်ကိုလဲ ငါ့လက်ထဲ ရောက်နေပြီလေ၊ မင်း ဘာတတ်နိုင်သေးလဲ"

ဟုမေးလိုက်သည်။

ကွမ်းကြုံးအော့ အံကြိတ်ကာ မျက်နှာလွှဲထားလိုက်သည်။

မှန်ပေသည်။

သူတို့ညီအစ်ကိုနှစ်ယောက်စလုံး ကျားယန့်၏ လက်တွင်းသို့ ကျရောက်နေပြီ မဟုတ်ပါလား။

ကျားယန့် ပြုသမျှ ခံရတော့မည့် အခြေအနေ ရောက်နေချေပြီ။

ကွမ်းကြုံးအိမှာ တွန်းတွန်းထိုးထိုးဖြင့် ကွမ်းကြုံးအော့ဘေးသို့ ရောက်ရှိလာသည်။

ကွမ်းကြုံးအော့က…

"အစ်ကိုကြီး ဘယ်လိုနေသေးလဲ"

ကြင်နာစွာ လှမ်းမေးလိုက်သည်။

ကွမ်းကြုံးအိ ခေါင်းယမ်းလိုက်သည်။

"ငါ့အတွက် ဘာမှမပူနဲ့၊ ငါ ဘာမှမဖြစ်ဘူး"

ဟုလည်း ခပ်သွက်သွက် ပြောလိုက်သည်။

ကွမ်းကြုံးအော့က…

"ကျားယန့်က လူယုတ်မာဗျ၊ ဟန်လုံ မရှိတုန်း ကြယ်ပျံအာ



မခံဌာနကို အပိုင်စီးဖို့ ကြံစည်နေတာဗျ"

ဟုရှင်းပြလေသည်။

ကွမ်းကြုံးအိ အံ့သြသွားသည်။

ကျားယန့်ကို လှမ်းကြည့်လိုက်သည်။

ကျားယန့် ရယ်မောလိုက်၏။

"ဟား…ဟား…ဟား၊ မင်းတို့ ကြိုက်သလို ပြောနိုင်တယ်၊ မင်းတို့ ငါ့လက်ထဲ ရောက်နေပြီပဲ၊ မင်းတို့ ဘာတတ်နိုင်ဦးမှာလဲ"

ကွမ်းကြုံးအိ ဒေါပွသွားသည်။

"လူယုတ်မာကြီး၊ ခင်ဗျားက မဟုတ်မဟပ်တွေ လုပ်ချင်လို့ ကျုပ်တို့ကို စမ်းသပ်တယ်လေး ဘာလေးနဲ့ ဒုက္ခပေးဖို့ ကြိုးစားနေတာကိုး"

ဟုမကျေမနပ် လှမ်းပြောလိုက်သည်။

ကျားယန့်က…

"ဘာပဲဖြစ်ဖြစ် မင်းတို့နှစ်ယောက် ငါ့လက်ထဲ ရောက်နေပြီ၊ ငါခိုင်းတာ လုပ်ရတော့မယ်"

ကွမ်းကြုံးအော့က အော်ပြောလိုက်၏။

"လူယုတ်မာကြီး၊ ခင်ဗျားခိုင်းတာ ဘယ်တော့မှ မလုပ်ဘူးဆိုတာ မှတ်ထား"

"မင်း ဘာမှ မတတ်နိုင်ပါဘူးကွာ၊ ငါခိုင်းတာ မလုပ်ရင် မင်းရဲ့အစ်ကိုကို ငါသတ်ပစ်လိုက်မှာပေါ့"

"ထွီ"

ကွမ်းကြိုးအော့က တံတွေးဖြင့် လှမ်းထွေးလိုက်သည်။

ကျားယန့်၏မျက်နှာ မည်းမှောင်သွားသည်။

ကွမ်းကြိုးအော့အား စေ့စေ့ကြည့်ကာ…

"ကွမ်းကြိုးအော့၊ မင်းက ငါ့ကို မုန်းနေသလို ငါကလဲ မင်းကို ကြည့်လို့ မရဘူးဆိုတာ မှတ်ထားပါ၊ မင်းကို ငါက စမ်းသပ်မယ်၊ မိတ်ဆွေစစ် ဟုတ်မဟုတ် တကယ့်ကို စမ်းသပ်တော့မှာ"

ပြောပြီးလျှင် အနက်ရောင်ဝတ်ဆင်ထားသူများဘက် လှည့်ကာ လက်ဝှေယမ်းပြလိုက်ပြီး…

"ဟော့ ကွမ်းကြိုးအိကို သတ်ပစ်လိုက်စမ်း"

ဟုလှမ်း၍ အမိန့်ပေးလိုက်သည်။

သူ၏စကားကြားလျှင် အနက်ရောင်ဝတ်ဆင်ထားသူများ ဓားကိုယ်စီဆွဲထုတ်ကာ ကွမ်းကြိုးအိ အနား ချဉ်းကပ်သွားကြတော့သည်။

ကွမ်းကြိုးအော့ မျက်နှာပျက်သွားသည်။

"မလုပ်နဲ့"

ကပျာကယာ လှမ်းပြီး တားလိုက်လေသည်။

ကျားယန့် ရယ်မောလိုက်သည်။

"ဟား..ဟား..ဟား၊ ဘယ်လိုလဲ၊ မင်းက ငါ့စကားကို နားထောင်တော့မယ် မဟုတ်လား"

ဟုအောင်နိုင်သော အသံဖြင့် မေးလိုက်လေသည်။

ကွမ်းကြိုးအော့ ခေါင်းငိုက်စိုက်ကျသွား၏။



သူက ငြင်းဆန်လိုက်လျှင် ကွမ်းကြိုးအိအား သတ်ပစ်တော့မည် ဖြစ်ပေသည်။

မည်သို့ ရွေးချယ် ဆုံးဖြတ်ရမည်နည်း။

ထိုစဉ် ကွမ်းကြိုးအိ၏စကားသံ ထွက်ပေါ်လာသည်။

"ကျုပ်တို့ကို သတ်ချင်ရင် သတ်ပစ်လိုက်၊ ကျုပ်တို့ကတော့ အရှုံးပေး ဒူးထောက်မယ် မထင်နဲ့"

ကွမ်းကြိုးအော့က အစ်ကို ဖြစ်သူအား အထိတ်တလန့် လှမ်းကြည့်လိုက်သည်။

ကျားယန့်က ကွမ်းကြိုးအော့ဘက်သို့ လှည့်ကာ…

"ဘယ်လိုလဲ သူကတော့ သေချင်နေပြီ၊ မင်းကကော"

ဟုမေးလေသည်။

ကွမ်းကြိုးအော့ အံကြိတ်လိုက်သည်။

"ကောင်းပြီ၊ ခင်ဗျား သတ်ချင်တယ်ဆိုရင် ကျုပ်တို့ညီအစ်ကိုနှစ်ယောက်ကို သတ်ပစ်လိုက်ပါ၊ ကျုပ်တို့အတွက် ရှောင်လီက သွေးကြွေးတောင်းပါလိမ့်မယ်"

ကျားယန့်က မဲ့ပြုံးပြုံးလိုက်သည်။

"ဩော် မင်းက ရှောင်လီကို အားကိုးနေတာကိုး၊ ရှောင်လီက မင်းတို့ကို လှည့်မကြည့်တော့ဘူးဆိုတာ မှတ်ထားစမ်းပါ"

"ခင်ဗျားပြောချင်သလိုပြော၊ ကျုပ်တို့ကို ထိတာနဲ့ ရှောင်လီကခံမှာ မဟုတ်ဘူးဆိုတာ ကျုပ်တို့ ယုံကြည်တယ်"

ကွမ်းကြိုးအော့က ခပ်ပြတ်ပြတ်ပင် ပြောလိုက်လေသည်။

ကျားယန့်က…

"ဟား…ဟား…ဟား၊ မင်းကသာ ရောင်လီကို ယုံကြည်နေ၊ သူက ငါတို့နဲ့ ပူးပေါင်းလိုက်ပြီကွ"

ကွမ်းကြိုးအော့က ပါးစပ်ပိတ်ထားလိုက်သည်။

ကျားယန့်က…

"ကောင်းပြီ၊ ရောင်လီ ကိစ္စ ဘေးဖယ်ထားလိုက်ပါ၊ မင်းတို့ နှစ်ယောက် အသေခံမလား၊ ငါ့ကို သစ္စာခံမလား"

ကွမ်းကြိုးအော့က…

"ကျုပ်ပြောပြီးပြီပဲ၊ ထပ်ပြောစရာ မလိုတော့ပါဘူးဗျာ"

"စိတ်ချ၊ မင်းတို့နှစ်ယောက်လုံးက သေချင်ပေမယ့် ငါက နှစ်ယောက်စလုံးကို မသတ်ဘူးကွ"

ထိုစကားကြားလျှင် ကွမ်းကြိုးညီနောင် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြလေသည်။

ကျားယန့် ဆိုလိုသည့် စကားကို သူတို့ နားလည်သဘော ပေါက်မိကြသည် မဟုတ်ပါလား။

ကျားယန့်သည် သူတို့နှစ်ယောက်အနက် တစ်ယောက်ကို နှိပ်စက်ညှဉ်းပန်း သတ်ဖြတ်မည် ဖြစ်ပြီး ကျန်တစ်ယောက်ကို သည် အတိုင်း ထိုင်ကြည့်ခိုင်းထားမည် ဖြစ်သည်။

ကွမ်းကြိုးညီနောင် ဒေါသခြောင်းခြောင်း ထွက်သွား၏။

ကျားယန့်က…

"ကွမ်းကြိုးအော့၊ မင်းအစ်ကို ဘယ်လိုဒုက္ခဝေဒနာ ခံစားပြီး



မှ သေသွားရတယ်ဆိုတာ မင်းကြည့်ထားပါ"

စကားဆုံးလျှင် အနက်ရောင်ဝတ်ဆင်ထားသူများအား လက်ဝှေ့ယမ်းပြလိုက်၏။

အနက်ရောင်ဝတ်ဆင်ထားသူများမှာ ကွမ်းကြိုးအိအား နှိပ်စက်ရန် အသင့်ပြင်လိုက်ကြသည်။

"မလုပ်နဲ့"

ကွမ်းကြိုးအော့ အထိတ်တလန့် အော်ပြောလိုက်သည်။

အစ်ကိုဖြစ်သူအား မျက်စိရှေ့မှောက်ဝယ် နှိပ်စက်ညှဉ်းပန်း ကာ သုတ်သင်ပစ်လိုက်သည်ကို ဘယ်နည်းနှင့်မျှ သူကြည့်နေနိုင် မည် မဟုတ်ပါချေ။

ကျားယန့်က…

"မင်း ဘာပြောချင်လို့လဲ"

မျက်မှောင်ကုတ်ကာ လှမ်းမေးလိုက်၏။

ကွမ်းကြိုးအော့က ခပ်သွက်သွက်ပင် ပြောချလိုက်သည်။

"သူနဲ့ ကျုပ်နေရာချင်းလဲပါရစေဗျာ"

သူ၏စကားသံတွင် တောင်းပန်တိုးလျှိုးသည့် သဘောမျိုး ပါဝင်သွားသည်။

ကျားယန့်က သဘောကျစွာ ပြုံးလိုက်သည်။

ကွမ်းကြိုးအော့ကို အထင်သေးသည့် အကြည့်မျိုး ကြည့် ကာ မေးလိုက်သည်။

"နေရာချင်းလဲမယ် ဟုတ်လား"

"ဟုတ်တယ်"

"မင်းတို့ညီအစ်ကို နေရာချင်း လဲမယ်ဆိုတော့ မင်းက အသေခံမယ်ပေါ့"

"ဟုတ်တယ်"

ကွမ်းကြိုးအော့က ဆုံးဖြတ်ချက်ချပြီးဟန်ဖြင့် ခိုင်မာစွာ ပြောလေသည်။

ကျားယန့် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ မင်းသဘောကျ ဖြစ်စေရမှာပေါ့၊ ဒါပေမယ့် သူသဘောတူဖို့တော့ လိုလိမ့်မယ်"

ကွမ်းကြိုးအိဘက် ညွှန်ပြရင်း ပြောလိုက်သည်။

ကွမ်းကြိုးအော့က ကြားဖြတ်အော်လိုက်သည်။

"မလိုဘူး၊ သူနဲ့ ကျုပ်ကို နေရာချင်း လဲပေးပါ"

ကျားယန့်က သူ့အား အရေးမစိုက်ဘဲ ကွမ်းကြိုးအိကို ကြည့်လိုက်သည်။

ကွမ်းကြိုးအိ မျက်နှာပျက်သွားသည်။

ဦးခေါင်းတွင်တွင် ခါယမ်းလိုက်ပြီး...

"မလုပ်နဲ့၊ ခင်ဗျားတို့ သတ်ချင်တယ်ဆိုရင် ကျုပ်ကို သတ်ပစ်လိုက်ပါ၊ ကျုပ်ညီကို ချမ်းသာပေးပါ"

ဟုပြောလိုက်သည်။

ကျားယန့် ပခုံးတွန့်လိုက်သည်။

"မင်းတို့နှစ်ယောက်က ဘယ်လိုလဲ၊ ကျုပ်ကို အရူးလုပ်နေ



ကြတာလား"

"ကျုပ်ကို သတ်ပါ"

"မဟုတ်ဘူး၊ ကျုပ်ကို သတ်ပါ"

ကွမ်းကြိုးအိနှင့် ကွမ်းကြိုးအော့တို့ ပြိုင်တူ အော်ပြော လိုက်ကြလေသည်။

ကျားယန့် သက်ပြင်းချလိုက်သည်။

ကွမ်းကြိုးညီနောင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး...

"ကဲ ကျုပ်ကပဲ ဆုံးဖြတ်ပေးပါ့မယ်"

ပြောပြီး ကွမ်းကြိုးအော့အား ကြည့်လိုက်သည်။

"မင်းအစ်ကို သေသွားမှာကို မင်း မလိုလားဘူး ဟုတ်လား"

ကွမ်းကြိုးအော့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဟင်း...ဟင်း၊ ငါက သူ့ကို ချက်ချင်းသေအောင် လုပ်မှာ မဟုတ်ဘူးကွ၊ တဖြည်းဖြည်း ညှဉ်းပန်းနှိပ်စက်ဦးမှာ"

"မလုပ်နဲ့"

ကျားယန့်က သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဟား...ဟား...ဟား၊ မင်း မကြည့်ရက်ဘူး မဟုတ်လား၊ ကောင်းပြီ၊ မင်းတို့နှစ်ယောက်စလုံးအတွက် တစ်ခုတည်းသော ထွက်ပေါက်ဟာ ငါ့စကား နားထောင်ဖို့ပဲ"

ကွမ်းကြိုးအိနှင့် ကွမ်းကြိုးအော့တို့ပါ တုတ်တုတ်မျှ မလှုပ်

ဘဲ ငြိမ်နေကြလေသည်။

သူတို့ တွေဝေနေကြပြီ ဖြစ်ကြောင်း ကျားယန့် နားလည်လိုက်သည်။

ကျားယန့်က…

"မင်းတို့ ဘယ်လိုသဘောရလဲ"

ဟုမေးလိုက်လေသည်။

ကွမ်းကြုံးအိက အံကြိတ်ကာ…

"ကျုပ်ကို သတ်ပစ်လိုက်ပါ"

ဟုအော်ပြောလိုက်လေသည်။

ကွမ်းကြုံးအော့လည်း လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

"ကျုပ်ကိုလဲ သတ်ပစ်လိုက်ပါ"

အော်ပြောလေသည်။

ကျားယန့် ခေါင်းယမ်းလိုက်သည်။

"မင်းတို့ ခိုင်းတိုင်း ငါ မလုပ်နိုင်ဘူး၊ ငါလုပ်ချင်သလို လုပ်ရမှာပဲ၊ မင်းတို့နှစ်ယောက် ငါ့စကား နားမထောင်မချင်းဆိုပါတော့"

ပြောပြီး ကွမ်းကြုံးအိ အနီးသို့ လှမ်းသွားလေသည်။

ကွမ်းကြုံးအိက သူ့အား စိုက်ကြည့်နေ၏။

ကွမ်းကြုံးအော့ မျက်နှာပျက်သွားသည်။

"ခင်ဗျား ဘာလုပ်မလို့လဲ"

အထိတ်တလန့် အော်မေးလေသည်။

ကျားယန့်က လှည့်ပင် မကြည့်ဘဲ…



"မင်း ပွဲကြီးပွဲကောင်းတစ်ခု တွေ့ရမယ်လေ၊ ငါက သူ့ကို နှိပ်စက်မလို့ကွ"

သူသည် ကွမ်းကြုံးအိ အနီးသို့ ရောက်ရှိသွားပြီ ဖြစ်သည်။

လက်တစ်ဘက်လွှဲကာ ကွမ်းကြုံးအိ၏မျက်နှာကို ဖြတ်ရိုက်ချလိုက်သည်။

သူ၏လုပ်ရပ်ကား လျင်မြန်လွန်းလှသည်။

"ဖြန်း"

မြည်သံတစ်ချက် ထွက်ပေါ်လာပြီး ကွမ်းကြုံးအိ ချာခနဲလည်ထွက်သွားလေသည်။

ကွမ်းကြုံးအော့ မျက်လုံးပြူးသွားသည်။

ဒေါသကြောင့် အံတင်းတင်းကြိတ်လိုက်၏။

ကျားယန့်က ကွမ်းကြုံးအော့ဘက်သို့ လှည့်ကြည့်လိုက်ပြီး

"ပထမဆုံး သူ့ရဲ့လက်ချောင်းလေးတွေကို ငါက ချိုးပစ်လိုက်မယ်လေ၊ ပြီးမှ သူ့ရဲ့ခြေလက်တွေကို ဖြတ်ပစ်လိုက်မယ်"

စကားဆုံးလျှင် ကွမ်းကြုံးအိဘက် ပြန်လှည့်လိုက်၏။

သူက ပြောသည့်အတိုင်း လုပ်မည်ဖြစ်ကြောင်း ထင်ရှားလှပေသည်။

ကွမ်းကြုံးအော့ ထိတ်လန့်သွားသည်။

"မလုပ်နဲ့"

လှမ်းပြီး အော်ပြောလိုက်၏။

ကျားယန့်က ကွမ်းကြုံးအော့ဘက်သို့ ပြန်လှည့်ကာ…

"မင်းက ငါ့စကား နားထောင်တော့ မလို့လား"

"ဟုတ်တယ်"

သူ၏စကားကြားလျှင် ကွမ်းကြိုးအိ မျက်လုံးပြူးသွား၏။

ကွမ်းကြိုးအော့ကို လှမ်းကြည့်ကာ...

"ညီလေး..မင်း..မင်း ဘယ်လိုဆုံးဖြတ်လိုက်တာလဲ၊ ငါတို့အသက် သေချင်သေပါစေ သူ့စကား နားမထောင်နိုင်ဘူး၊ ဟန်လုံအပေါ် သစ္စာမဖောက်နိုင်ဘူးကွ"

ဟုပြောလိုက်သည်။

ကွမ်းကြိုးအော့ ခေါင်းယမ်းလိုက်သည်။

"သူက အစ်ကိုကြီးကို နှိပ်စက်ညှဉ်းပန်းပြီး သတ်ဖြတ်ပစ်မှာကို ကျုပ်မကြည့်နိုင်ဘူးဗျ"

ကျားယန့်သည် ကွမ်းကြိုးအော့ စိတ်သဘောထား ပြောင်းသွားမည်ကို စိုးရိမ်သဖြင့်...

"မင်းပါးစပ်ပိတ်ထားလိုက်စမ်း"

အော်ငေါက်ကာ ပါးရိုက်ချလိုက်သည်။

ဖြန်းခနဲမြည်သံနှင့်အတူ ကွမ်းကြိုးအိ၏ နှုတ်ခမ်းများပေါက်ပြဲကာ သွေးများ စီးကျလာသည်။

ရှေ့ဆက်စကား မပြောနိုင်တော့ချေ။

ကျားယန့်က ကွမ်းကြိုးအော့ဘက်လှည့်ကာ ပြုံးပြလိုက်လေသည်။

"မင်း ငါ့စကား နားထောင်မယ်ဆိုရင် မင်းအတွက် ဘာမှ



မနစ်နာစေရဘူး၊ မင်းတို့ညီအစ်ကိုနှစ်ယောက်စလုံးကို ငါက လွှတ်ပေးလိုက်မှာပါကွာ"

"ဘာဗျ"

"မင်းတို့ကို လွှတ်ပေးမယ်လို့ ငါကတိပေးတယ်"

"ဒါ..ဒါဖြင့် ခင်ဗျားရဲ့စကား နားထောင်ရမယ်ဆိုတာ ဘာလဲ"

ကွမ်းကြိုးအော့ နားမလည်နိုင်စွာ မေးလေသည်။

ကျားယန့်က...

"လွယ်ပါတယ်၊ မင်းတို့ညီအစ်ကိုနှစ်ယောက်က ရှောင်လီကို သုတ်သင်ပစ်ရမယ်"

"ဗျာ"

ကွမ်းကြိုးအော့ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ကျားယန့်အား မျက်လုံးပြူးကာ ကြည့်လိုက်သည်။

ကျားယန့်က...

"မင်းတို့ညီအစ်ကိုနှစ်ယောက်စလုံး ဘာမှ မဖြစ်စေရဘူးလို့ ငါတာဝန်ယူတယ်၊ မင်းတို့ ငါ့စကား နားမထောင်ဘူးဆိုရင်တော့ ဘယ်လို အခြေအနေမျိုး ကြုံတွေ့ရမယ်ဆိုတာ မင်းတို့ သိပါတယ်"

ဟုခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

ကွမ်းကြိုးအော့က...

"ရှောင်လီကို ခင်ဗျား ဘာကြောင့် ရှင်းပစ်ချင်တာလဲ"

ကျားယန့်က ပြုံးလိုက်သည်။

"ရှောင်လီဟာ ဉာဏ်ကောင်းတယ်၊ သိုင်းပညာလဲ မခေဘူး၊ ကြယ်ပုံအာမခံဌာနကို ငါက အပိုင်စီးဖို့ ကြံစည်နေတယ်ဆိုတာ သူသိသွားရင် ငါ့အတွက် မလွယ်ဘူးလေကွာ၊ ဒါကြောင့် သူ့ကို ရှင်းပစ်ဖို့ အရေးကြီးလာတာပေါ့"

ကွမ်းကြိုးအော့ ခေါင်းခါယမ်းလိုက်သည်။

"ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်တို့ ဘာမှ တတ်နိုင်မှာ မဟုတ်ပါဘူး"

"ဘာကွ"

ကွမ်းကြိုးအော့ ပါးစပ်ပိတ်ထားလိုက်လေသည်။

ကျားယန့် မျက်မှောင်ကုတ်သွားပြီး...

"မင်းက ငါ့စကား နားမထောင်ဘူးပေါ့ ဟုတ်လား"

ကွမ်းကြိုးအော့က...

"ခင်ဗျားရဲ့ အစီအစဉ်ဟာ ဘယ်လိုလဲဆိုတာ ပြောပြဦးမှပေါ့"

ကျားယန့်က လက်ကာပြလိုက်သည်။

"ငါ့ရဲ့ အစီအစဉ်ကို နောက်တော့ မင်းတို့ သိလာရမှာပေါ့၊ ငါ့စကားကို နားထောင်ပြီး ငါခိုင်းတာ လုပ်မယ်မလုပ်ဘူး ဆိုတာသာ ပြောပါ"

ကွမ်းကြိုးအော့က ကွမ်းကြိုးအိကို လှမ်းကြည့်လိုက်သည်။

ကွမ်းကြိုးအိက...

"သဘောမတူနဲ့ ညီလေး၊ ရှောင်လီဟာ ငါတို့အပေါ်မှာ



ကျေးဇူးရှိတယ်၊ သူ့ကို သစ္စာဖောက်လို့ မဖြစ်ဘူး"

ဟုပြောလိုက်သည်။

ရှောင်လီ၏မျက်နှာကိုလည်း ကွက်ခနဲ မြင်ယောင်လာမိလေသည်။

ရှောင်လီသည် သူတို့၏ကျေးဇူးရှင် ဖြစ်ခဲ့ဖူးသည် မဟုတ်ပါလား။

ကွမ်းကြိုးအိက...

"ညီလေး...တို့ အသက်သေချင်သေပါစေ၊ ရှောင်လီအပေါ် သစ္စာမဖောက်ပါနဲ့"

ကျားယန့် မျက်နှာတင်းမာသွားလေသည်။

ကွမ်းကြိုးအိအား ရိုက်ချရန် လက်ဟန်ပြင်လိုက်၏။

"မလုပ်နဲ့"

ကွမ်းကြိုးအော့က ကပျာကယာ လှမ်းပြောလိုက်သည်။

ကျားယန့်က လှည့်ကြည့်လိုက်သည်။

ကွမ်းကြိုးအော့က...

"ခင်ဗျားပြောတာ ကျုပ်သဘောတူတယ်၊ ရှောင်လီကို သုတ်သင်ပြီးရင် ကျုပ်တို့ညီအစ်ကိုကို လွှတ်ပေးရမယ်"

ကွမ်းကြိုးအိ ထိတ်လန့်သွားသည်။

"ညီလေး၊ မင်း ဘယ်လို ဆုံးဖြတ်လိုက်တာလဲ"

ကွမ်းကြိုးအော့က အရေးမစိုက်ဘဲ...

"ခင်ဗျား ဘယ်လိုသဘောရလဲ"

ကျားယန့်အား မေးလိုက်သည်။

ကျားယန့်က…

"မင်းသဘောတူရင် ပြီးတာပဲ၊ ရှောင်လီ သေသွားရင် မင်းတို့နှစ်ယောက်ကို လွှတ်ပေးမယ်"

ကွမ်းကြုံးအော့က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ ကျုပ်သဘောတူတယ်"

"ဟား…ဟား…ဟား"

ကျားယန့်၏ရယ်မောသံကြီးက ကျယ်လောင်စွာ ထွက်ပေါ် လာလေတော့သည်။

♠ ♠ ♠



ရှောင်လီ သက်ပြင်းချလိုက်သည်။

ချောင်းကြည့်ပေါက်မှတာကာ မိန်းကလေးဘက် လှည့်လိုက်လေသည်။

မိန်းကလေး၏မျက်နှာ ပြုံးရွှင်နေ၏။

သူမကိုယ်တိုင်လည်း နံရံဖောက်ထားသော အပေါက်ကလေးမှတစ်ဆင့် တစ်ဘက်အခန်းတွင်းသို့ ချောင်းကြည့်ခဲ့ကြောင်း ထင်ရှားလေသည်။

ရှောင်လီ သက်ပြင်းချသံကြားလျှင် မိန်းကလေးက…

"ဘယ်လိုလဲ ရှင်က သူတို့အပေါ် ကောင်းခဲ့ပေမယ့် သူတို့က ရှင့်အပေါ် မကောင်းကြပါလားရှင်"

ဟုမေးလာလေသည်။

ရှောင်လီ ပခုံးတွန့်လိုက်သည်။

"သူတို့မှာ အပြစ်မရှိပါဘူးဗျ"

"ဘာရှင့်"

"ခင်ဗျားသာ သူတို့ နေရာမှာ ရောက်နေမယ်ဆိုရင် ခင်ဗျား ဘယ်လိုဆုံးဖြတ်မလဲ"

မိန်းကလေး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ရှင်က သူတို့ရဲ့ ဆုံးဖြတ်ချက် မှန်တယ်လို့ ယူဆရင် ကျွန်မ ပြောစရာ ရှိတယ်"

"ပြောပါ"

"အခု ရှင်အဆိပ်မိထားတယ် မဟုတ်လား"

"ဟုတ်တယ်လေ"

"ရှင့်ကို အဆိပ်ဖြေဆေးပေးမယ်၊ ရှင် ဘာမှ မဖြစ်စေရဘူး လို့လဲ အာမခံတယ်၊ ရှင့်ကို ဘယ်သူမှလဲ ဒုက္ခမပေးစေရဘူး"

ရောင်လီ ပြုံးလိုက်သည်။

"ခင်ဗျားက ကျုပ်ကို အသုံးချမယ်လို့ စိတ်ကူးထားတယ် ဆိုရင် ဘယ်လို အသုံးချချင်တယ်ဆိုတာ ပွင့်ပွင့်လင်းလင်း ပြောပါ ဗျာ"

မိန်းကလေးကလည်း ရယ်မောလိုက်သည်။

"ရှင့်ကို လိမ်လို့ မရဘူးဆိုတာ ကျွန်မသိပါတယ်၊ ကဲ ရှင်က သူတို့နှစ်ယောက်နဲ့ ကျားယန့်ကို ရှင်းပစ်လိုက်ပါ၊ ရှင့်ကို အဆိပ်ဖြေ ဆေးပေးမယ်"

"ကျုပ်က လက်မခံဘူးဆိုရင်ကော"

"ရှင့်အတွက် အဆိပ်ဖြေဆေး မရနိုင်ဘူးပေါ့ရှင်"

ရောင်လီ ခေါင်းယမ်းလိုက်သည်။

"ကျုပ်က အဆိပ်ဖြေဆေး မလိုချင်တော့ပါဘူးဗျာ"

"ရှင် တကယ် မလိုချင်ဘူး ဟုတ်လား"

"ကျုပ် ဘာကြောင့် လိမ်ပြောရမှာလဲ"

"သူတို့က ရှင့်အပေါ် မကောင်းကြံကြပေမယ့် ရှင်က ဘာ ကြောင့် သူတို့ကို ညှာနေရသေးတာလဲ"

ရောင်လီက တည်ကြည်သော မျက်နှာထားဖြင့် ရှင်းပြ လိုက်လေသည်။



"ကျုပ်က တစ်ယောက်တည်း၊ သူတို့က နှစ်ယောက်လေ ဗျာ၊ ကျုပ်အတွက် သံယောဇဉ်ဆိုတာ ဘာမှမရှိဘူး၊ သူတို့ကတော့ တစ်ယောက်ကိုတစ်ယောက် ငဲ့ညှာရမယ် မဟုတ်လား၊ ညီအစ်ကို အပေါ်မှာ ပိုပြီးသစ္စာပျက်ကြမှာ မဟုတ်ပါဘူး၊ ကျုပ်က ဘာ ကြောင့် ခွင့်မလွှတ်နိုင်ရမှာလဲဗျာ"

မိန်းကလေးက...

"ရှင် သဘောထားကြီးလှပါတယ်၊ ဒါပေမယ့် ရှင့်အတွက် အကျိုးများစရာလမ်း မရှိဘူးဆိုတာ ထည့်တွက်ဦးလေရှင်"

"ကျုပ်ကိုယ်ကျုပ် ဘယ်တော့မှ ရှေ့တန်းမတင်ဘူး၊ ဘယ် တုန်းကမှလဲ ရှေ့တန်းမတင်ခဲ့ဘူး၊ ကျုပ်အတွက် ဘာဆိုဘာမှ အရေး ကြီးတယ်လို့ မသတ်မှတ်ဘူး၊ တစ်ခုပဲ ရှိတယ်၊ ကျုပ်ဟာ မိတ်ဆွေ အတွက် အသက်စွန့်နိုင်တယ်ဆိုတာပါပဲ"

မိန်းကလေး သက်ပြင်းချလိုက်သည်။

"အင်း ရှင်က သူတို့နှစ်ယောက်အတွက် အသက် အသေခံ ဝံ့တယ်ဆိုတာ ကျွန်မ စမ်းသပ်ကြည့်ပြီးမှ ယုံနိုင်မယ်"

"ခင်ဗျား ဘယ်လိုစမ်းသပ်ကြည့်ချင်လို့လဲ"

မိန်းကလေးက လက်ဝှေ့ယမ်းပြလိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူတစ်ယောက်သည် လင်ပန်း တစ်ချပ် ကိုင်ဆောင်ကာ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေ သည်။

ထိုလူ ယူဆောင်လာသည့် လင်ပန်းတွင် အရက်ခွက်တစ်ခု

ပါလာသည်ကို တွေ့မြင်ရ၏။

ခွက်ထဲ၌ အရက် အပြည့် ရှိနေသည်။

ရောင်လီ မဲ့ပြုံးပြုံးကာ...

"ကျုပ်ကို စမ်းသပ်မယ်ဆိုတာ အရက်တိုက်မလို့လားဗျ"

ဟုမေးလိုက်လေသည်။

မိန်းကလေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် အရက်က အဆိပ်ခတ်ထားတယ်၊ ရှင့်ရဲ့ခန္ဓာကိုယ်ထဲ ရောက်နေတဲ့ အဆိပ်နဲ့ အရက်ထဲမှာ ပါတဲ့ အဆိပ်ဟာ လုံးဝမတည့်ကြဘူးလေ၊ ရှင်က အရက်သောက်လိုက်တာနဲ့ သေသွားရမှာပဲ"

"ကျုပ်က အရက်သောက်ရမယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ ရှင်က အဆိပ်အရက်ကို သောက်လိုက်ပါ။ ရှင်သောက်ဝံ့တယ်ဆိုရင် ကွမ်းကြိုးညီနောင်ကို ချမ်းသာပေးလိုက်ပါ့မယ်"

"ကျုပ်နဲ့ ကွမ်းကြိုးညီနောင်ကို လဲလိုက်တဲ့ သဘောပေါ့"

"ဟုတ်တယ်၊ ဘယ့်နှယ်လဲ၊ ရှင်သောက်ဝံ့ပါ့မလား"

မိန်းကလေးက လင်ပန်းကိုင်ထားသူအား ခေါင်းညိတ်ပြလိုက်၏။

လင်ပန်းကိုင်ထားသူလည်း ရောင်လီရှေ့သို့ လှမ်းသွားပြီး ရပ်နေလိုက်သည်။

ရောင်လီ ပြုံးလိုက်သည်။



မိန်းကလေးကို လှမ်းကြည့်လိုက်ပြီး...

"ခင်ဗျား ကတိတည်ပါစေဗျ"

ဟုပြောလိုက်လေသည်။

မိန်းကလေးက...

"စိတ်ချ ရှင်သာ စိတ်ချလက်ချ သောက်ပါရှင်"

"ကောင်းပြီ"

ရောင်လီက အရက်ခွက်ကို ဆတ်ခနဲ လှမ်းယူကာ မော့ချလိုက်လေသည်။

မိန်းကလေး၏မျက်နှာတွင် အံ့ဩသည့် အရိပ်အယောင်များ ပေါ်လွင်လာသည်။

ဘက်ပြင်းချရင်း...

"အင်း ရှင်ဟာ မိတ်ဆွေအတွက် အသက်စွန့်ရဲတယ်ဆိုတာ အမှန်ပဲကိုး၊ ဒါပေမယ့် ရှင်သေသွားရတော့မှာပဲ"

ဟုညည်းညည်းညူညူဆိုလေသည်။

ရောင်လီ ပြုံးလိုက်သည်။

"ကျုပ်က..အခု.."

စကားဆုံးအောင် မပြောနိုင်ခဲ့ပါချေ။

ရုတ်တရက် ရင်ဝ၌ ထိုး၍ အောင့်တက်လာသည်။

ပြင်းပြစူးရှသော ဝေဒနာတစ်ရပ် ဖြစ်ပေါ်လာပြီး တစ်ကိုယ်လုံး ပုံ့နှံ့သွားလေသည်။

အမှတ်တမဲ့မို့ ရောင်လီ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား

လေသည်။

မျက်နှာလည်း ရှုံ့မဲ့သွားလေသည်။

မိန်းကလေးက စိတ်မကောင်းသော လေသံဖြင့်...

"ကျွန်မမှာ ဖြေဆေးရှိရင် ရှင့်ကို အခုချက်ချင်း ပေးလိုက်ချင်ပါတယ်၊ အဆိပ်ကြောင့် ရှင်သေသွားမှာကို မကြည့်ရက်ပါဘူးရှင်၊ ဒါပေမယ့် ရှင်ဟာ မတည့်တဲ့ အဆိပ်ပြင်းနှစ်မျိုးတောင် မိထားပြီဆိုတော့ ဝေဒနာခံစားရရင်လဲ ခဏပါပဲ၊ ရှင်သေသွားမှာပါ"

ရောင်လီက မိန်းကလေးအား စိုက်ကြည့်နေသည်။

သူ၏မျက်လုံးများ ပြာဝေလာသည်။

မိန်းကလေး၏စကားသံကို မကြားတစ်ချက် ကြားတစ်ချက်ဖြစ်သွား၏။

ပြင်းပြနာကျင်သော ဝေဒနာများ သက်သာပျောက်ကင်းသွားလေသည်။

သို့သော် တစ်ကိုယ်လုံး ခံစားချက် ကင်းမဲ့ကာ ထုံကျဉ်နေ၏။

ထိလျက်ထိမှန်း မသိ နာ၍နာမှန်းပင် မသိတော့ပါ။

ထို့အပြင် အသက်ရှုကျပ်လာသည်။

အတော်ကလေး ကြိုးစားပြီးမှ အသက်တစ်ချက် ရှုနိုင်လေသည်။

ကြာလေကြာလေ အသက်ရှု ခက်လာလေပင်။

အသက်ရှုကျပ်လာသည်နှင့်အမျှ ဦးခေါင်းထဲ မူးနောက်ရီ



ဝေလာသည်။

"ကျုပ်.."

စကားပြောရန် ကြိုးစားလိုက်သော်လည်း ဗလုံးဗထွေး စကားသံသာ ထွက်ပေါ်လာသည်။

အာခေါင်ခြောက်ကာ လျှာလေးနေ၏။

ရုတ်တရက် ခန္ဓာကိုယ်တွင်းမှ ခွန်အားများ ရုတ်ခြည်းကွယ်ပျောက်သွားသည်ဟု ခံစားလိုက်ရသည်။

ဒူးများ ကွေးညွတ်ကာ ကြမ်းပြင်ပေါ် ခွေခနဲ လဲကျသွားသည်။

ခန္ဓာကိုယ်နှင့် ကြမ်းပြင် ထိတွေ့မိလိုက်ချိန်ဝယ် အသိတရားမှာ သူ၏ခန္ဓာကိုယ်မှ ဖယ်ခွာသွားတော့၏။

♠ ♠ ♠

ပေါ့ပါးညင်သာသည့် ခြေသံများ ထွက်ပေါ်လာ၏။

အကြားအာရုံများ နိုးကြားလာသည်။

အကြားမှတဆင့် အသိဝင်လာသည်။

တစ်စုံတစ်ယောက် အနီးသို့ ရောက်ရှိလာပြီ ဖြစ်ကြောင်း သိလိုက်၏။

ထိုသို့ သိလိုက်သည်နှင့် မျက်လုံးအစုံက အလိုလို ဖွင့်ကြည့်မိသည်။

ထိုအခါ သူ၏ဘေး၌ လူတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဟင်"

နှုတ်ဖျားမှ စကားသံ လွှတ်ခနဲ ထွက်ပေါ်လာ၏။

သူ၏အကြားအမြင် အာရုံများ ကောင်းစွာ လှုပ်ရှားသက်ဝင်ခဲ့ပြီး တုံ့ပြန်မှု ပြုလုပ်နိုင်ပြီ ဖြစ်သည်။

သူသည် လူကောင်းတစ်ယောက် အဖြစ်ကို ပြန်လည်ရရှိထားပြီ ဖြစ်၏။

"ငါ..ငါ..မသေသေးပါလား"

ရှောင်လီ လွှတ်ခနဲ ရေရွတ်မိလေသည်။

တဆက်တည်းပင် ဝေါက်ခနဲ ထထိုင်လိုက်မိ၏။

သူသည် အခန်းကျဉ်းတစ်ခုအတွင်းရှိ ခုတင်တစ်လုံးပေါ်ဝယ် လဲလျောင်းနေရခြင်း ဖြစ်ကြောင်း တွေ့ရှိရလေသည်။

ရှောင်လီ ခုတင်ပေါ်မှ ခပ်သွက်သွက် ဆင်းလိုက်လေ



သည်။ သူ၏အနီးသို့ ရောက်ရှိလာသူမှာ သူ့အား အဆိပ်တိုက်ကျွေးခဲ့သည့် အနက်ရောင်ဝတ်ဆင်ထားသည့် မိန်းကလေး ဖြစ်လေသည်။

ထိုမိန်းကလေးကို နားမလည်နိုင်စွာ ကြည့်ကာ...

"ကျုပ်..ကျုပ် အသက်ရှင်နေသေးတယ် ဟုတ်လား"

ဟုမေးလိုက်လေသည်။

မိန်းကလေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မိတ်ဆွေစစ် မိတ်ဆွေမှန်ဆိုတာ သေဆုံးသွားရရိုးထုံးစံ မရှိပါဘူးရှင်"

ထိုစကားကြားလျှင် ရှောင်လီလည်း သဘောကျစွာ ပြုံးလိုက်မိလေသည်။

မိန်းကလေးသည် ကျားယန့်၏လေသံကို အတုခိုးကာ ပြောနေသည် မဟုတ်ပါလား။

"ကွမ်းကြိုးညီနောင်ကော"

ဒုက္ခကြုံတွေ့နေရသည့် ကွမ်းကြိုးညီနောင်ကို မမေ့ဘဲ မေးလိုက်၏။

မိန်းကလေး ခေါင်းယမ်းလိုက်သည်။

"သူတို့အတွက် မပူပါနဲ့ရှင်"

"သူတို့က.."

"စမ်းသပ်စစ်ဆေးမှုတွေ အားလုံး ပြီးဆုံးသွားပါပြီရှင်"

"ဘာဗျ"

"ရှင်တို့ကို စမ်းသပ်ခဲ့တာလေ"

"ဟာ"

ရှောင်လီ အံ့ဩသွားလေသည်။

ကျားယန့်နှင့် တွေ့ဆုံပြီးနောက် မိတ်ဆွေစစ် မိတ်ဆွေမှန် ဟုတ်မဟုတ် စမ်းသပ်မှုခံရမည်ဖြစ်ကြောင်း သိထားခဲ့၏။

သို့သော် လက်တွေ့ရင်ဆိုင်ရသည့်အခါ စမ်းသပ်မှု မဖြစ်တော့ဟု ထင်ရလောက်အောင် ပြောင်းလဲသွားလေသည်။

အသက်သေ ထိခိုက်နိုင်လောက်သည့် အန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရပြီး ကျားယန့်နှင့် မိန်းကလေးတို့၏ အကောက်ကြံမှုများ ခံခဲ့ရသည်။

ကျားယန့်က မိန်းကလေးနှင့် ပူးပေါင်းကာ ဟန်လုံ မရှိခိုက် ကြယ်ပျံအာမခံဌာနအား အပိုင်စီးရန် ကြံစည်နေသည်ဟု မှတ်ထင်ယုံကြည်စရာ ဖြစ်လာ၏။

နောက်ဆုံး မလွှဲမရှောင်နိုင်တော့ဘဲ ကွမ်းကြိုးညီနောင်အတွက် အသက်စွန့်ရန် အဆိပ်အရက် သောက်ခဲ့ရသည်။

ယခုတော့ အသက်ရှင်လျက် ရှိနေချေပြီ။

မိန်းကလေးအား မျက်မှောင်ကုတ်ကာ ကြည့်လိုက်လေသည်။

"ကောင်းပြီ၊ စမ်းသပ်မှုတွေ ပြီးသွားပြီဆိုရင် ခင်ဗျားက ရှင်းပြမယ်လို့ ပြောခဲ့တယ်၊ ကဲ အခု ရှင်းပြတော့"

ဟုပြောလေသည်။

မိန်းကလေးက ပြုံးလိုက်သည်။



"ရှင်းပြပါ့မယ်ရှင်၊ ကဲ ကျွန်မနောက် လိုက်ခဲ့ပါ"

"ဘယ်ကို လိုက်ရမှာလဲ"

"ရှင့်ကို တွေ့ချင်တဲ့လူတွေ တော်တော်များများ ရှိနေတယ်၊ ဥပမာ ကွမ်းကြိုးညီနောင်ပေါ့"

ရှောင်လီ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ...

"ကျုပ်လိုက်ခဲ့မယ်"

ဟုခပ်သွက်သွက် ပြောချလိုက်လေသည်။

♠ ♠ ♠

## လမ်းခွဲခြင်း

ရှည်လျားသော စင်္ကြံလမ်းကို ကျော်ဖြတ်ပြီးနောက် ခမ်းနားထည်ဝါစွာ တန်ဆာဆင်ထားသည့် အခန်းတစ်ခန်းရှေ့သို့ ရောက်ရှိသွားလေသည်။

အခန်းတံခါး ဟာလာဟင်းလင်း ဖွင့်ထားသည်။

သို့သော် တံခါးပေါက်ဘေး တစ်ဘက်တစ်ချက်တွင် အနက်ရောင်ဝတ်ဆင်ထားသူနှစ်ယောက် စောင့်ကြပ်နေသည်ကို တွေ့မြင်ရလေသည်။

လမ်းတစ်လျှောက်ဝယ် အနက်ရောင်ဝတ်ဆင်ထားသူ အတော်များများ တွေ့ခဲ့ရသည် ဖြစ်ရာ ရှောင်လီက အရေးမစိုက်



ပါတော့ချေ။

မိန်းကလေးက ရှေ့မှ လမ်းပြခေါ်ဆောင်သွား၏။

အနက်ရောင်ဝတ်ဆင်ထားသူများမှာ ကြယ်ပျံအာမခံဌာနမှ သိုင်းသမားများ မဟုတ်ကြကြောင်း ရှောင်လီ ရိပ်မိလိုက်သည်။

ထိုလူများသည် မိန်းကလေးအား လေးလေးစားစား ရှိနေသည်ကို တွေ့ရသဖြင့် ထိုမိန်းကလေး၏လူများ ဖြစ်မည်ဟု တွေးလိုက်မိလေသည်။

မိန်းကလေးက...

“လိုက်ခဲ့ပါ”

ပြောပြီး အခန်းတွင်း ဝင်သွားသဖြင့် ရှောင်လီလည်း လိုက်ဝင်သွားလေသည်။

အခန်းတွင်းသို့ ရောက်သည်နှင့် ဝမ်းသာအားရ ဖြစ်သွားရ၏။

အကြောင်းကား ကွမ်းကြိုးညီနောင်မှာ သူ့အား အသင့်စောင့်ကြိုနေကြသည်ကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။

အခန်းတွင်းဝယ် စားပွဲဝိုင်းတစ်ခု ရှိနေပါသည်။

စားပွဲ၌ လူလေးယောက် ဝိုင်းဖွဲ့ထိုင်ကြ၏။

ထိုင်နေသူလေးယောက်အနက် သုံးယောက်မှာ ကွမ်းကြိုးညီနောင်နှင့် ကျားယန့်တို့ ဖြစ်ကြလေသည်။

ကျန်တစ်ယောက်မှာ အသက်လေးဆယ်ခန့် ရှိသူတစ်ယောက် ဖြစ်သည်။

ရုပ်ရည်သန့်ပြန့်ပြီး တည်ကြည်ခန့်ညားသည်။

အဖိုးတန် ပိုးဖဲအဝတ်အစားများ ဝတ်ဆင်ထားသူ ဖြစ်လေသည်။

ထိုလူအား ရှောင်လီ မသိချေ။

ရှောင်လီနှင့် မိန်းကလေးတို့ လှမ်းဝင်လာကြသည်ကို မြင်လျှင် အားလုံး ထိုင်ရာမှ ထရပ်လိုက်ကြသည်။

ရှောင်လီ အားတုံ့အားနာ ဖြစ်သွားသည်။

သို့သော် သူ့အား ရိုသေလေးစား၍ မဟုတ်ဘဲ မိန်းကလေးကြောင့် ဖြစ်ကြောင်း ရိပ်မိလျှင် စိတ်သက်သာရာ ရရှိသွားသည်။

မိန်းကလေးက ခုံတစ်လုံးဆွဲကာ ထိုင်ချလိုက်သည်။

ရှောင်လီလည်း ထိုင်ချလိုက်သည်။

ထိုအခါမှ ကွမ်းကြုံးညီနောင် အပါအဝင် ကျန်လူများ ပြန်လည်ထိုင်ချလိုက်ကြသည်။

စားပွဲပေါ်၌ စားသောက်ဖွယ်ရာဟူ၍ စိုးစဉ်းမျှ မရှိပါချေ။

အရက်လည်း မရှိပါ။

စားပွဲပေါ်၌ ရှိနေသည်မှာ သေတ္တာကလေးတစ်လုံးသာလျှင် ဖြစ်လေသည်။

မိန်းကလေးက အားလုံးကို ဝေ့ကြည့်လိုက်သည်။

ပြီးမှ ကျားယန့်ကို ခေါင်းညိတ်ပြလိုက်သည်။

ကျားယန့် ထိုင်ရာမှ ထလိုက်သည်။

ကွမ်းကြုံးညီနောင်နှင့် ရှောင်လီအား လက်နှစ်ဘက် ဆုပ်



ကာ ဂါရဝပြုလိုက်ပြီး....

"မင်းတို့သုံးယောက်ဟာ အာမခံဌာနပိုင်ရှင်ရဲ့ မိတ်ဆွေစစ်မိတ်ဆွေမှန်တွေ ဖြစ်ကြောင်း၊ ကျုပ်တို့ သတ်မှတ်လိုက်ပါပြီ၊ ဘာနဲ့မှ တန်ဖိုးမဖြတ်နိုင်တဲ့ မိတ်ကောင်းဆွေကောင်းတွေပါပဲ"

ရှောင်လီက ကွမ်းကြုံးညီနောင်ကို ဝေ့ကြည့်လိုက်သည်။

ကွမ်းကြုံးညီနောင်၏ခန္ဓာကိုယ်ပေါ်၌ ဒဏ်ရာဒဏ်ချက်များ ရှိနေသော်လည်း ဆေးကြောသုတ်သင်ကာ ဆေးထည့်ထားပြီးကြပြီ ဖြစ်သည်။

သူတို့၏မျက်နှာတွင် မကျေမနပ် ဖြစ်သည့် အရိပ်အယောင် စိုးစဉ်းမျှ မတွေ့ရပါချေ။

တစ်စုံတစ်ခုသော ကျေနပ်စရာ အကြောင်းကိစ္စ တစ်ခုခုကြောင့် ဝမ်းသာပျော်ရွှင်နေပုံရကြောင်း တွေ့ရသည်။

ရှောင်လီ အကဲခတ်ကြည့်နေစဉ် ကျားယန့်၏စကားသံ ဆက်လက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"အာမခံဌာနပိုင်ရှင်မှာ အရေးကြီးတဲ့ အကြောင်းကိစ္စတစ်ခု ပေါ်လာတာကြောင့် ကူညီမယ့် မိတ်ကောင်းဆွေကောင်းတွေ လိုအပ်နေပါတယ်၊ ကျုပ်တို့က မျက်နှာအပျက်ခံပြီး ပြတ်ပြတ်သားသားပဲ စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ကြပါတယ်၊ သည်အခါမှာ မိတ်ဆွေစစ်မိတ်ဆွေမှန် ကျေနပ်စရာကောင်းအောင် မရခဲ့ကြပါဘူး"

"တစ်ချို့လူတွေဟာ အရက်လောင်းကစား၊ အပျော်အပါးငွေစတဲ့ ဒဏ်တွေကိုမခံနိုင်ဘဲ သစ္စာပျက်သွားတာကို တွေ့ရပါတယ်"

ထိုစကားကြားလျှင် အစစ်ဆေးခံခဲ့စဉ်က ခရီးလမ်းတစ်လျှောက် ကြုံတွေ့ခဲ့ရပုံများကို ပြန်လည်မြင်ယောင်နေမိသည်။

ကွမ်းကြိုးညီနောင်ကား မျက်နှာတည်သွားကြသည်။

ရှောင်လီသာ မရှိခဲ့လျှင် သူတို့သည်လည်း အခြားသူများကဲ့သို့ ပျက်စီးသွားရတော့မည် မဟုတ်ပါလား။

ကျားယန့်က ဆက်ပြောလိုက်ပြန်သည်။

“ရှင်းရှင်းပြောရမယ်ဆိုရင် အာမခံဌာနပိုင်ရှင်ကို ကူညီဖို့ မိတ်ဆွေတစ်ရာလောက် ရောက်လာခဲ့ကြပါတယ်၊ ဒါပေမယ့် ကျုပ်တို့ရဲ့ ပြင်းထန်တဲ့ စစ်ဆေးစမ်းသပ်မှုတွေကို ခံနိုင်ရည်ရှိတဲ့လူ၊ တကယ့် မိတ်ဆွေစစ် သဘောထားစိတ်ထားမှန်တဲ့ လူတစ်ယောက်ပဲ တွေ့ခဲ့ရပါတယ်၊ အဲသည် လူကတော့ မိတ်ဆွေလေးရှောင်လီပါပဲ”

ရှောင်လီအား ညွှန်ပြကာ ပြောလိုက်သည်။

အမှတ်တမဲ့ ချီးကျူးပြောဆိုခြင်း ခံလိုက်ရသဖြင့် ရှောင်လီမျက်နှာမထားတတ်အောင် ဖြစ်သွားသည်။

ကွမ်းကြိုးညီနောင်ကား မသိမသာ ခေါင်းငုံ့ထားလိုက်ကြလေသည်။

သူတို့သည် နောက်ဆုံးအဆင့် စမ်းသပ်မှုတွင် ကျားယန့်ဆင်ထားသည့် ထောင်ချောက်အတွင်းသို့ ဝင်မိကာ ရှောင်လီအပေါ် သစ္စာပျက်မိခဲ့ကြသည် မဟုတ်ပါလား။

သူတို့တွင် အပြစ်ရှိနေခြင်းကြောင့် ကျားယန့်၏စကားကို ခွန်းတုံ့မပြန်ဘဲ ငြိမ်နေလိုက်ကြသည်။



ကျားယန့်က ဆက်ပြောလိုက်သည်။

“မိတ်ဆွေကွမ်းကြိုးညီနောင်ဟာ လေးစားစရာကောင်းတဲ့ ညီနောင်နှစ်ယောက်ပါပဲ၊ ဒါပေမယ့် အာမခံဌာနပိုင်ရှင်ဟာ သူတို့ရဲ့ အကူအညီကို မလိုအပ်တော့ပါဘူးဗျာ”

ကွမ်းကြိုးအော့ ဝုန်းခနဲ ထရပ်လိုက်သည်။

သူ၏မျက်နှာ နီမြန်းနေသည်။

ကျားယန့်ကို စိုက်ကြည့်ရင်း...

“ခင်ဗျားတို့က ကောက်ကျစ်စဉ်းလဲတဲ့ နည်းလမ်းတွေ အသုံးပြုခဲ့တယ်ဆိုတာလဲ ထည့်ပြောပါဦးဗျ”

ဟုအော်ပြောလိုက်လေသည်။

ကွမ်းကြိုးအိက ဘာမှမပြောဘဲ ငြိမ်နေ၏။

ကွမ်းကြိုးအော့ ဒေါသတကြီး အော်ပြောလိုက်သော်လည်း ကျားယန့် စိတ်ဆိုးသွားခြင်း အလျဉ်းမရှိပါချေ။

ကွမ်းကြိုးအော့ကို ကြည့်ကာ...

“မိတ်ဆွေပြောတာ မှန်ပါတယ်၊ ကျုပ်တို့ဟာ ရင်ဆိုင်ရမယ့် ရန်သူတွေ အသုံးပြုနိုင်တဲ့ နည်းလမ်းတွေထဲက အဆိုးဝါးဆုံးဆိုတဲ့ နည်းလမ်းတွေ၊ ကောက်ကျစ်စဉ်းလဲမှုတွေကို အတုယူပြီး စမ်းသပ်ကြည့်ခဲ့တာပဲ၊ တကယ်တမ်း ရင်ဆိုင်ရမယ့် ရန်သူတွေဟာ ကျုပ်တို့ စမ်းသပ်တာထက် ပိုပြီး ကောက်ကျစ်စဉ်းလဲမယ်၊ ဉာဏ်များမယ်၊ ပြီးတော့ ရက်စက်ကြမ်းကြုတ်မယ်ဆိုတာ ပြောဖို့တော့ လိုမှာမဟုတ်ပါဘူး၊ စမ်းသပ်စစ်ဆေးတဲ့အခါ ဘာမှ ဖြစ်မသွားနိုင်ပေမယ့်

တကယ်တမ်း ရင်ဆိုင်တဲ့အခါ တစ်ယောက်ယောက် သစ္စာပျက်သွားတာနဲ့ အားလုံး ဒုက္ခတွေ့ရမှာပါ။ ပြီးတော့ ကျုပ်တို့ကို ကူညီဖို့ အသက်သေချင် သေသွားနိုင်ပါတယ်၊ အကျိုးကျေးဇူးတော့ ခံစားရမှာ မဟုတ်ပါဘူး"

ကွမ်းကြုံးအော့ မကျေမနပ် ဖြစ်နေသော်လည်း မည်သို့ပြန်လည်ချေပရမှန်း မသိဘဲ ဖြစ်နေလေသည်။

ကျားယန့်က ဆက်ပြောလိုက်၏။

"အကျိုးကျေးဇူးမျှော်ကိုးတဲ့ လူတွေအတွက် မိတ်ဆွေစစ်ဘယ်တော့မှ ဖြစ်မလာနိုင်သလို တကယ့် မိတ်ဆွေစစ်အတွက်လဲ ကျုပ်တို့ကို ကူညီလို့ ဘယ်လိုအကျိုးကျေးဇူးမှ ခံစားရမှာ မဟုတ်ပါဘူး၊ ဒါကြောင့် ကွမ်းကြုံးညီနောင်ကို ကျုပ်တို့ လက်မခံနိုင်တာ နှစ်ဦးနှစ်ဘက် မိတ်မပျက်နိုင်ဘူး ထင်ပါတယ်"

မှန်ပေသည်။

ကူညီသည့်အတွက် အကျိုးကျေးဇူး ခံစားရမည်မဟုတ်ဘဲ အသက်ပင် ဆုံးရှုံးနိုင်၏။

ကူညီခြင်း မပြုလျှင် အသက်ဆုံးရှုံးရမည့် ဘေးအန္တရာယ်မှ လွတ်မြောက်နိုင်ပေသည်။

ကူညီမည်ဆိုပြန်လျှင်လည်း တကယ့် အရေးအကြောင်းကြုံတွေ့သည့်အခါ သစ္စာမဖောက်ပါဟု မှတ်ကျောက်တင်ခံနိုင်မည်မဟုတ်ပါ။

ကွမ်းကြုံးအော့ မကျေမနပ် ဖြစ်သွားလေသည်။



ကျားယန့်ကို စိုက်ကြည့်ကာ...

"ကျုပ်တို့ရဲ့ အကူအညီကို လက်မခံနိုင်ဘူးပေါ့ ဟုတ်လား"

ကျားယန့် ခေါင်းညိတ်လိုက်သည်။

"ဝမ်းနည်းပါတယ်၊ ဟုတ်ပါတယ်လို့ ပြောပါရစေ"

ကွမ်းကြုံးအော့ မျက်နှာပျက်သွားသည်။

ကွမ်းကြုံးအိဘက်သို့ လှည့်ကာ...

"အစ်ကိုကြီး ကျွန်တော်တို့ သွားကြရင် ကောင်းမယ်"

ဟုပြောလေသည်။

ကွမ်းကြုံးအိ သက်ပြင်းချကာ ထိုင်ရာမှ ထလိုက်သည်။

ငြိမ်သက်စွာ ထိုင်နေသည့် ရုပ်ရည်ခန့်ညားသူကို ကြည့်လိုက်ကာ...

"မိတ်ဆွေဟန်လုံ၊ ကျုပ်တို့က ခင်ဗျားကို ကူညီချင်တယ်၊ ဒါပေမယ့် အခွင့်အရေး မရခဲ့လို့ မကူညီနိုင်တာကို ခွင့်လွှတ်ပါဗျာ၊ နောက်နောင် အကြောင်းကြုံကြိုက်ရင် ကူညီနိုင်အောင် ကြိုးစားပါ့မယ်၊ ကျုပ်တို့ကို ခွင့်ပြုပါဦးဗျာ"

ဟုပြောလေသည်။

ထိုအခါ ငြိမ်သက်စွာ ထိုင်နေခဲ့သူမှာ ကြယ်ပုံအာမခံဌာနပိုင်ရှင်ဟန်လုံ ဖြစ်ကြောင်း သိလိုက်ရ၏။

ဟန်လုံလည်း စိတ်မကောင်း ဖြစ်နေပုံရလေသည်။

လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး...

"ခင်ဗျားတို့ညီနောင်ကို ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်ကို

ခွင့်လွှတ်ဖို့လဲ တောင်းပန်ချင်ပါတယ်၊ ကျုပ်ရဲ့ အခက်အခဲကို ကူညီချင်ကြတယ်ဆိုတာ သိရလို့ ဝမ်းသာပါတယ်၊ ဒါပေမယ့်..”

“ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်တို့က မကူညီနိုင်တာဘဲ စိတ်မကောင်း ဖြစ်မိကြတာပါ၊ ဘာပဲပြောပြော တစ်ချိန်ချိန် မဟုတ်တစ်ချိန်ချိန် ကျုပ်တို့ ကူညီနိုင်တဲ့ကိစ္စ ပေါ်ပေါက်လာဦးမယ် ထင်ပါတယ်၊ အဲသည်အချိန်ရောက်ရင်တော့ ဆက်ဆက်ကူညီပါရစေဗျာ”

“ခင်ဗျားတို့ သည်လို သဘောထားတာကိုပဲ ကျေးဇူးတင်လှပါပြီ”

“ကဲ ကျုပ်တို့ကို ခွင့်ပြုပါဦး”

စကားဆုံးလျှင် ကွမ်းကြိုးအိက လှမ်းထွက်သွားရန် ဟန်ပြင်လိုက်၏။

ကွမ်းကြိုးအော့ ဒေါပွနေသည်။

တစ်စုံတစ်ခု ပြောရန် ဟန်ပြင်ပြီးမှ စိတ်ပြောင်းသွားဟန်ဖြင့် ဘာမှ မပြောဘဲ နေလိုက်သည်။

ရှောင်လီဘက်သို့ လှည့်ကာ...

“ခင်ဗျားကတော့ တကယ့် လူတော်လူကောင်းတစ်ယောက်ပါပဲ၊ ကျုပ်ရဲ့မိတ်ဆွေဟန်လုံကို ကူညီလိုက်ပါဗျာ”

ဟုပြောလိုက်လေသည်။

ရှောင်လီ မည်သို့ ပြန်ပြောရမှန်းမသိ ဖြစ်နေသည်။

ကွမ်းကြိုးအော့က...

“အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်ဗျာ၊ ကျုပ်တို့ကို ခွင့်ပြုကြ



ပါဦးဗျာ”

စကားဆုံးလျှင် ကွမ်းကြိုးအိ၏လက်ကို ဆွဲ၍ အခန်းတွင်းမှ ထွက်သွားသည်။

သူတို့နှစ်ယောက်အား မည်သူမျှ ဟန့်တားခြင်း မပြုကြပါချေ။

ခဏအတွင်းမှာပင် အပြင်ဘက် ရောက်ရှိကာ ပျောက်ကွယ်သွားလေသည်။

♠ ♠ ♠

ကွမ်းကြုံးညီနောင် ထွက်သွားကြပြီ ဖြစ်လေသည်။

ဟန်လုံ သက်ပြင်းချလိုက်သည်။

"သူတို့ညီနောင်ဟာ မိတ်ဆွေကောင်းတွေပါပဲ"

ဟုတီးတိုးပြောလိုက်လေသည်။

ရှောင်လီ စိတ်မကောင်း ဖြစ်နေ၏။

ကွမ်းကြုံးညီနောင်အား မိတ်ဆွေကောင်းဟု သတ်မှတ်ပါသော်လည်း မိတ်ဆွေစစ် မိတ်ဆွေမှန်ဟု သတ်မှတ်ခြင်း မပြုခဲ့ပါချေ။

ကွမ်းကြုံးညီနောင် ထွက်သွားစဉ်က အဘယ်ကြောင့် သူက လိုက်မသွားဘဲ ဆက်၍ ထိုင်နေခဲ့ရသနည်းဟု ယခုမှ ကိုယ့်ကိုကိုယ် ပြန်လည်မေးခွန်းထုတ်မိလေသည်။

မည်သို့ဆိုစေ အချိန်နှင့်အမျှ ပြောင်းလဲနေသော အဖြစ်အပျက်များနောက်သို့ သူ၏တစ်ကိုယ်လုံး နစ်မြုပ်မျောပါနေပြီ ဖြစ်သည်။

သူက အဘယ်ကြောင့် ဆက်၍ ထိုင်နေခဲ့ရပါသနည်း။

ကျားယန့်၊ ဟန်လုံနှင့် မိန်းကလေးတို့အား တစ်ချက်ဖေ့ကြည့်လိုက်သည်။

သူတို့တွင် မည်သို့သော အခက်အခဲ ဒုက္ခနှင့် ရင်ဆိုင်နေရပါသနည်း။

ရှောင်လီက မေးကြည့်ဖို့ စိတ်မကူးပါ။

မေးစရာ မလိုဘဲ အလိုလို သိလာရလိမ့်မည်ဟု နားလည်



သဘောပေါက်ထားလေသည်။

မှန်ပေသည်။

ရှောင်လီ တွေးတောနေစဉ်မှာပင် ကျားယန့် စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"ကျုပ်တို့ဟာ ခရီးမထွက်ခင် ရတဲ့အချိန်ကလေးမှာ အကူအညီပေးနိုင်မယ့် မိတ်ဆွေစစ် မိတ်ဆွေမှန်ကို ရှာဖွေခဲ့ကြပါတယ်၊ တစ်လဆိုတဲ့ အချိန်အတွင်းမှာ ကူညီမယ့် မိတ်ဆွေ အတော်များများ ရောက်လာခဲ့ကြပါတယ်၊ ဒါပေမယ့် တကယ့် မိတ်ဆွေစစ်လို့ သဘောထားနိုင်တာ မိတ်ဆွေလေးတစ်ယောက်ပဲ ရှိပါတယ်"

ရှောင်လီ မနေတတ် မထိုင်တတ် ဖြစ်သွားလေသည်။

ကျားယန့်က ဆက်ပြောလိုက်သည်။

"ကျုပ်တို့ဟာ အခက်အခဲ အန္တရာယ်တစ်ခုနဲ့ ကြုံတွေ့နေရပါတယ်၊ အဲသည် အန္တရာယ်ကို ရင်ဆိုင်ဖို့ မိတ်ဆွေကောင်း လိုနေပါတယ်၊ ဘယ်လိုအန္တရာယ်နဲ့ ကြုံတွေ့နေရတယ်ဆိုတာကတော့ မိန်းကလေးလျှံကူးညံက ဆက်ပြီး ရှင်းပြပါလိမ့်မယ် ခင်ဗျာ"

အနက်ရောင်ဝတ်ဆင်ထားသည့် မိန်းကလေးအား ညွှန်ပြရင်း ပြောလိုက်လေသည်။

ယခုမှ ထိုမိန်းကလေး၏အမည်မှာ လျှံကူးညံ ဖြစ်ကြောင်း သိလိုက်ရ၏။

အနက်ရောင်ဝတ်ဆင်ထားသည့် မိန်းကလေး(ဝါ)လျှံကူးညံက ရှောင်လီအား လှမ်းကြည့်လိုက်ပြီး...

"ကျွန်မတို့မှာ လူတိုင်း စိတ်ဝင်စားနိုင်လောက်တဲ့ ပစ္စည်းတစ်ခု ရှိပါတယ်၊ အဲသည် ပစ္စည်းနဲ့အတူ သခင်မလေးကို နယ်ခြားဒေသအရောက် ပို့ဆောင်ပေးရပါလိမ့်မယ်၊ ကျွန်မတို့ သွားမယ့် ခရီးမှာ ပစ္စည်းမက်တဲ့ လူတွေ၊ သခင်မလေးကို ဖမ်းဆီးချင်သူတွေ အများကြီး ရှိနေပါတယ်၊ သူတို့ကို ကျော်ဖြတ်သွားရမှာမို့ အခက်အခဲ ဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်ရမှာ သေချာပါတယ်"

ဟုရှင်းပြလေသည်။

ရောင်လီမှာ သခင်မလေးဆိုသူနှင့် လူတိုင်း စိတ်ဝင်စားကြသည့်၊ ထူးခြားသည့် ပစ္စည်းဆိုသည်ကို တွေ့မြင်လိုစိတ်များ ပေါ်ပေါက်လာသည်။

သို့သော် မေးမြန်းရန် မသင့်ဟု တွေးကာ ငြိမ်နေလိုက်လေသည်။

လျှံကူးညံ့က ဆက်ပြောလိုက်သည်။

"ကျွန်မတို့မှာ အချိန်မရှိတော့ပါဘူး၊ ရှင်ကူညီမယ်ဆိုရင် သည်ကနေ့ ညနေပဲ ခရီးထွက်ဖို့ စီစဉ်ထားကြပါတယ်"

"ဗျာ၊ သည်ကနေ့ ညနေ ခရီးထွက်မယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ အမှန်အတိုင်း ပြောရရင် ကျွန်မတို့ လျှို့လျှို့ဝှက်ဝှက်သွားဖို့ စီစဉ်ထားပါတယ်၊ ရန်သူနဲ့ ထိပ်တိုက်ရင်ဆိုင်တာထက် အတတ်နိုင်ဆုံး ရှောင်သွားဖို့ စိတ်ကူးထားပါတယ်"

လျှံကူးညံ့သည် ရန်သူများကို လှည့်စားကာ ရှောင်ကွင်းသွားရန် စီစဉ်ထားကြောင်း ရောင်လီ ရိပ်မိလိုက်လေ၏။



လျှံကူးညံ့က ဆက်ပြောလေသည်။

"ကျွန်မတို့ သွားမယ့်ခရီးမှာ တစ်ယောက်ယောက် ဒုက္ခဖြစ်သွားတာနဲ့၊ အန္တရာယ်တွေ့တာနဲ့၊ ခရီးစဉ်ဖျက်ဖို့၊ ခရီးရပ်တန့်လိုက်ဖို့ မဖြစ်နိုင်ပါဘူး၊ ဒါကြောင့် အခုကတည်းက ကြိုတင်ရှင်းလင်းထားတာ ကောင်းပါတယ်၊ တစ်စုံတစ်ယောက် ဒုက္ခရောက်သွားရင် အဲသည် လူကို ထားပစ်ခဲ့ပြီး ရှေ့ခရီး ဆက်ကြမှာပဲ ဖြစ်ပါတယ်"

သူတို့ သွားရမည့် ခရီးစဉ်မှာ လျှို့ဝှက်ပြီး ထူးဆန်းမှုများ ပြည့်နှက်နေသော ခရီးတစ်ခု ဖြစ်ကြောင်း ရောင်လီ နားလည်လိုက်၏။

ထို့ကြောင့် ငြိမ်၍ နားထောင်နေလိုက်သည်။

လျှံကူးညံ့က...

"ရှင့်ရဲ့သဘောထား ဘယ်လိုရှိတယ်ဆို ပြောပါဦးရှင်"

ဟုမေးလိုက်လေသည်။

သူက ပြုံးလိုက်သည်။

"ကျုပ်ကတော့ ကွမ်းကြိုးညီနောင်အစား ကူညီရတာကိုပဲ ကျေးဇူးတင်လှပါပြီဗျာ၊ ဘယ်လို အခက်အခဲတွေ့တွေ့ ကူညီပါ့မယ်၊ ခင်ဗျားတို့ ကြိုက်သလို စီစဉ်ကြပါ၊ ကျုပ်အနေနဲ့ ဘာမှ ပြောစရာမရှိပါဘူး"

လျှံကူးညံ့ သဘောကျသွားလေသည်။

ကျားယန့်ဘက် လှည့်ကြည့်လိုက်သည်.

ကျားယန့်က...

"သည်ကနေ့ ညနေ ခရီးထွက်ဖို့ အားလုံး စီစဉ်ထားပြီးပါပြီ"

ဟုပြောလိုက်လေသည်။

လျှံကူးည်က ဟန်လုံကို လှည့်ကြည့်လိုက်ပြန်သည်။

ဟန်လုံက...

"သခင်မလေး ကြိုက်သလို စီစဉ်နိုင်ပါတယ်၊ ကျုပ်ကတော့ အဆင်သင့်ပါပဲ"

ဟုပြောလေသည်။

ကျားယန်နှင့် ဟန်လုံတို့သည် လျှံကူးည်အား ရိုသေလေး စားသည့် အသွင် ရှိနေကြောင်း ရောင်လီ အကဲခတ်မိကာ အံ့သြသွားလေသည်။

လျှံကူးည်ကလည်း ကျားယန်တို့အား အရေးစိုက်သည့်ပုံ မတွေ့ရချေ။

ထို့အပြင် ဟန်လုံကိုယ်တိုင်က သခင်မလေးဟု ရိုရိုသေသေ ခေါ်နေသဖြင့် လျှံကူးည်မှာ ခေသူ မဟုတ်ကြောင်း နားလည်လိုက်လေသည်။

လျှံကူးည် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ ကျွန်မတို့ အစီအစဉ်အတိုင်း လုပ်ကြတာပေါ့၊ အားလုံးကို အဆင်သင့် ပြင်ထားခိုင်းလိုက်ပါ၊ သည်ကနေ့ ညနေပဲ ခရီးထွက်ကြမယ်"

ကျားယန် ခေါင်းညိတ်လိုက်သည်။

ချက်ချင်း ထိုင်ရာမှ ထကာ အခန်းအပြင်ဘက် ထွက်သွား



လေသည်။

ခရီးထွက်ရန် သွားရောက်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိနိုင်လေသည်။

လျှံကူးည်က ရောင်လီအား လှမ်းကြည့်လိုက်ပြီး...

"ခရီးမထွက်ခင် ကျွန်မတို့ တစ်ခုခု စားထားကြရင် ကောင်းမယ်"

ဟုပြောလေသည်။

ယခုမှ ဝမ်းဗိုက်ဆာလောင်နေပြီ ဖြစ်ကြောင်း ရောင်လီ သတိပြုမိလိုက်၏။

ထို့ကြောင့် ချက်ချင်းခေါင်းညိတ်ပြလိုက်လေသည်။

"ကောင်းသားပဲ"

လျှံကူးည်က ထိုင်ရာမှ မထသေးဘဲ လက်ခုပ်တစ်ချက် တီးလိုက်၏။

လက်ခုပ်တီးသံဆုံးလျှင် လင်ပန်းများ ကိုင်ဆောင်ထားသည့် မိန်းကလေးငါးယောက် ခပ်သွက်သွက် လှမ်းဝင်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုမိန်းကလေးများ ကိုင်ဆောင်လာသည့် လင်ပန်းများထဲဝယ် စားသောက်ဖွယ်ရာများ၊ အရက်များ ပါလာသည်ကို တွေ့ရ၏။

မိန်းကလေးငါးယောက် ရောက်လာပြီး မရှေးမနှောင်းမှာပင် စားပွဲပေါ်၌ စားသောက်ဖွယ်ရာဖြင့် ပြည့်နှက်သွားလေသည်။

လျှံကူးည်က...

"ကဲ သုံးဆောင်ပါရှင်"

ပထမဆုံး အကြိမ်အဖြစ် ယဉ်ကျေးစွာ ပြောလာသည်။

စားသောက်ဖွယ်ရာများမှာ မွှေးကြိုင်သင်းပျံ့သော ရနံ့များ ထွက်ပေါ်နေ၏။

ရှောင်လီ ဟန်မဆောင်နိုင်တော့ဘဲ အားရပါးရ စားသောက်လေတော့သည်။

◆ ◆ ◆



မြို့ကလေးမှာ အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။

"ကြယ်ပျံအာမခံဌာန"

အဖြူရောင်ဝတ်ဆင်ပြီး ဓားကိုယ်စီ ကျောပိုးထားသည့် ကြယ်ပျံအာမခံဌာနမှ သိုင်းသမားများသည် မြင်းကိုယ်စီ အသားကျစီးနင်းကာ ခရီးတစ်တိုင် အကွာအဝေး ရောက်တိုင်း ကြယ်ပျံအာမခံဌာန၏အမည်ကို ဟစ်ကြွေးလျက် ရှိကြပေသည်။

ရှေ့ဆုံးတွင် ကြယ်ပျံအာမခံဌာန အမှတ်အသားပါသည့် အလံကိုင်ဆောင်ထားသူက ဦးဆောင်လျက် မြင်းစီးနင်းသွား၏။

သူ၏နောက်တွင် အဖြူရောင်ဝတ်ဆင်ထားသူနှစ်ယောက် တစ်တန်းစီတန်းလျက် မြင်းညိုကြီးများ စီးနင်းကာ လိုက်ပါသွားသည်။

ထိုလူများ၏နောက်တွင် မြင်းလှည်းသုံးစီး ရှေ့နောက်သွယ်တန်းလျက် လိုက်ပါလာ၏။

မြင်းလှည်းဘေးတွင် အနက်ရောင်ဝတ်ဆင်ထားသည့် မြင်းစီးသမားဆယ်ယောက် စောင့်ကြပ်လိုက်ပါလာကြလေသည်။

မြင်းလှည်းမောင်းသူများကား အနက်ရောင်ဝတ်ဆင်ထားသည့် မိန်းကလေးများ ဖြစ်ကြပေသည်။

မြင်းလှည်းသုံးစီးနောက်တွင် အဖြူရောင်ဝတ်ဆင်ထားသူ ဆယ်ယောက်ခန့် လိုက်လာကြသည်။

ထိုလူများမှာ ကြယ်ပျံအာမခံဌာနမှ အားထားရသော သိုင်း

သမားများ ဖြစ်ကြလေသည်။

ကျားယန့်နှင့် ဟန်လုံသည် ပထမ မြင်းလှည်းတွင် စီးနင်းလိုက်ပါလာပြီး ရှောင်လီနှင့် လှံကူးညံတို့က ဒုတိယ မြင်းလှည်းစီးနင်းလိုက်ပါလာကြသည်။

အလယ်တည့်တည့်တွင် ရှိသော ဒုတိယ မြင်းလှည်းမှာမူ မြင်းလှည်းမောင်းသူမှအပ မည်သူမျှ စီးနင်းလိုက်ပါခြင်း မရှိကြချေ။

ကြယ်ပျံအာမခံဌာနချုပ် တည်ထောင်ထားရာ မြို့ကလေးနှင့် တစ်စထက်တစ်စ ဝေးသွားပြီ ဖြစ်သည်။

မြို့နှင့် ဝေးသွားလေလေ ပတ်ဝန်းကျင်တွင် တောတောင်များ ဖုံးလွှမ်းလာလေလေ ဖြစ်သည်ကို တွေ့မြင်ရလေသည်။

နေဝန်းနီမှာလည်း အနောက်ဘက် တဖြည်းဖြည်း နိမ့်ဆင်းသွားသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

တောင်စွယ်နေဝန်းနီ မေးတင်ချိန် ရောက်လျှင် ရှောင်လီတို့လူစုမှာ အလွန်နက်ရှိုင်းလှသော တောအုပ်ကြီးတစ်ခုသို့ ရောက်ရှိလာကြလေသည်။

စိမ်းလန်းသော သစ်ပင်ကြီးများ ဖုံးလွှမ်းနေသည် ဖြစ်ရကား အမှောင်ရိပ်များ ကြီးစိုးနေလေသည်။

တစ်လမ်းလုံး စကားမပြောဘဲ လိုက်ပါလာသည့် လှံကူးညံမှာ ယခုမှ လှုပ်လှုပ်ရှားရှား ဖြစ်လာတော့သည်။

ဖွင့်ထားသော မြင်းလှည်းပြတင်းပေါက်မှတစ်ဆင့် အပြင်



ဘက် လှမ်းမျှော်ကြည့်လိုက်ပြီး...

"အချိန်ကျပြီ"

ဟုပြောလိုက်လေသည်။

ရုတ်တရက်မို့ ရှောင်လီ ကြောင်အမ်းအမ်း ဖြစ်သွား၏။

လှံကူးညံကို နားမလည်နိုင်စွာ ကြည့်ကာ...

"ဘာအချိန်ကျတာလဲဗျ"

ဟုမေးလိုက်လေသည်။

လှံကူးညံက...

"ကျွန်မတို့ရဲ့ လျှို့ဝှက်ခရီးစဉ် ပထမအဆင့် စဖို့ အချိန်ကျပြီလေ"

"ခင်ဗျား ဆိုလိုတာက"

"ရှင် မကြာခင် နားလည်လာမှာပါ"

ရှောင်လီ ထပ်မမေးသာဘဲ ဖြစ်သွားရလေသည်။

ထိုစဉ်...

"တူ..တူ..တူ"

မြင်းလှည်းတန်းရှေ့ဆုံးမှ စူးရှသော ခရာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လှံကူးညံ၏မျက်နှာ ပြုံးရွှင်သွားသည်။

ခရာသံနှင့် မရှေးမနှောင်းတွင် အမိန့်ပေးသံ၊ မြင်းဟီသံ၊ လူသံ၊ သူသံများ ဆူဆူညံညံ ထွက်ပေါ်လာပြီး မြင်းလှည်းသုံးစီးသာမက နံဘေးမှ ခြံရံကာ လိုက်ပါလာကြသည့် မြင်းသည်တော်များ

လည်း စည်းကမ်းစနစ်တကျ ရပ်တန့်သွားကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ရောင်လီက မြင်းလှည်းပြတင်းပေါက်မှတဆင့် အပြင်ဘက် ခေါင်းပြူကြည့်ရန် ဟန်ပြင်လိုက်သည်။

ထိုအခိုက်မှာပင် လျှံကူးည်က...

"မြန်မြန်လုပ်"

ပြောပြီး မြင်းလှည်းတံခါး တွန်းဖွင့်ကာ အပြင်ဘက်သို့ ထွက်သွားသည်ကို တွေ့မြင်လိုက်ရ၏။

ရောင်လီ အံ့သြသွားသည်။

သို့သော် ငေးငိုင်မနေအားဘဲ မြင်းလှည်းအပြင်ဘက် ခုန်ထွက်လိုက်လေသည်။

မြေပေါ် ခြေချမိလျှင် အလယ်မှ အလုံပိတ် မြင်းလှည်းမှာ မြင်းလှည်းတန်းအတွင်းမှ ဖွဲ့ထွက်ကာ လမ်းဘေးတစ်နေရာသို့ ရောက်နေသည်ကို တွေ့မြင်လိုက်ရသည်။

ရောင်လီ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ဒုတိယ မြင်းလှည်းမှာ အဘယ်ကြောင့် မြင်းလှည်းတန်း အပြင်ဘက် ဖွဲ့ထွက်သလို ရှိနေရပါသနည်း။

သူငေးကြည့်နေစဉ်...

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာပြီး မြင်းနှစ်ကောင် ဒုန်းစိုင်း ပြေးလာသည်ကို တွေ့မြင်ရ၏။



မြင်းနှစ်ကောင်အနက် မြင်းတစ်ကောင်ပေါ် လျှံကူးည်က စီးနင်းလာပြီး သူမ၏လက်တစ်ဘက်က ကျန်မြင်းတစ်ကောင်ပေါ်မှ ဇက်ကြိုးကို ဆွဲခေါ်လာကြောင်း တွေ့ရလေသည်။

ရောင်လီ အနီးသို့ ရောက်လျှင်...

"မြင်းပေါ်တက်လိုက်ပါ"

ဟုလှမ်းပြောပြီး မြင်းဇက်ကြိုးကို လွှတ်ပေးလိုက်သည်။

ရောင်လီလည်း တုန့်ဆိုင်းမနေတော့ဘဲ မြင်းပေါ် လွှားခနဲ ခုန်တက်လိုက်၏။

ထို့နောက် လျှံကူးည်နောက်သို့ လိုက်သွားလေ၏။

လျှံကူးည်က ဟန်လုံတို့နှင့် သွားရောက် ပူးပေါင်းလိုက်ခြင်း ဖြစ်ပေသည်။

သူတို့ ပူးပေါင်းပြီးသည်နှင့် ဟန်လုံက လက်ဝှေ့ယမ်းပြလိုက်လေသည်။

ထိုအခါ...

"ကြယ်ပျံအာမခံဌာန"

သိုင်းသမားများသည် ကြယ်ပျံအာမခံဌာန၏အမည်ကို တစ်ခဲနက် ကြွေးကြော်လိုက်ကြသည်။

ရှေ့သို့လည်း ဆက်၍ ချီတက်သွားကြသည်။

သို့သော် ဟန်လုံတို့လူစုနှင့် ဒုတိယ မြင်းလှည်းကား ကျန်ရစ်ခဲ့ပြီ ဖြစ်သည်။

ယခုမှ လျှံကူးည်၏ အကြံအစည်ကို ရောင်လီ နားလည်

လိုက်သည်။

မည်သို့ဆိုစေ ရိုးရိုးစင်းစင်းဖြင့် ရန်သူအား အထိရောက်ဆုံး လှည့်စားလိုက်ခြင်း ဖြစ်ပေသည်။

ရောင်လီမှာ လျှံကူးညံ့ကို ကျိတ်ပြီး ချီးကျူးမိလိုက်လေသည်။

ထိုစဉ်...

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

တောအုပ်အနောက်ဘက်မှ မြင်းတစ်ကောင် ဒုန်းစိုင်းပြေးလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ရောင်လီ ရင်ထိတ်သွားသည်။

ရန်သူဆိုလျှင် လက်ဦးအောင် တိုက်ခိုက်ရမည်။

ဟန်လုံတို့မှာ အေးအေးဆေးဆေးပင် ရှိနေသည်ကို တွေ့ရသဖြင့် အံ့ဩသွား၏။

"ဘယ်လိုဖြစ်တာလဲ၊ သူ့တို့ ဂရုစိုက်ပုံ မပေါ်ပါလား"

ဟုလည်း တီးတိုးရေရွတ်မိလေသည်။

မြင်းခွာသံမှာ တစ်စထက်တစ်စ ကျယ်လောင်လာသည်။

မြင်းတစ်ကောင်မှာ မြင်ကွင်းထဲသို့ ဝင်ရောက်လာသည်။

ထို့နောက် လျှံကူးညံ့ရှေ့တွင် ဒူးထောက်အရိုအသေ ပြုလိုက်ပြီး...



"နောက်ယောင်ခံ လိုက်လာသူ ကင်းရှင်းပါတယ် သခင်မလေး"

ဟုအစီရင်ခံလိုက်သည်။

လျှံကူးညံ့ ကျေနပ်သွားသည်။

"ကောင်းပြီလေ၊ မင်းနောက်ကြောင်းရန်ကို စောင့်ကြည့်ဖို့ သည်မှာပဲ နေခဲ့ပါ၊ ငါတို့ရှေ့ကို သုံးမိုင်လောက် ခရီးပေါက်ပြီဆိုရင် လာပြီး အကြောင်းကြားရမယ်"

အနက်ရောင်ဝတ်ဆင်ထားသူ ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ သခင်မလေး၊ ကျွန်တော်ရဲ့ တာဝန် ကျေပွန်ရပါစေမယ်"

"ကဲ မင်းသွားတော့"

အနက်ရောင်ဝတ်ဆင်ထားသူက မြင်းပေါ် ခုန်တက်လိုက်လေသည်။

ထို့နောက် နောက်ဘက်သို့ မြင်းကို လှည့်ကာ ဒုန်းစိုင်းထွက်သွားလေသည်။

လျှံကူးညံ့မှာ အကွက်စေ့စေ့ စီစဉ်ထားသည် မဟုတ်ပါလား။ လျှံကူးညံ့က သူ့အား ပြုံးပြလိုက်ပြီး...

"အချိန်ရှိတုန်း ကျွန်မတို့ ရှေ့ဆက်သွားကြရင် ကောင်းမယ်၊ မကြာခင် တိုက်ပွဲကြီးတစ်ပွဲကို တွေ့ရဦးမယ် ထင်တယ်"

ဟုလှမ်းပြောလိုက်သည်။

တိုက်ပွဲကြီးဟူသော စကားကြောင့် ရောင်လီ ခေါင်းထောင်

သွားလေသည်။

လှျံကူးညံကို နားမလည်နိုင်စွာ ကြည့်လိုက်ပြီး...

"တိုက်ပွဲကြီး ဟုတ်လား"

"ဟုတ်တယ်လေ"

"တိုက်ပွဲကြီးက ဘယ်မှာလဲ"

"ရှင်ကြည့်ချင်တယ်ဆိုရင် ကျွန်မနောက်ကို လိုက်ခဲ့ပါ"

စကားဆုံးလျှင် လက်ဝှေ့ယမ်းပြလိုက်ပြီး...

"အားလုံး သွားကြမယ်"

ဟုအော်ပြောလေသည်။

သူမ၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အနက်ရောင်ဝတ်ဆင်ထားကြသူများသည် ဆန့်ကျင်ဘက်သို့ ဦးတည်ကာ စတင်ထွက်ခွာသွားကြသည်။

ရောင်လီက လှျံကူးညံကို လှမ်းကြည့်လိုက်သည်။

လှျံကူးညံက သူကအား ပြုံးပြလိုက်ပြီး...

"သွားကြစို့"

သူမက မြင်းကို ခုန်းစိုင်းမောင်းနှင်သွားလေသည်။

ရောင်လီက သက်ပြင်းချလိုက်သည်။

ယခု အခြေအနေသို့ ရောက်မှ နောက်ဆုတ်ရန် မဖြစ်နိုင်ပါတော့ချေ။ ထို့ကြောင့် မြင်းကို အော်ငေါက်မောင်းနှင်ကာ လှျံကူးညံနောက်သို့ လိုက်သွားရလေသည်။

♠ ♠ ♠



•

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

နေရောင်ခြည် ကွယ်ပျောက်သွားသည်နှင့် အမှောင်ထုအားကောင်းလာသည်။

အမှောင်ထု ဝင်ရောက်လာသလို အအေးဓာတ်လည်း အဖော်အဖြစ် ပူးတွဲပါလာလေသည်။

ညလေအေးများ သုန်သုန်ညင်းညင်း တိုက်ခတ်လာလေသည်။

အားလုံးမှာ ခရီးဆက်ဆဲပင်။

လှျံကူးညံ ရပ်တန့်နိုင်ခြင်း မပြုလေသဖြင့် မည်သူမျှ ရပ်တန့်သွားမည့်အသွင် မရှိချေ။

အားလုံးသော လူများမှာ လှျံကူးညံ၏ကြိုးဆွဲရာ ကရသည့် ကကြိုးရုပ်များနှင့် တူသည်ဟု ရောင်လီ တွေးမိလေသည်။

သူကိုယ်တိုင်ပင် လှျံကူးညံ့ အလိုကျ လိုက်ပါလာခဲ့သည် မဟုတ်ပါလား။

ကျားယန့်နှင့် ဟန်လုံတို့သည် သိုင်းလောကတွင် နာမည်တစ်လုံးဖြင့် ကျော်ကြားနေသူများ ဖြစ်သည်။

သူတို့သည် အဘယ်ကြောင့် လှျံကူးညံ့အား ရိုသေလေးစားနေကြပါသနည်း။

ထိုလှို့ဝှက်ချက်များကို အခွင့်အရေးရလျှင် ဖော်ထုတ်မည်ဟု ဆုံးဖြတ်ထားလေသည်။

ပတ်ဝန်းကျင်တွင် သစ်ပင်များအစား ကျောက်တုံးကျောက်ခဲနှင့် ချုံနွယ်များ တစ်စထက်တစ်စ ထူထပ်ပေါ်များလာလေသည်။

မြင်းလှည်းမှာ ရှေ့ဆက်တက်၍ မရနိုင်အောင် ဖြစ်လာလေတော့သည်။

လှျံကူးညံ့က လက်ဝှေ့ယမ်းပြရင်း...

“အားလုံး ရင်·သိုက်၊ သည်မှာ ခဏ စခန်းချကြမယ်”

ဟုအော်ပြောလိုက်လေသည်။

ထိုအချိန်တွင် ကောင်းကင်ပေါ်၌ လဝန်း ထွက်ပေါ်လာသည်။

လရောင်သည် ကမ္ဘာမြေတစ်လွှားသို့ အေးမြစွာ ကျရောက်လာသည်။

လရောင်ကြောင့် သူတို့လူစု တောင်ကုန်းမြင့်တစ်ခုပေါ်သို့ ရောက်ရှိနေကြောင်း ရှောင်လီ သတိပြုမိလိုက်လေသည်။



“အားလုံး ရောက်တဲ့ နေရာမှာပဲ နေကြ၊ ဟိုနားသည်နား သွားဖို့တောင် စိတ်မကူးနဲ့”

ရှောင်လီက လှျံကူးညံ့ကို လှမ်းကြည့်လိုက်သည်။

သူငေးမောကြည့်နေစဉ် လှျံကူးညံ့က သူ့အနီးသို့ ရောက်ရှိလာသည်။

ရှောင်လီအား ကြည့်ကာ...

“ရှင်က တိုက်ပွဲကို စိတ်ဝင်စားနေသလား”

ဟုမေးလေသည်။

ရှောင်လီက မျက်မှောင်ကြုတ်သွား၏။

“တိုက်ပွဲ ဟုတ်လား၊ ခင်ဗျားပဲ တိုက်ပွဲတစ်ခုနဲ့ ကြုံကောင်းကြုံနိုင်တယ်လို့ ပြောခဲ့တယ်”

“ဟုတ်ပါတယ်ရှင်”

“ကျုပ်တို့ ဘယ်ရန်သူမျိုးနဲ့ ရင်ဆိုင်ရမလဲဆိုတာ ခင်ဗျား ကြိုတင်သိထားသလား၊ ဒါမှမဟုတ် တွေးမိထားတာများ မရှိဘူးလားဗျ”

လှျံကူးညံ့ ခေါင်းယမ်းလိုက်၏။

“ရှင်မှားနေပြီ၊ အခုအချိန်မှာ တိုက်ပွဲနဲ့ ထိပ်တိုက်ရင်ဆိုင်တွေ့ဖို့ စောပါသေးတယ်”

“ဗျာ”

ရှောင်လီ ကြောင်အမ်းအမ်း ဖြစ်သွား၏။

လှျံကူးညံ့ကို နားမလည်နိုင်စွာ ကြည့်လိုက်သည်။

လျှံကူးညံက ပြုံးလိုက်သည်။

"ကျွန်မတို့ ရန်သူနဲ့ ထိပ်တိုက်ရင်ဆိုင် တွေ့မယ်လို့ ရှင် ယူဆထားတယ် ဟုတ်သလားရှင်"

"ဟုတ်တယ်လေ၊ ခင်ဗျားပြောတာက သည်လိုသဘော သက်ရောက်နေတာပဲ မဟုတ်လား"

"ကျွန်မက ပွဲကြီးပွဲကောင်းတစ်ခု ကြည့်ရမယ်လို့ ပြောတာပါ"

ရောင်လီ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

"ကျုပ်တို့က တိုက်ပွဲတစ်ခုကို တွေ့ရမြင်ရမယ်၊ ကျုပ်တို့နဲ့တော့ မပတ်သက်ဘူးဆိုပါတော့"

"ဟုတ်ပါတယ်ရှင်"

"ကဲ ပြောစမ်းပါဦး၊ ဘယ်လို တိုက်ပွဲမျိုးလဲ ဘယ်သူတွေရဲ့ တိုက်ပွဲလဲ"

လျှံကူးညံ သက်ပြင်းချလိုက်ပြီး...

"ကျွန်မ အတွေးမှန်မယ်ဆိုရင် သိပ်ကြာကြာ မစောင့်ရတော့ပါဘူးရှင်"

သူမ၏စကားသံနှင့် မရှေးမနှောင်းမှာပင် တောင်ကုန်းအောက်ခြေ မြောက်ဘက်ခြမ်းမှ စူးရှသော အော်ဟစ်သံများ ပြင်းထန်စွာ တိုက်ခိုက်နေကြသော အသံများ တစ်ခဲနက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရတော့၏။

♠ ♠ ♠



ပြင်းထန်သော တိုက်ခိုက်သံများသည် လေနှင့်အတူ တောင်ကုန်းပေါ်သို့ လွင့်ပျံလာသည်။

နာကျင်ညည်းတွား အော်ဟစ်သံများ၊ သံသံချင်း ပြင်းထန်စွာ ထိတွေ့မိသံများ၊ ဩသံပေးသံ၊ အမိန့်ပေးသံများ တစ်ခဲနက် ထွက်ပေါ်လာလေ၏။

တိုက်ပွဲကြီးတစ်ခု ပေါ်ပေါက်လာပြီ ဖြစ်၏။

ရောင်လီ ရင်ထိတ်သွား၏။

လျှံကူးညံကို လှမ်းကြည့်လိုက်သည်။

လျှံကူးညံက...

"ကဲ ကျွန်မ မပြောဘူးလား၊ တိုက်ပွဲတစ်ပွဲ ကြည့်ရပါတော့မယ်လို့"

"ဘယ်သူတွေ တိုက်ခိုက်နေတာလဲ"

"ရှင်ကြည့်ချင်တယ်ဆိုရင် သွားကြည့်ပါလား"

ရောင်လီက မဲ့ပြုံးပြုံးလိုက်သည်။

"ကောင်းပြီ၊ ကျုပ်သွားကြည့်မယ်"

စကားဆုံးလျှင် မြောက်ဘက်သို့ ဦးတည်ကာ မြင်းမောင်းနှင်သွား၏။

မြောက်ဘက်သို့ ရောက်လျှင် တောင်ကုန်းအောက်ဘက် အတော်ဝေးဝေးတွင် မီးရောင်များ ထွက်ပေါ်နေသည်ကို တွေ့မြင်ရ၏။

မီးရောင်များ ထွက်ပေါ်နေသလို လရောင်လည်း ဖြာကျ

နေခြင်းကြောင့် မြေပေါ်တွင် လှုပ်ရှားပြေးလွှားရင်း ပြင်းထန်စွာ တိုက်ခိုက်နေသည်ကို ဝိုးတဝါး တွေ့မြင်ရသည်။

တိုက်ပွဲကား အလွန်ပြင်းထန်ပုံရသည်။

မြေပြင်ပေါ်ဝယ် ခြေစုံရပ်ကာ ရင်ဆိုင်တိုက်ခိုက်နေကြသူများလည်း ရှိနေသလို မြင်းများစီးနင်းကာ တိုက်ခိုက်သူများလည်း ရှိနေကြသည်ကို တွေ့မြင်ရသည်။

"သူတို့ အငိုက်မိသွားပုံရတယ်"

ရုတ်တရက် နောက်ကျောဘက်ဆီမှ စကားသံ ထွက်ပေါ်လာသည်။

ရောင်လီ လှည့်ကြည့်လိုက်သည်။

ထိုအခါ...

သူ၏အနီးသို့ လှျံကူးညံ ရောက်ရှိလာသည်ကို တွေ့မြင်ရသည်။

ရောင်လီ မျက်မှောင်ကြုတ်ကာ...

"ဘယ်သူတွေလဲဗျ"

ဟုမေးလိုက်သည်။

လှျံကူးညံက...

"ရှင်နားထောင်ကြည့်ပါလား"

ရောင်လီ အာရုံစိုက်ကာ နားထောင်ကြည့်လိုက်သည်။

ဝှေ့ယမ်းတိုက်ခိုက်လာသည့် လေပြည်တွင် အော်ဟစ်သံများ၊ ဩသံပေးသံများ ပါဝင်လာသည်ကို ကြားရသည်။



သေသေချာချာ နားထောင်ကြည့်လိုက်ရာ...

"ကြယ်ပျံအာမခံဌာနနဲ့ဟော့"

ဟူသော မာန်ဝင့်သံများ ကြားရသလို...

"ကြယ်ပျံအာမခံဌာနက လူတွေကို တစ်ယောက်မှ မလွတ်စေနဲ့"

ကျယ်လောင်စွာ အမိန့်ပေးနေသော အသံများ၊ ဩသံများ ထွက်ပေါ်လာသည်ကိုလည်း ကြားလိုက်လေသည်။

ထိုအသံများကို ကြားလိုက်ရလျှင် ရောင်လီ မျက်လုံးပြူးသွားလေသည်။

လှျံကူးညံဘက်သို့ ချာခနဲလှည့်ကာ...

"ကြယ်ပျံအာမခံဌာနက လူတွေကို ရန်သူတွေ ဝိုင်းပြီး တိုက်ခိုက်နေကြတာပဲဗျ"

ဟုပြောလိုက်လေသည်။

သူ၏ပြောပုံဆိုပုံနှင့် လေသံမှာ အလျင်စလို နိုင်လှပေ၏။

ကြယ်ပျံအာမခံဌာနမှ လူများအတွက် အခု ချက်ချင်း သွားရောက် အကူအညီပေးလိုသည့် သဘောလည်း ဖြစ်လေသည်။

လှျံကူးညံ သက်ပြင်းချလိုက်သည်။

"ဟုတ်တယ်၊ ကြယ်ပျံအာမခံဌာနက လူတွေဟာ ရန်သူနဲ့ ရင်ဆိုင်နေရပြီ"

"ကျုပ်တို့ သည်အတိုင်း လက်ပိုက်ကြည့်နေရတော့မှာလား"

ရှောင်လီ မနေနိုင်တော့ဘဲ ပြောင်ဖွင့်မေးလိုက်လေသည်။

လျှံကူးည် ခေါင်းခါယမ်းလိုက်သည်။

"တောင်ကုန်းပေါ်က ကြည့်တော့ နီးနီးကလေးလို့ ထင်ရတယ်၊ ကျွန်မတို့ သွားမယ်ဆိုရင် အတော်ကြာကြာ သွားရလိမ့်မယ်၊ ကျွန်မတို့ မရောက်ခင် တစ်ယောက်မကျန် သုတ်သင်ခံရပြီး ဖြစ်နေမှာပဲရှင့်"

"ဘာဗျ"

"သူတို့ လွတ်မြောက်သွားဖို့ မလွယ်ဘူး"

ရှောင်လီ မကျေမနပ် ဖြစ်သွားလေသည်။

လျှံကူးည် ပြောသည့်အတိုင်းဆိုလျှင် ကြယ်ပျံအာမခံဌာနမှ လူများ တစ်ယောက်မကျန် သုတ်သင်ခြင်းခံရမည် ဖြစ်သည်။

ထိုအချက်ကို သူမကိုယ်တိုင် ကြိုတင်သိရှိထားပုံရ၏။

လျှံကူးည်ကို စိုက်ကြည့်ရင်း...

"သူတို့ဟာ ကျုပ်တို့နဲ့ လမ်းခွဲပြီး ရှေ့ခရီး ဆက်သွားကြသူတွေ မဟုတ်လား"

လျှံကူးည် ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်"

"ဒါဆို သူတို့ အခုလို အဖြစ်မျိုးနဲ့ ကြုံတွေ့ရမှာကို ခင်ဗျား ကြိုတင်သိရှိထားတယ် မဟုတ်လား"

လျှံကူးည် ပြုံးလိုက်သည်။

သူမအား အပြစ်ဖို့သော မေးခွန်းဖြစ်သော်လည်း စိတ်ဆိုး



သွားပုံ မရပါချေ။

သူမက ဟုတ်ပါသည်ဟု ခေါင်းညိတ်ဝန်ခံလိုက်လျှင် ရှောင်လီ ဒေါသအိုး ပေါက်ကွဲသွားစေနိုင်သော အခြေအနေမျိုးလည်း ဖြစ်သည်။

သူမ၏အဖြေပေးပုံမှာ ပါးနပ်လိမ္မာလှသည်။

ရှောင်လီအား တစ်ချက်ကြည့်ကာ...

"ကျွန်မတို့ ခရီးထွက်လာပြီဆိုကတည်းက အန္တရာယ်နဲ့ မလွဲမသွေ ကြုံတွေ့ရမယ်ဆိုတာ အားလုံး သိထားကြတာပဲ၊ အာမခံအဖွဲ့သားတိုင်းဟာ ခရီးတစ်ခုမှာ အချိန်မရွေး အသက်ဆုံးရှုံးသွားနိုင်တယ်ဆိုတာ သိထားကြတယ်လေ၊ ကျွန်မက ကြိုတင်သိရှိထားတယ်ဆိုရင်တောင်မှ ဒါဟာ ထူးဆန်းတဲ့ကိစ္စ မဟုတ်ဘူးလို့ ပြောရတော့မှာပေါ့ရှင်"

ရှောင်လီ ပါးစပ်ပိတ်ထားလိုက်ရတော့သည်။

လျှံကူးည်သည် သူထင်ထားသည်ထက် ပို၍ ပါးနပ်သူ ဖြစ်ကြောင်းလည်း ချက်ချင်း နားလည်သွား၏။

လျှံကူးည်က ဆက်ပြောလိုက်သည်။

"ကျွန်မကို ရှင်က အပြစ်တင်ချင်တယ်ဆိုရင် သူတို့ကို အယောင်ပြ စေလွှတ်လိုက်ပြီး ကျွန်မတို့ လမ်းခွဲထွက်လာခဲ့ကြတယ်ဆိုတဲ့ အချက်ကိုပဲ အပြစ်ယူလို့ ရမယ်၊ သည်အချက်ဟာလဲ အားလုံး စိတ်တူသဘောတူ ပြုလုပ်ခဲ့ကြတာပဲ"

ရှောင်လီက...

"ကြယ်ပျံအာမခံဌာနပိုင်ရှင်ဟန်လုံက သူ့ရဲ့လူတွေကို ကြိုက်သလို အသုံးပြုခွင့် ပြုထားတယ်ပေါ့ ဟုတ်သလား"

"ဟုတ်ပါတယ်ရှင်"

"ကောင်းပြီ၊ ဟန်လုံနဲ့ ခင်ဗျား ဘယ်လိုပတ်သက်နေတယ်ဆိုတာ ပြောပြရင် ကျုပ်တို့နှစ်ယောက် အခုထက် ပိုပြီး ရင်းရင်းနှီးနှီး ဖြစ်လာနိုင်မယ်လို့ ကျုပ်ထင်ပါတယ်ဗျာ"

လျှံကူးညံ့ ပြုံးလိုက်လေသည်။

"ရပါတယ်ရှင်၊ ကျွန်မတို့အားလုံး တစ်ယောက်အပေါ်တစ်ယောက် နားလည်ယုံကြည်မှု ရှိကြရင် အကောင်းဆုံးပါပဲ၊ ရှင်နားလည်အောင် အလွယ်ဆုံး ပြောရရင် ဟန်လုံဟာ ကျွန်မအဖေရဲ့ တပည့်တစ်ယောက် ဖြစ်နေခဲ့လို့ ကျွန်မဖေဖေရဲ့ မျက်နှာထောက်ထားပြီး ကျွန်မအတွက် ကူညီဆောင်ရွက်ပေးနေတာပါ"

ရှောင်လီမှာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

သူလုံးဝ မထင်မှတ်သည့် ကိစ္စတစ်ခုအား ကြားသိလိုက်ရသည် မဟုတ်ပါလား။

လျှံကူးညံ့ ပြောသည့် စကားအတိုင်း မှန်လျှင် ဟန်လုံနှင့် ကျားယန့်တို့က ရိုသေလေးစားနေကြသည်မှာ ထူးခြားသောအကြောင်း ကိစ္စတစ်ခု မဟုတ်တော့ချေ။

ဆရာဖြစ်သူ၏သမီးကို မည်သူမဆို လေးလေးစားစား ဆက်ဆံကြမည် မဟုတ်ပါလား။

ဆရာ၏သမီးအတွက် အသက်စွန့် ကူညီသည်မှာလည်း



ထူးဆန်းသည့် ကိစ္စတစ်ခု မဟုတ်တော့ချေ။

လျှံကူးညံ့က ပြုံးလိုက်သည်။

"ကျွန်မဟာ ဟန်လုံအပေါ် သြဇာညောင်းတယ်ဆိုတာကို ရှင်ရိပ်မိသွားရင် တစ်မျိုးတစ်မည် အတွေးဝင်လာနိုင်တယ်ဆိုတာ ကျွန်မသိထားပါတယ်၊ ဒါကြောင့် ရှင်းပြထားတာပါ၊ ဟန်လုံရဲ့ဆရာ ကျွန်မဖေဖေဟာ ဘယ်သူဘယ်ဝါဆိုတာ ဆက်ပြီး ရှင်းပြရဦးမလား ရှင်"

ဟုမေးလေသည်။

ရှောင်လီ အားတုံ့အားနာ ဖြစ်သွားသည်။

ကပျာကယာ လက်ကာပြလိုက်ပြီး...

"ဟာ နေပါစေတော့ဗျာ၊ ကျုပ်ကို ရှင်းပြဖို့ မလိုတော့ပါဘူး"

လျှံကူးညံ့က...

"အင်း ရှင် မလိုအပ်ဘူးဆိုရင်လည်း ကျွန်မ မပြောတော့ပါဘူး၊ ကျွန်မတို့ သယ်ဆောင်လာတဲ့ ပစ္စည်းနဲ့ ပတ်သက်လို့ကော ရှင်းပြစရာ လိုသေးလား"

ရှောင်လီ ငိုင်သွားသည်။

လျှံကူးညံ့က သူ့အား လိုက်လိုက်လျောလျော ဆက်ဆံနေခြင်းကြောင့် တဲ့တိုးမေးရမည်ကို အားနာနေမိသည်။

ထို့ကြောင့်...

"ကိစ္စမရှိပါဘူးဗျာ၊ ဒါတွေဟာ ကျုပ်နဲ့ သက်ဆိုင်တဲ့ ကိစ္စမှ

မဟုတ်ဘဲ ခင်ဗျားတို့ကို ကူညီဖို့သာ ကျုပ်မှာ တာဝန်ရှိတာပါ၊ ရှင်းပြစရာ မလိုပါဘူးဗျာ"

လျှံကူးညံက သဘောကျစွာ ပြုံးလိုက်သည်။

"ဒါဖြင့်လဲ ရှင့်သဘောပါပဲ၊ တစ်ခုတော့ ရှိပါတယ်၊ ကျွန်မတို့ အခုသွားရမယ့် ခရီးလမ်းဟာ အခက်အခဲ အန္တရာယ်တွေ ထူပြောလွန်းတာမို့ ရှင်ဆိုင်ကျော်လွှားရင်း ကျွန်မတို့ ခရီးစဉ်နဲ့ အဓိပ္ပါယ်ကို ရှင်နားလည် သဘောပေါက်လာမှာပါ၊ ရှင့်ကို ရှင်းပြစရာ မလိုဘဲ အလိုလို နားလည်သိရှိလာမယ်ဆိုတာ ကျွန်မ အာမခံပါတယ်ရှင်"

ရောင်လီ သက်ပြင်းချလိုက်သည်။

လျှံကူးညံသည် လိမ္မာပါးနပ်လှသည့်အပြင် စကားကို ပရိယာယ်ကြွယ်ဝသူ ဖြစ်ကြောင်း ရိပ်မိလိုက်သည်။

သူက လျှံကူးညံအပေါ် နားမလည်နိုင်သည့် အချက်အလက်များ ရှိနေခဲ့သည်ကို လျှံကူးညံက သွယ်ဝိုက်ကာ ရှင်းပြသွားသည်။

အချို့သော အချက်အလက်များကို သူ၏ဆန္ဒနှင့်ပင် မေးမြန်းခြင်း မပြုလိုတော့အောင် သိမ်းသွင်းနိုင်ခဲ့သည်။

သူမ၏ပါးနပ်မှုကို ချက်ချင်းတွေးမိလိုက်သည်ကပင် ကံကောင်းသည်ဟု ဆိုရပေမည်။

လျှံကူးညံက သူ့အား အန္တရာယ်ပြုမည် မဟုတ်သော်လည်း အထူးသတိထား ဆက်ဆံရမည် ဖြစ်ကြောင်း နားလည်လိုက်၏။



"ကဲ ကျွန်မတို့ အချိန်ရှိတုန်း ခရီးဆက်ကြရင် ကောင်းမယ်၊ ရန်သူတွေက ကျွန်မတို့ကို မတွေ့ရလို့ ဒေါသတကြီးနဲ့ လိုက်ရှာနေကြမှာ သေချာတယ်၊ သူတို့နဲ့ ဝေးနိုင်သမျှ ဝေးအောင် ရှောင်ကွင်းသွားကြရမှာပဲ"

လျှံကူးညံ၏စကားကြားမှ ရောင်လီ သတိဝင်လာသည်။

အဝေးဆီသို့ လှမ်းမျှော်ကြည့်လိုက်မိသည်။

ထိုအခါ အဝေး၌ ဖြစ်ပေါ်နေသော တိုက်ပွဲမှာ ပြီးဆုံးသွားပြီ ဖြစ်ကြောင်း တွေ့ရှိရလေသည်။

အော်ဟစ်သံ၊ တိုက်ခိုက်သံများ ပျောက်သွားချေပြီ။

ရောင်လီ သက်ပြင်းချလိုက်သည်။

လျှံကူးညံသည် သူတို့အား ရန်သူ မတွေ့စေရန် ရှောင်ကွင်းနိုင်ခဲ့သလို တစ်ဘက်မှ တွေးလျှင် ဒုက္ခရောက်မည်ကို သိပါလျက် ကြယ်ပျံအာမခံဌာနမှ သိုင်းသမားများကို ရန်သူ ရှိရာ ဦးတည်စေလွှတ်ခဲ့သည်။

သူတို့အတွက် ကြယ်ပျံအာမခံဌာနမှ သိုင်းသမားများ၏ အသက်ကို စတေးလိုက်သည်နှင့် တူလှပေသည်။

ရောင်လီ၏ရင်ထဲ တင်းကျပ်လာသည်။

လျှံကူးညံ၏အစီအစဉ်သည် တစ်ခုခု မှားယွင်းနေပြီဟုလည်း ခံစားလိုက်ရလေသည်။

သို့သော် သူနောက်ဆုတ်တော့မည် မဟုတ်ပါ။ သက်ပြင်းချကာ လျှံကူးညံနောက်သို့ လိုက်သွားရလေသည်။

လှျံကူးညံက...

"အားလုံး ခရီးဆက်ကြမယ်"

ဟုအော်ပြောလိုက်သည်။

ထို့နောက် သူမကပင် ဦးဆောင်ကာ တောင်ကုန်း၏ အနောက်ဘက်ခြမ်းမှတဆင့် အောက်သို့ ဆင်းသွားသည်။

အားလုံးသော လူများသည် သူမနောက်သို့ တညီတညာတည်း လိုက်ပါသွားကြလေတော့သည်။

♠ ♠ ♠



## သောင်းကျန်းတဲ့ရုပ်ဆိုး

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီ ဖြစ်သည်။

နေရောင်ခြည် ထွက်ပေါ်လာသည်နှင့် အမှောင်ထု လွင့်ပါး ပျောက်ကွယ်သွားသည်။

ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ဖြစ်လာသည်။

လမ်းကလေး၏ ဘေးတစ်ဘက်တစ်ချက်စီတွင် စိမ်းလန်းစို ပြည်သော တောအုပ်များ လွှမ်းမိုးနေပါ၏။

လှျံကူးညံက ရှေ့ဆုံးမှ ခရီးနှင်နေဆဲ။

အားလုံးသော လူများကလည်း သူမနောက်သို့ တစိုက်မတ်မတ် လိုက်သွားနေကြဆဲပင်။

တစ်ညလုံး ခရီးဆက်လာရသဖြင့် ရောင်လီမှာ အိပ်ငိုက်လာလေသည်။

လမ်းတွင် သုံးလေးကြိမ်မျှ ခေတ္တရပ်နားခဲ့သည်။

သူတို့ ရပ်နားလိုက်သည်နှင့် ချက်ချင်းပင် နောက်ချန်နေရစ်ခဲ့သော အနက်ရောင်ဝတ်ဆင်ထားသူ ရောက်ရှိလာသည်။

ထိုလူက နောက်ယောင်ခံလိုက်လာသူ ကင်းရှင်းကြောင်းလာရောက် သတင်းပို့သူ ဖြစ်သည်။

သတင်းပို့ပြီးသည်နှင့် ပြန်လည်ထွက်သွားသည်။

လျှံကူးညံကလည်း ရှေ့ဆက်ထွက်လာခဲ့သည်။

ဤသို့ဆိုလျှင် နောက်ယောင်ခံလိုက်လာသည့် ရန်သူနှင့်တွေ့ဆုံမည် မဟုတ်ဘဲ ရှေ့မှ အသင့်စောင့်ကြိုနေသော ရန်သူနှင့်သာ ရင်ဆိုင်ရမည် ဖြစ်ကြောင်း ရောင်လီ တွေးမိလေသည်။

နောက်ယောင်ခံလိုက်နေသူ ရှိကြောင်း သတင်းပို့ပါလျှင် လျှံကူးညံက ခရီးလမ်းကြောင်း ပြောင်းနိုင်မည် မဟုတ်ပါလား။

ထိုအခါ ရန်သူကို မျက်ခြည်ပြတ် ရောင်ကွင်းပြီးသား ဖြစ်သွားချေမည်။

သူတို့ရှေ့သို့ တစိုက်မတ်မတ် ခရီးနှင်လာကြစဉ် ရုတ်တရက်...

"ရပ်လိုက်"

လျှံကူးညံက လက်တစ်ဘက် အပေါ်ထောင်ပြကာ ရပ်တန့်ရန် အမိန့်ပေးလိုက်သည်ကို ကြားလိုက်ရ၏။



သူမ၏စကားသံ ထွက်ပေါ်လာသည်နှင့် အားလုံး စနစ်တကျ ရပ်တန့်သွားကြလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူများ၏ စည်းကမ်းသေဝပ်မှုကို ရောင်လီ ကျိတ်၍ ချီးကျူးမိလေသည်။

ရောင်လီက လျှံကူးညံ အနီးသို့ ချဉ်းကပ်သွားပြီး...

"ဘာဖြစ်လို့လဲဗျ"

ဟုလှမ်းမေးလိုက်သည်။

လျှံကူးညံက အရှေ့ဘက်သို့ ညွှန်ပြလိုက်ပြီး...

"ရှေ့မှာ ရွာကလေးတစ်ရွာ ရှိနေတယ်၊ ကျွန်မတို့ အရမ်းဝင်သွားလို့ မဖြစ်သေးဘူး"

ဟုပြောပြလေသည်။

ရောင်လီက အရှေ့ဘက်သို့ အကဲခတ်ကြည့်လိုက်သည်။

ထိုအခါ...

အရှေ့ဘက်တွင် အိမ်ခြေသုံးလေးရာခန့်ရှိ ရွာကလေးတစ်ရွာ တည်ရှိနေသည်ကို တွေ့မြင်ရလေသည်။

ရွာကလေးမှာ စည်စည်ကားကား ရှိနေလိမ့်မည်ဟု ခန့်မှန်းရလေသည်။

ရောင်လီက...

"ကျုပ်သွားပြီး အကဲခတ်ကြည့်လိုက်ရမလား"

မေးလိုက်လေသည်။

လျှံကူးညံ ခေါင်းခါယမ်းလိုက်သည်။

"ရှင်သွားစရာ မလိုသေးပါဘူး၊ ကျွန်မက ကျားယန့်ကို လွှတ်လိုက်မယ်လို့ စိတ်ကူးထားတယ်"

"ကောင်းပြီလေ၊ ခင်ဗျားသဘောပဲ"

လျှံကူးညံက ကျားယန့်ကို လှမ်းခေါ်လိုက်သည်။

ကျားယန့် ချက်ချင်း ရောက်ရှိလာလေသည်။

လျှံကူးညံက ရွာကလေးဆီသို့ ညွှန်ပြလိုက်ပြီး...

"ရှင်က အခြေအနေ သွားပြီး အကဲခတ်ကြည့်ရလိမ့်မယ်"

"ကျွန်မတို့အတွက် အန္တရာယ် ရှိမရှိ စားစရာ ရနိုင်မရနိုင် ခဏနားလို့ ရမရ အဓိကထားပြီး စုံစမ်းခဲ့ပါ"

ဟုပြောလိုက်လေသည်။

ကျားယန့် ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ"

စကားဆုံးလျှင် မြင်းဒုန်းစိုင်းကာ ရွာကလေးဆီသို့ အပြေးနှင်သွားလေသည်။

လျှံကူးညံက ကျန်လူများဘက်သို့ လှည့်ကာ...

"အနားယူဖို့ စိတ်မကူးကြနဲ့၊ အန္တရာယ်က အချိန်မရွေး ကျရောက်လာနိုင်တယ်၊ ဒါကြောင့် တိုက်ပွဲဝင်ဖို့ အသင့်ပြင်ထားကြပါ"

အမိန့်ပေးလိုက်လေသည်။

သူမ၏လူများသည် ချက်ချင်းပင် တိုက်ပွဲဝင်ရန် အသင့်ပြင်ထားလိုက်ကြလေသည်။

ရှောင်လီက ပြုံးလိုက်သည်။



လျှံကူးညံ၏လူများသည် စနစ်တကျ လေ့ကျင့်ထားသည့် ကြယ်ပျံအာမခံဌာနမှ လူများထက်ပင် ပို၍ စည်းကမ်းသေဝပ်ကာ စနစ်တကျ ရှိလှသည်ဟု တွေးမိလေသည်။

လျှံကူးညံသည် ထိုကဲ့သို့ နောက်လိုက်များ ရှိနေပါလျက် အဘယ်ကြောင့် ဟန်လုံထံ လာရောက် အကူအညီ တောင်းရပါသနည်း။

ရှောင်လီက အံ့သြသော အကြည့်ဖြင့် လျှံကူးညံကို လှမ်းကြည့်လိုက်မိ၏။

ထိုစဉ်မှာပင်...

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်လီက လှမ်းကြည့်လိုက်သောအခါ သူတို့ထံ ဦးတည်ကာ မြင်းတစ်ကောင် ဒုန်းစိုင်းနှင်လာနေသည်ကို တွေ့မြင်ရလေသည်။

ကျားယန့် ပြန်လည်ရောက်ရှိလာပြီ ဖြစ်လေသည်။

ကျားယန့် ရောက်ရှိလာသည်ကို မြင်လျှင် လျှံကူးညံက...

"အခြေအနေ ဘယ်လိုလဲ"

ဟုဆီး၍ မေးလိုက်လေသည်။

ကျားယန့်က...

"ရွာကလေးမှာ ပြဿနာတစ်ခု ရှိနေပါတယ်"

ခရီးရောက်မဆိုက် ရှင်းပြလေသည်။

ရောင်လီ၊ ဟန်လုံနှင့် လှုံကူးညံ့တို့ စိတ်ဝင်စားသွားကြလေသည်။ ကျားယန့် အနီးသို့ ချဉ်းကပ်သွားကြ၏။

လှုံကူးညံ့က...

"ရွာကလေးမှာ ပြဿနာ ရှိနေတယ် ဟုတ်လား"

ကျားယန့်က...

"ဟုတ်ပါတယ်"

"ကဲ ဘယ်လို ပြဿနာ ရှိနေတယ်ဆိုတာ ပြောစမ်းပါဦး"

ကျားယန့်က...

"ရွာကလေးဟာ သာမန်တွေထက် ကြီးပါတယ်၊ အိမ်ခြေများသလို လူလဲများတော့ စည်စည်ကားကား ရှိနေသင့်ပါတယ်၊ ဒါပေမယ့် ရွာကလေးဟာ ခြောက်ကပ်ကပ် ဖြစ်နေတယ်၊ လူတွေကို ကြည့်ရတာ တစ်ခုခုကြောင့် စိတ်ဆင်းရဲနေပုံရပါတယ်၊ ကျုပ်စုံစမ်းကြည့်တော့ ဘယ်လို ပြဿနာဆိုတာ သူတို့ ပြောပြချင်ကြပုံ မရပါဘူး၊ သူတို့ ရွာကို လူဆိုးကြီးတစ်ယောက် လာပြီး သောင်းကျန်းနေရှိတယ်လို့ပဲ အကြမ်းဖျဉ်းသိခဲ့ရပါတယ်"

ဟုပြောလိုက်လေသည်။

ထိုစကားကြားလျှင် ဟန်လုံက...

"လူဆိုးကြီးတစ်ယောက် သောင်းကျန်းနေတယ်ဆိုရင် ကျုပ်တို့သွားလို့ ဖြစ်ပါ့မလား၊ ရောင်သွားတာ ကောင်းမယ် ထင်တယ်"



ဟုအကြံပေးလိုက်သည်။

လှုံကူးညံ့က ဘာမှ မပြောဘဲ စဉ်းစားနေ၏။

ရောင်လီက ရွာကလေးဆီသို့ လှမ်းမျှော်ကြည့်လိုက်လေသည်။

ရွာကလေးမှာ အခြားရွာများထက် ကြီးမားသည်က မှန်ပေသည်။

သို့သော်...

ရွာကြီးတစ်ရွာ ဖြစ်လျှင် စည်စည်ကားကား ရှိနေသင့်၏။ ယခုတော့ လူရိပ်လူယောင်မျှပင် မတွေ့ရဘဲ ခြောက်ကပ်ကပ် ဖြစ်နေ၏။

"ရှင်ဘယ်လို သဘောရသလဲ"

လှုံကူးညံ့၏စကားသံ ထွက်ပေါ်လာမှ ရောင်လီ သက်ဝင်လာသည်။

လှုံကူးညံ့ဘက် လှည့်ကြည့်လိုက်လေသည်။

လှုံကူးညံ့က သူ့အား စိုက်ကြည့်နေသည်ကို တွေ့ရလေ၏။

သူ၏ရှုးရှသော အကြည့်တွင် အကူအညီတောင်းသည့် သဘောမျိုး သက်ရောက်ပါဝင်နေလေသည်။

ရောင်လီ ရင်ထဲ လှုပ်ရှားသွားသည်။

လှုံကူးညံ့ကို ကြည့်ကာ...

"ကျုပ်တို့ အခြေအနေ သွားကြည့်ရင် မကောင်းဘူးလားဗျ"

ဟုလွှတ်ခနဲ ပြောလိုက်လေသည်။

အဘယ်ကြောင့် ထိုသို့ ပြောလိုက်မိသည်ကို စဉ်းစားမရပါ။

ရွာထဲ၌ သောင်းကျန်းနေသည့် လူဆိုးကြီးနှင့် တွေ့လိုစိတ်ရှိခြင်းကြောင့်ဖြစ်မည်ဟု ကိုယ့်ကိုယ်ကို ဖြေသိမ့်လိုက်ရသည်။

လျှံကူးညံက...

"ကောင်းသားပဲ၊ သွားကြတာပေါ့"

ဟုပြောလိုက်သည်။

သူမ၏စကားကြောင့် ရောင်လီ အံ့ဩသွားလေသည်။

လျှံကူးညံက အန္တရာယ်အား ရောင်ကွင်းရန် ရွာကလေးဆီသို့ မသွားဘဲ ကွေ့ပတ်သွားမည်ဟု ထင်ခဲ့မိသည်။

ယခုတော့ သူ၏ဆန္ဒကို အရေးပေးကာ ရွာကလေးဆီသို့ သွားရန် သဘောတူလိုက်ပြီ ဖြစ်လေသည်။

လျှံကူးညံကို နားမလည်နိုင်စွာ ကြည့်လိုက်မိ၏။

လျှံကူးညံက သူ့အား ပြုံးပြလိုက်ပြီး...

"တစ်ခုတော့ ရှိတယ်၊ ကျွန်မတို့ ရွာကလေးမှာ အနားယူနေတုန်း လူဆိုးကြီး လာပြီး သောင်းကျန်းတယ်ဆိုရင် ကျွန်မတို့ကို မနှောင့်ယှက်ရလေအောင် ရှင်က တာဝန်ယူရလိမ့်မယ်"

ရောင်လီ မဲ့ပြုံးပြုံးလိုက်သည်။

"ကောင်းပြီ၊ ကျုပ်တာဝန်ယူတယ်"

"ဒါဖြင့် သွားကြတာပေါ့"

ဤတွင် ဟန်လုံက ကြားဝင်ကန့်ကွက်လိုက်လေသည်။

"နေပါဦး၊ ကျုပ်တို့ သွားလို့ မဖြစ်ဘူး ထင်တယ်"



လျှံကူးညံက...

"ဘာဖြစ်လို့လဲရှင်"

"လူဆိုးကြီးတစ်ယောက် သောင်းကျန်းနေတယ်ဆိုတော့ ကျုပ်တို့ကိုပါ အနှောင့်အယှက် ပေးမလာဘူးလို့ မပြောနိုင်ဘူး၊ တော်ကြာ ကျုပ်တို့ အစီအစဉ်တွေ ပျက်ကုန်ပါဦးမယ်"

လျှံကူးညံ ပြုံးလိုက်သည်။

"သောင်းကျန်းနေတဲ့ လူဆိုးကြီးကို ရောင်လီက တာဝန်ယူမယ်ဆိုရင်ကော"

"ဒါ..ဒါက.."

ဟန်လုံ ရှေ့မည်သို့ ဆက်ပြောရမှန်းမသိ ဖြစ်သွားလေသည်။

လျှံကူးညံက...

"လူဆိုးကြီးအတွက် ဘာမှ မပူပါနဲ့ရှင်၊ ကျွန်မတို့ လူတွေ ခရီးပန်းလို့ အနားယူဖို့ လိုနေပြီ၊ ရွာကလေးမှာ နားလို့ရယမ်၊ အစားအစာ ရနိုင်မယ် မဟုတ်လားရှင့်"

ဟန်လုံ ပါးစပ်ပိတ်ထားလိုက်သည်။

လျှံကူးညံက သွားမည်ဆိုလျှင် မည်သို့မျှ ဟန့်တား၍ ရမည် မဟုတ်ကြောင်း နားလည်သဘောပေါက်လိုက်လေသည်။

လျှံကူးညံက လက်ဝှေ့ယမ်းပြလိုက်ပြီး...

"အားလုံး သွားကြမယ်"

ဟုပြောလိုက်လေသည်။

ထို့နောက်…

ရှောင်လီနှင့် ပန်းချင်းယှဉ်ကာ မြင်းကို အသားကျ စီးနင်းလျက် ရွာကလေးဆီသို့ ဦးတည်သွားလေသည်။

ကျန်လူများလည်း စောဒက မတက်ဝံ့ကြဘဲ သူတို့နောက်သို့ ထက်ကြပ်မကွာ လိုက်ပါသွားကြလေတော့သည်။

♠ ♠ ♠



ရွာကလေး…

ရွာကလေးမှာ အိမ်ခြေသုံးလေးရာခန့် ရှိသော ရွာကလေးဖြစ်လေသည်။

တောင်နှင့်မြောက် သွယ်တန်းထားသော လမ်းမကြီးက ရွာကလေးအလယ်မှ ဖြတ်ကာ ဖောက်လုပ်ထားသည်။

ထိုရွာကလေး၏ လမ်းတစ်ဘက်တစ်ချက်တွင် အိမ်များအစီအရီ ရှိနေကြလေသည်။

ပတ်ဝန်းကျင်၌ မြေဩဇာကောင်းမွန်၍ စိုက်ပျိုး ဖြစ်ထွန်းသောကြောင့် ရွာသူရွာသားများ ချောင်ချောင်လည်လည် ရှိကြဟန်တူသည်။

ဆောက်လုပ်ထားသော အိမ်များမှာ ပုံစံကို အတုယူကာ လှပခန့်ညားစွာ ဆောက်လုပ်ထားကြသည်ကို တွေ့ရ၏။

ရှောင်လီတို့လူစု ရွာထိပ်သို့ ရောက်လာသည်နှင့်…

"ပြေးဟေ့..ပြေး လူဆိုးတွေ လာနေပြီ"

အော်သံတစ်ချက် ထွက်ပေါ်လာ၏။

ကလေးငယ်တစ်ယောက်က ရူးရူးဝါးဝါး အော်ဟစ်ကာ ရွာလယ်လမ်းအတိုင်း ဖနောင့်နှင့် တင်ပါး တသားတည်းကျအောင် ပြေးသွားသည်။

ကလေးငယ် ပြေးသွားသည့် လမ်းတစ်လျှောက်ဝယ် ရွာသူရွာသားများလည်း ထွက်ပြေးကုန်ကြသည်။

အချို့က အိမ်ထဲ ပြေးဝင်ကာ အိမ်တံခါးများ ပိတ်ထားလိုက်ကြသည်။

အချို့က ကလေးသူငယ်များကို တစာစာ အော်ဟစ်ခေါ်ရင်း ပြေးသွားကြသည်။

ဆူဆူညံညံ အသံများ ပွက်လောရိုက်သွားပြီး တခဏအတွင်းပင် တိတ်ဆိတ်ပျောက်ကွယ်သွားသည်။

ရွာလမ်းပေါ်တွင် လူသူ မဆိုထားနှင့် ခွေးတစ်ကောင်ကြောင်တစ်မြီးမျှပင် မတွေ့ရပါတော့ချေ။

အိမ်တိုင်းလိုလို တံခါးပိတ်ထားလိုက်ကြပြီ ဖြစ်သည်။

ရှောင်လီ ပင့်သက်ရှိုက်မိ၏။

ရွာကလေးမှ လူများသည် ကျီးလန့်စာ စားသည့် ဘဝမျိုးရောက်နေကြသည်ဟုလည်း တွေးလိုက်မိသည်။

ရွာကလေးမှ လူများ သွေးပျက်ခြောက်ခြားစေခဲ့အောင်ပြုလုပ်ခဲ့သူမှာ မည်သူ ဖြစ်ပါသနည်း။



ဆိုးသွမ်းသောင်းကျန်းနေသည့် လူဆိုးကြီးနှင့် ရင်ဆိုင်လိုစိတ်များ ဖြစ်ပေါ်လာတော့၏။

"ကျွန်မတို့ တစ်နေရာရာမှာ နားမှ ဖြစ်မယ်"

နံဘေး၌ ယှဉ်လျက် လိုက်ပါလာသည့် လျှံကူးညံ၏စကားသံ ထွက်ပေါ်လာသည်ကို ကြားရလေ၏။

ရှောင်လီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ တစ်ညလုံး ခရီးနှင်လာခဲ့တော့ အနားပေးဖို့လိုလိမ့်မယ်"

လျှံကူးညံက...

"ဒါဖြင့် ကျွန်မတို့ နားသင့်တဲ့ နေရာကို ရှင်ပဲ ရွေးပေးပါ"

ရှောင်လီက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

ထိုအခါ မလှမ်းမကမ်းတွင် ကြီးမားသော အိမ်ကြီးတစ်လုံးမှာ ခြံဝိုင်းကြီးတစ်ခုအတွင်း တည်ရှိနေသည်ကို တွေ့မြင်လိုက်ရ၏။

ရှောင်လီ သဘောကျသွားသည်။

"အဲဒီ ခြံဝိုင်းထဲမှာ ခဏနားကြရင် ကောင်းမယ်"

ဟုညွှန်ပြရင်း ပြောလိုက်သည်။

လျှံကူးညံလည်း သဘောကျသွား၏။

"ကောင်းသားပဲ၊ ကျွန်မတို့လူစု တကွဲတပြားစီ နေစရာ မလိုတော့ဘူးပေါ့၊ အားလုံး စုစုစည်းစည်း နေနိုင်တာကို ကျွန်မ သဘောကျဆုံးပဲရှင့်"

စကားဆုံးလျှင် ထိုခြံဝိုင်းဆီသို့ ဦးတည်သွားကြသည်။

ခြံဝိုင်းအတွင်းသို့ ရောက်လျှင် ရောင်လီနှင့် လျှံကူးညံတို့ မြင်းပေါ်မှ ခုန်ဆင်းလိုက်ကြ၏။

ရောင်လီကပင်...

"အိမ်ရှင်တို့...အိမ်ရှင်တို့"

ဟုအော်ခေါ်လိုက်၏။

သူ၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သို့သော် တုံ့ပြန်သံ မကြားရပါချေ။

ရောင်လီ မျက်မှောင်ကြုတ်သွားသည်။

ခြံဝိုင်းအတွင်းရှိ အိမ်ကြီး၏တံခါးများ၊ ပြတင်းပေါက်များ တင်းတင်းစေ့ကာ ပိတ်ထားခြင်းကြောင့် အတွင်း၌ လူရှိမည်မှာ ထင်ရှားလှသည်။

သူ၏ခေါ်သံကြားပါလျက် အဘယ်ကြောင့် မထူးဘဲ နေကြပါသနည်း။

ရောင်လီက...

"အိမ်ရှင်တို့...အိမ်ရှင်တို့"

ထပ်မံအော်ဟစ်ခေါ်လိုက်သည်။

ယခုတစ်ကြိမ် အိမ်ထဲမှ လှုပ်ရှားသံများ ထွက်ပေါ်လာသည်ကို သဲ့သဲ့ကြားရသည်။

သို့သော် တံခါးပွင့်မလာပါချေ။

ရောင်လီက လျှံကူးညံဘက် လှည့်ကြည့်လိုက်၏။

လျှံကူးညံက ပြုံးလိုက်သည်။



"သူတို့က နားမထောင်ဘူး ထင်တယ်၊ ဒီအတိုင်း ခေါ်နေလို့တော့ မဖြစ်တော့ဘူးရှင့်"

ပြောပြီးလျှင် လှေကားထစ်များအတိုင်း အိမ်ပေါ်သို့ ပြေးတက်သွားသည်။

ထို့နောက် တံခါးကို ကန်ကျောက်တွန်းဖွင့်ရန် ဟန်ပြင်လိုက်သည်။

"မလုပ်နဲ့"

ခြေအစုံ မြေပေါ်ဆောင့်ကာ အပေါ်သို့ ခုန်တက်လိုက်လေသည်။

လျှံကူးညံ ရှေ့သို့ ရောက်ရှိသွားပြီး ဟန့်တားထားလိုက်လေ၏။

လျှံကူးညံ မျက်မှောင်ကြုတ်သွားသည်။

"ရှင် ဘာလုပ်တာလဲ"

ရောင်လီ ခေါင်းယမ်းလိုက်သည်။

"သူတို့ကို ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံလို့ မဖြစ်ဘူးဗျ"

ဟုသတိပေးလိုက်သည်။

လျှံကူးညံက...

"ရှင် ဘာတွေ ပြောနေတာလဲ"

"သူတို့ဟာ လူဆိုးကြီး သောင်းကျန်းလို့ ကြောက်နေကြပါတယ်ဗျာ၊ ကျုပ်တို့က ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံလို့ မဖြစ်ပါဘူး"

"ရှင့်သဘောက.."

"ကျုပ်တာဝန်ယူပါရစေဗျာ"

လျှံကူးညံ့ သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ၊ ရှင်ခေါ်လို့ သူတို့ ထွက်မလာရင် ကျွန်မ အဆိုးမဆိုနဲ့နော်"

"စိတ်ချပါဗျာ"

ရောင်လီက တံခါးဘက်သို့ မျက်နှာမူလိုက်ပြီး…

"အိမ်ရှင်တို့..အိမ်ရှင်တို့၊ ကျုပ်တို့က ခရီးသည်တွေပါဗျာ၊ ကျေးဇူးပြုပြီး တံခါးဖွင့်ပေးပါ"

ဟုပြောလိုက်လေသည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်…

"ကျွီ"

မြည်သံနှင့်အတူ တံခါးပွင့်သွားလေသည်။

လျှံကူးညံ့ အံ့သြသွားသည်။

ရောင်လီ၏ ပရိယာယ် အောင်မြင်သွားပြီ မဟုတ်ပါလား။

ရောင်လီ ပြုံးလိုက်လေသည်။

တံခါးပွင့်သွားသည်နှင့် အတွင်းဘက်မှ အဘိုးအိုတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်ရလေသည်။

ထိုအဘိုးအိုမှာ ကြောက်ရွံ့မှုကြောင့် တုန်တုန်ချည့်ချည့် ဖြစ်နေသည်။

အကောင်းစား အဝတ်အစားများ ဝတ်ဆင်ထားသော



လည်း မျက်စိမျက်နှာပျက် ဖြစ်နေသည်မှာ အကြည့်ရဆိုးလှပေ၏။

ရောင်လီက ပြုံးပြလိုက်လေသည်။

လျှံကူးညံ့က ပခုံးတွန့်ပြလိုက်သည်။

ထိုစဉ်…

အတွင်းဘက်မှ အဘိုးအို၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"မင်း..မင်းတို့ကို ရုပ်ဆိုး လွှတ်လိုက်တာ မဟုတ်ပါဘူးနော်"

ရောင်လီက ခေါင်းယမ်းလိုက်သည်။

"မဟုတ်ပါဘူးဗျာ၊ ရုပ်ဆိုးဆိုတာလဲ ကျုပ်တို့ မသိကြပါဘူး၊ ကျုပ်တို့ဟာ ခရီးသည်တွေပါ"

"မင်း..မင်းက ဘယ်သူလဲ"

"ကျုပ်က ရောင်လီပါ"

အဘိုးအိုက…

"ရုပ်ဆိုးကို ကြောက်လှပါပြီကွယ်၊ ကျုပ်တို့ကို ဒုက္ခမပေးပါနဲ့တော့လို့ ပြောလိုက်ပါ၊ သူ့အလိုကျ ကျုပ်တို့ လိုက်လျောပါတော့မယ်"

ထစ်ထစ်ငေါ့ငေါ့ ပြောလိုက်သည်။

ရောင်လီ ခေါင်းခါယမ်းလိုက်သည်။

အဘိုးအိုမှာ ပြဿနာ တစ်ခုခုနှင့် ကြုံတွေ့နေရသူ ဖြစ်ကြောင်း အကဲခတ်မိလိုက်လေသည်။

ထို့ကြောင့်…

"ကျုပ်တို့ကို အိမ်ထဲ ဝင်ခွင့် မပြုတော့ဘူးလားဗျာ"

ဟုမေးလိုက်လေသည်။

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"ဝင်..ဝင်နိုင်ပါတယ်ကွယ်"

လမ်းဖယ်ပေးလိုက်သဖြင့် ရှောင်လီနှင့် လျှံကူးညံတို့က အတွင်းဘက် ဝင်လိုက်ကြလေသည်။

အိမ်ထဲရောက်လျှင် ဓား၊ လှံ လက်နက်များ ကိုင်ဆောင်ထားသူ ဆယ့်လေးငါးယောက်ခန့် တိုက်ခိုက်ရန် အသင့်ရှိနေကြသည်ကို တွေ့မြင်ရ၏။

ထိုလူများသည် အခန်းတစ်ခုရှေ့တွင် ပိတ်ဆို့စောင့်ကြပ်နေကြခြင်း ဖြစ်လေသည်။

အဘိုးအို၏နောက်မှာ ရှောင်လီတို့ လိုက်လာကြသည်ကို မြင်လျှင် ချက်ချင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

တိုက်ခိုက်ရန်လည်း အသင့်ပြင်ထားလိုက်ကြသည်။

အဘိုးအိုက လက်ကာပြလိုက်၏။

"ဟေ့ ဒါ ခရီးသည်တွေကွ"

သူ၏စကားကြားလျှင် တိုက်ခိုက်ရန် ဟန်ပြင်နေသူများလည်း စိတ်သက်သာရာရသွားပုံ ရှိသည်။

သူတို့သည် ရုပ်ဆိုးဆိုသူနှင့် ရုပ်ဆိုး၏ အပေါင်းအပါများကို ကြောက်ရွံ့ထိတ်လန့်နေကြပုံရသည်။



"ထိုင်ပါ"

အဘိုးအိုက နေရာထိုင်ခင်းပေး၏။

ရှောင်လီနှင့် လျှံကူးညံတို့ ထိုင်ချလိုက်ကြသည်။

အဘိုးအိုက…

"ဟေ့ စားစရာ သောက်စရာ တစ်ခုခု စီစဉ်ပေးပါ"

ဟုအမိန့်ပေးလိုက်သည်။

အဘိုးအို၏ တပည့်တစ်ယောက်က ချက်ချင်းပင် စားသောက်ဖွယ်ရာများ၊ အရက်များ ယူဆောင်လာပေးလေသည်။

အဘိုးအိုက…

"စားလိုက်ကြပါဦး"

ဟုဧည့်ဝတ်ပြုလေသည်။

ရှောင်လီနှင့် လျှံကူးညံတို့မှာ စားသောက်ဖွယ်ရာများကို စိတ်မဝင်စားကြပါချေ။

ရှောင်လီက…

"ကျုပ်တို့ ခရီးသွားရင်း ဒီရွာကို ရောက်လာကြပါတယ်၊ ဒီမှာ ခဏလောက် နားခိုပြီးရင် ရှေ့ခရီးဆက်ကြမှာ ဖြစ်ပါတယ်၊ ဦးရဲ့ အိမ်ဝိုင်းဟာ ဒီရွာမှာ အကျယ်ဆုံးမို့ နားခိုချင်လို့.."

သူ၏စကားမဆုံးမီ အဘိုးအိုက ကြားဖြတ်ပြောလိုက်လေသည်။

"ခရီးသည်တွေ ဟုတ်လား၊ ဒါဆိုရင် ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး၊ မင်းတို့ပါ ဒုက္ခရောက်သွားလိမ့်မယ်"

"ဗျာ"

"မင်းတို့ မြန်မြန်ပြန်သွားကြရင် ကောင်းမယ်၊ တို့ကို မကူညီနိုင်ရင် နေပါ၊ မင်းတို့ ဒုက္ခရောက်သွားမှာတော့ မလိုချင်ဘူး"

"ကျွန်မတို့ ပြန်သွားကြရမယ် ဟုတ်လား"

လှုံကူးညံက ကြားဝင်မေးလိုက်သည်။

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မင်းတို့ မြန်မြန်ထွက်သွားကြရင် ကောင်းမယ်၊ တော်ကြာ ကျုပ်က အကူအညီတွေ ခေါ်တယ်ထင်ပြီး ရုပ်ဆိုးက ဒုက္ခပေးနေပါဦးမယ်"

လှုံကူးညံ ဒေါပွသွား၏။

"ရုပ်ဆိုးက ဒုက္ခပေးမယ် ဟုတ်လား၊ ကျွန်မတို့က ဘယ်သူ့မှ မကြောက်ဘူးဆိုတာ မှတ်ထားပါ"

ရှောင်လီက ကြားဝင်ပြောလိုက်သည်။

"နေပါဦး၊ ရုပ်ဆိုးဆိုတာ ဘယ်သူလဲ"

အဘိုးအိုက...

"ရုပ်ဆိုးက ကျုပ်ကို ဒုက္ခပေးနေသူပေါ့"

ရှောင်လီက...

"ဘယ်လိုဒုက္ခပေးတယ်ဆိုတာ ပြောပြနိုင်မလားဗျာ"

အဘိုးအို မျက်မှောင်ကြုတ်သွားသည်။

"မင်းတို့ ထွက်သွားကြတာ ကောင်းပါတယ်၊ တော်ကြာ ရုပ်ဆိုးက မဆီမဆိုင် မင်းတို့ကိုပါ ဒုက္ခပေးနေဦးမယ်"



ရှောင်လီက...

"ကိစ္စမရှိပါဘူး၊ ရုပ်ဆိုးကို မကြောက်ပါဘူး"

အဘိုးအို မျက်နှာပျက်သွားရသည်။

"ဟာ မင်းတို့ ဒုက္ခရောက်တော့မှာပဲ"

"နေပါဦး၊ ရုပ်ဆိုးဆိုတဲ့လူက ဘယ်သူလဲ၊ ဘယ်လို ဒုက္ခပေးနေတယ်ဆိုတာ ပြောစမ်းပါဦး"

လှုံကူးညံက ကြားဖြတ်မေးလိုက်သည်။

အဘိုးအိုက သူတို့အား အကဲခတ်ကြည့်လိုက်သည်။

သူတို့သည် ရုပ်ဆိုးအား ကြောက်ရွံ့ထိတ်လန့်မှုလည်း မရှိ။ သိုင်းသမားများလည်း ဖြစ်ပုံရသဖြင့် အဘိုးအိုက သက်ပြင်းချလိုက်ပြီး...

"ရုပ်ဆိုးအကြောင်း ပြောပြရမယ်ဆိုရင် အတော်ရှည်လျားပါလိမ့်မယ်၊ မင်းတို့ နားထောင်နိုင်ပါ့မလား"

ဟုမေးလိုက်လေသည်။

ရှောင်လီက လှုံကူးညံကို ကြည့်လိုက်သည်။

လှုံကူးညံက ခေါင်းညိတ်ပြလိုက်သည်။

"ပြောပါရင်၊ ကျွန်မတို့ နားထောင်ပါ့မယ်"

ရှောင်လီကလည်း သဘောတူကြောင်း ခေါင်းညိတ်ပြလိုက်သည်။

"ပြောပါဗျာ"

အဘိုးအိုက ချောင်းတစ်ချက် ဟန့်လိုက်ပြီး...

"ရုပ်ဆိုးဟာ ဒီရွာက ပန်းပဲဆရာကြီးရဲ့သားပါ၊ စာမတတ် ပေမတတ် ခပ်ဆိုးဆိုးကောင်လေးတစ်ယောက်ပါ၊ သူကများ ကျုပ် သမီးကို လိုချင်သေးတယ်လေ၊ ဟွန်း အမဲရိုးက ဟင်းအိုးမှ အားမနာ ဆိုတဲ့ စကားလိုပေါ့"

မှဲ့ကာရွဲ့ကာ ပြောလေသည်။

ရုပ်ဆိုးဆိုသူအား ရွံ့မုန်းနေပုံမှာ ဟန်ဆောင်၍ မရအောင် ပေါ်လွင်နေသည်။

အဘိုးအိုက ဆက်၍ ရှင်းပြလေသည်။

"ရုပ်ဆိုးနဲ့ ကျုပ်တို့သမီးကို ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး၊ ဒါကြောင့် ကျုပ်က သူ့မိဘကို ပြောပြပြီး ရုပ်ဆိုးကို ထိန်းမနိုင်ရင် ကျုပ်အပြစ် မပြောနဲ့လို့ ခပ်ပြတ်ပြတ်ပြောလိုက်တယ်"

"ရုပ်ဆိုးရဲ့မိဘတွေက ဘာပြောသလဲ"

လှျံကူးညံက ပြုံးစစဖြင့် ကြားဖြတ်မေးလိုက်လေသည်။

အဘိုးအိုက...

"ဒီရွာမှာ ကျုပ်က ရွာသူကြီးဆိုတော့ ဘယ်သူမှ ကျုပ်ကို မော့မကြည့်ဝံ့ပါဘူး၊ ရုပ်ဆိုးရဲ့မိဘတွေက ဘာပြောနိုင်မှာလဲ၊ သူတို့ သားကို ထိန်းသိမ်းထားပါ့မယ်လို့ ပြောတာပေါ့၊ ဒါပေမယ့် ရုပ်ဆိုးက ခေါင်းမာတယ်၊ မိဘစကား နားမထောင်ဘူး၊ ကျုပ်ရဲ့သမီးကို ဆက်ပြီး နှောင့်ယှက်ဖို့ ကြိုးစားခဲ့တာပဲ"

"သူက အရေးမစိုက်ဘဲ ရှေ့ဆက်တိုးတော့ ဦးက သူ့ကို ဆုံးမလိုက်တယ်ပေါ့ ဟုတ်လား"



ရှောင်လီက ဝင်ပြော ်က်၏။

အဘိုးအို မျက်နှာပျက်သွားလေသည်။

ရှောင်လီကို မကျေမနပ် ကြည့်လိုက်၏။

သို့သော် ခေါင်းညိတ်အဖြေပေးလိုက်လေသည်။

"ဟုတ်တယ်၊ ဒီကောင်က လွန်လာတော့ ကျုပ်က ကျုပ်ရဲ့ လူတွေကို လွှတ်ပြီး ဆုံးမခိုင်းလိုက်တာပေါ့"

"ရုပ်ဆိုး တော်တော်ခံလိုက်ရတာပေါ့"

"ဟုတ်တယ်၊ သူက ကျုပ်ကို အရေးမှ မစိုက်တာကိုး"

"ထားပါတော့လေ၊ ရုပ်ဆိုး ခံလိုက်ရတဲ့အတွက် ဦးကို အငြိုးထားပြီး ဒုက္ခပေးတာပေါ့ ဟုတ်လား"

အဘိုးအို သက်ပြင်းချလိုက်သည်။

"ပြောရင်ဆုံးမှာ မဟုတ်ဘူး၊ ဒါကြောင့် တိုတိုရှင်းရှင်းပဲ ပြောပါရစေတော့၊ ရုပ်ဆိုးဟာ ကျုပ်ကို မကျေနပ်တာတော့ အမှန်ပဲ၊ ကျုပ်သမီးကို မရ့ရအောင် ယူပြမယ်လို့ ကြုံးဝါးနေတယ်၊ အဲဒီလိုနဲ့ တစ်နေ့မှာ သူ့အဖေရဲ့ ပန်းပဲဖိုကတစ်ဆင့် မီးလောင်သွားတယ်၊ ရုပ်ဆိုးရဲ့ မိဘနှစ်ပါးစလုံး မီးထဲ ပါသွားကြတယ်လေ"

"တော်တော်ကံဆိုးတဲ့ ရုပ်ဆိုးပဲ"

လှျံကူးညံ့က မှတ်ချက်ချလိုက်၏။

ထိုစကားကြားလျှင် သူမတွင် ကြင်နာတတ်သော နှလုံးသား ရှိပေသားပဲဟု တွေးကာ ရှောင်လီ ကျေနပ်သွာ..လသည်။

အဘိုးအိုကား ရုပ်ဆိုးအပေါ် ဂရုဏာ သက်နေမှန်းသိလျှင်

မကျေမနပ် ဖြစ်သွားလေသည်။

"ဒီကောင့်ကို ဂရုဏာသက်စရာ မလိုပါဘူး၊ ဒီကောင်က လူဆိုးလေးပဲ၊ သူ့မိဘ သေသွားတာရယ်၊ သူ့ရဲ့အိမ် မီးလောင်သွားတာရယ်ဟာ ကျုပ်ရဲ့လက်ချက်ဆိုပြီး ကျုပ်ကို သတ်ပစ်မယ်လို့ ကြုံးဝါးခဲ့တယ်လေ"

ရောင်လီက...

"ဦးက သူ့ကို ဆုံးမခဲ့ပြန်တာပေါ့ ဟုတ်လား"

ဟုမေးလိုက်လေသည်။

အဘိုးအို ခေါင်းခါယမ်းလိုက်လေသည်။

"ဘယ်ကလာ ဆုံးမရမှာလဲ၊ သူဟာ ဒီရွာက ထွက်သွားတယ်လေ၊ ဒီရွာမှာ ရှိနေလို့ကတော့ ကျုပ်က ဘယ်ချမ်းသာပေးမလဲ"

လျှံကူးညံက...

"ဒီရွာက ထွက်သွားပြီးမှ ရုပ်ဆိုး ပြန်ရောက်လာတယ် ဆိုပါတော့"

ဝင်မေးလိုက်ပြန်သည်။

အဘိုးအိုက...

"ဟုတ်တယ်၊ ဒီရွာက ထွက်သွားတော့ ကျုပ်လဲ စိတ်အေးသွားရတာပေါ့၊ ဒါပေမယ့် မကြာပါဘူး၊ ငါးနှစ်လောက် ပျောက်သွားပြီး၊ ဖြုန်းစားကြီး ပြန်ပေါ်လာတယ်၊ ကျုပ်သမီးနဲ့ ပေးစားရမယ်လို့ ပြောလာပြန်တယ်"



ရောင်လီ၏စိတ်ထဲတွင် ရုပ်ဆိုးဆိုသူအား ကျိတ်၍ သဘောကျသွားလေသည်။

ရုပ်ဆိုးသည် မဆုတ်မနစ် ကြိုးစားဆောင်ရွက်သူဟု စိတ်ထဲ သတ်မှတ်မိလေသည်။

အဘိုးအိုက ဆက်ပြောပြန်သည်။

"ဒီကောင် ငါးနှစ်လောက် ပျောက်သွားတာ၊ တကယ်ဆိုရင် ကျုပ်ကို ဒုက္ခပေးဖို့ သိုင်းပညာ သွားသင်တာကိုး၊ အခုတော့ သူက သိုင်းပညာ တတ်နေပြီလေ၊ ရွာကို ပြန်လာပြီး ထင်တိုင်းကျဲတော့တာပါပဲ၊ ကျုပ်သမီးသာ မရှိရင် ကျုပ်ကို သတ်ပစ်မလား မဆိုနိုင်ဘူး"

"သူက ဘယ်လို ဒုက္ခပေးလို့လဲ"

"ကျုပ်သမီးကို သူနဲ့ ပေးစားရမယ်၊ လူသိရှင်ကြား မင်္ဂလာဆောင်ပေးရမယ်လို့ ပြောတယ်"

"ဦးက လက်မခံနိုင်ဘူးပေါ့"

အဘိုးအို ခါးခါးသီးသီး ငြင်းဆန်လိုက်လေသည်။

"အို ဘယ်ကလာ လက်ခံနိုင်ရမှာလဲ၊ အခြေအမြစ် မရှိတဲ့ လူတစ်ယောက်နဲ့ ကျုပ်သမီးကို ဘယ်လိုလုပ် ပေးစားနိုင်မှာလဲ"

"သူပြန်လာတော့ ဦးက သူ့ကို မောင်းထုတ်ဖို့ မကြိုးစားဘူးလား"

"ဘယ်ပြောကောင်းမလဲ၊ ရုပ်ဆိုး ဒီရွာကို ပြန်ပြီး ခြေချလိုက်တာနဲ့ ကျုပ်ကလဲ ဆုံးမပြီး မောင်းထုတ်ဖို့ ကြိုးစားခဲ့တာပေါ့"

ရောင်လီ ပြုံးလိုက်သည်။

အဘိုးအိုအား အကဲခတ်ကြည့်လိုက်ပြီး...

"ဒီတစ်ခါ ဦးရဲ့လူတွေ ဘာမှ မတတ်နိုင်ကြတော့ဘူး ဆိုပါတော့"

ဟုမေးလိုက်သည်။

အဘိုးအိုက အောင့်သက်သက်ဖြင့်...

"ဟုတ်တယ်၊ သူက သိုင်းပညာ သင်လာတာကိုး၊ ကျုပ်လူတွေက သူ့ကို မောင်းထုတ်ဖို့ ကြိုးစားပေမယ့် ဘယ်သူမှ မယှဉ်နိုင်ဘဲ ထွက်ပြေးလာကြရတယ်၊ ကျုပ်ကလဲ တစ်ယောက်နဲ့ မရရင် နှစ်ယောက်၊ နှစ်ယောက်နဲ့ မရရင် သုံးယောက်၊ လွှတ်တာပေါ့၊ ဒါပေမယ့် ကျုပ်လွှတ်လိုက်တဲ့ လူတွေအားလုံး နောက်လန်လာခဲ့ကြရတာပဲ"

ရုပ်ဆိုးသည် အဘိုးအိုအား ကောင်းကောင်းကြီး နှောင့်ယှက်နိုင်ခဲ့ကြောင်း ထင်ရှားလေသည်။

ရုပ်ဆိုး၏လုပ်ရပ် မှန်သည်ဟု မဆိုနိုင်သော်လည်း ရောင်လီ သဘောကျမိသည်မှာ အမှန်ပင် ဖြစ်လေသည်။

အဘိုးအိုက...

"သူက ကျုပ်ကို တစ်လ အချိန်ပေးထားတယ်၊ တစ်လပြည့်လို့ ကျုပ်က သဘောမတူဘူးဆိုရင် သူက ကျုပ်ရဲ့အိမ်ကို မီးရှို့ပစ်မယ်၊ ကျုပ်ကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်ထားတယ်"

ရောင်လီက...



"တစ်လပြည့်ဖို့ ဘယ်လောက်လိုသေးလဲ"

ဟုမေးလိုက်လေသည်။

လှုံကူးညံက သူ့အား ဖျတ်ခနဲ လှမ်းကြည့်လိုက်လေသည်။

အဘိုးအိုက...

"မနက်ဖြန်ဆို တစ်လပြည့်ပြီ"

ရောင်လီက...

"ဦးက သူ့ရဲ့ တောင်းဆိုမှုကို လိုက်လျောတော့မယ်ပေါ့ ဟုတ်လား"

"ထွီး ရုပ်ဆိုးလိုကောင်မျိုးနဲ့ ကျုပ်ရဲ့သမီးကို ဘယ်တော့မှ မပေးစားနိုင်ဘူး၊ မင်းတို့ ရောက်လာတုန်းက ရုပ်ဆိုး လွှတ်လိုက်တဲ့ လူတွေ ထင်ပြီး ပြောမိပြောရာ ပြောလိုက်တာပဲ"

ဒေါသတကြီး အော်ပြောလိုက်လေသည်။

ရောင်လီနှင့် လှုံကူးညံတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။

ရောင်လီက ဘယ်လိုသဘောရသလဲ ဟူသော အမေးဖြင့် ကြည့်သည်ကို လှုံကူးညံက မည်သို့မျှ မတတ်နိုင်ဟူသည့် သဘောဖြင့် ပခုံးတွန့်ပြလိုက်လေသည်။

အဘိုးအို၏မျက်နှာ ချက်ချင်း ပြောင်းလဲသွားသည်။

ချိုသာပြုံးရွှင်သော မျက်နှာထားဖြင့်...

"မိတ်ဆွေလေးတို့ကို ကြည့်ရတာ သိုင်းသမားတွေ ဖြစ်ကြတယ်ဆိုတာ ကျုပ်သိပါတယ်၊ ကျုပ်ရဲ့ ဒုက္ခကို ကူညီနိုင်ရင် ကူညီကြ

ပါလားဗျာ၊ ကျုပ်ကို ကူညီမယ်ဆိုရင် မိတ်ဆွေလေးတို့ မနစ်နာရပါဘူး၊ မိတ်ဆွေလေးတို့အတွက် ရွှေဒင်္ဂါးတစ်သောင်း ပေးပါ့မယ်"

ဟုပြောလေသည်။

ရှောင်လီက ရယ်မောလိုက်သည်။

"ကျုပ်တို့ ရွှေတွေ ငွေတွေ မမက်မောပါဘူးဗျာ နေပါစေ"

"မလုပ်ပါနဲ့ မိတ်ဆွေလေးရယ်၊ ကျုပ်တို့ကိုကူညီနိုင်ရင် ကူညီပါ၊ မိတ်ဆွေလေးတို့ကျေးဇူး ဘယ်တော့မှ မမေ့ပါဘူး"

အဘိုးအိုသည် အထပ်ထပ်အခါခါ တောင်းပန်တိုးလျှိုးနေလေတော့သည်။

ကြာသော် ရှောင်လီမှာ အားတုံ့အားနာ ဖြစ်လာသည်။

လျှံကူးညံက...

"ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မတို့ ရှေ့ဆက်စရာ ရှိပါသေးတယ်၊ ဒါကြောင့် ဘယ်လိုမှ ကူညီနိုင်မှာ မဟုတ်ပါဘူး"

ဟုကြားဝင်ပြောလိုက်သည်။

အဘိုးအို၏မျက်နှာ ညှိုးကျသွားသည်။

"ကျုပ်ကို မသနားတော့ဘူးလားဗျာ၊ ကျုပ်တို့သားအဖ ထွက်ပြေးလို့လဲ အချိန် မရတော့ဘူး၊ မနက်ဖြန် ကျုပ်က အကြောင်း မပြန်ရင် ကျုပ်ရဲ့မိန်းမကို ရုပ်ဆိုးက သတ်ပစ်တော့မယ်ဗျ"

ပြောရင်း မျက်ရည်များ စီးကျလာလေသည်။

ရှောင်လီ အံ့သြသွားသည်။

အဘိုးအိုကို နားမလည်နိုင်စွာ ကြည့်ကာ...



"ဦးရဲ့ဇနီးက ဘယ်သူလဲ"

ဟုမေးလိုက်လေသည်။

အဘိုးအိုက...

"ရုပ်ဆိုးဖမ်းထားတယ်"

"ဟင်"

"သူက ကျုပ်ရဲ့ဇနီးကို ဖမ်းထားတယ်၊ မနက်ဖြန် ကျုပ်ရဲ့ သမီးကို သူ့ဆီ မပို့ပေးဘူးဆိုရင် ကျုပ်ဇနီးကို သတ်ပစ်မယ်တဲ့"

ရှောင်လီ သက်ပြင်းချလိုက်သည်။

အချိန်မီ တားဆီးခြင်း မပြုနိုင်လျှင် ရုပ်ဆိုးမှာ လူဆိုးတစ်ယောက် ဖြစ်သွားနိုင်သည်ဟု တွေးလိုက်မိလေသည်။

ထို့ကြောင့်...

"ရုပ်ဆိုး ဘယ်မှာ ရှိတယ်ဆိုတာ ပြောပါလား"

ဟုပြောလိုက်သည်။

သူ၏စကားကြားလျှင် အဘိုးအို ဝမ်းသာသွားလေသည်။

ရှောင်လီ၏စကားတွင် သူ့အား ကူညီမည့် အရိပ်အယောင်များ ရှိနေသည် မဟုတ်ပါလား။

လျှံကူးညံ မျက်မှောင်ကြုတ်သွား၏။

ရှောင်လီအား ကြည့်ကာ...

"ဒီကိစ္စက စိတ်ဝင်စားစရာတော့ ကောင်းတယ်၊ ဒါပေမယ့် ကျွန်မတို့နဲ့ မသက်ဆိုင်ဘူး ထင်တယ်"

ဟုလှမ်းပြောလိုက်လေသည်။

ရောင်လီ ခေါင်းညိတ်လိုက်သည်။

"မဆိုင်ဘူးဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ကျုပ်တို့ လုပ်နိုင်တဲ့ ကိစ္စတစ်ခုကို မလုပ်ဘဲ လျစ်လျူရှုထားလိုက်မယ်ဆိုရင် ဆိုးကျိုးတွေ ဖြစ်ပေါ်လာနိုင်တယ်ဗျ"

လျှံကူးညံက...

"ကျွန်မတို့အတွက် အရေးကြီးဆုံးက ဒီမှာ ခဏ အနားယူပြီး ရှေ့ခရီးဆက်သွားဖို့ပါပဲ၊ သူများ ကိစ္စထဲ ဝင်ရှုပ်ဖို့ မဟုတ်ဘူးရှင့်"

ရောင်လီ ပြုံးလိုက်သည်။

"ဝင်ရှုပ်တယ်လို့ သဘောထားရင် ခင်ဗျားမှားသွားမှာပေါ့"

"ဘာ"

"ကျုပ်ကတော့ ဝင်ရှုပ်တယ်လို့ မထင်ဘူး၊ ဒီကိစ္စကို ကျုပ်တို့က ခရီးသွားဟန်လွှဲ ပြေလည်အောင် ဆောင်ရွက်ပေးသွားနိုင်တယ်လို့ ယူဆတယ်"

လျှံကူးညံ ဒေါပွသွား၏။

"ရှင်က ဘာမဟုတ်တဲ့ ကိစ္စတစ်ခုကြောင့် အရေးကြီးတဲ့ ကိစ္စတစ်ခုကို ဘေးဖယ်ထားတော့ မလို့လား"

ရောင်လီက...

"ဒီကိစ္စက ဘာမှမဟုတ်တဲ့ကိစ္စ မဟုတ်ဘူးဗျ၊ လူတစ်ယောက်ရဲ့ဘဝ ပျက်စီးသွားနိုင်တဲ့ ကိစ္စပဲ"

ဟုပြောလိုက်သည်။

ရောင်လီနှင့် လျှံကူးညံတို့ သဘောထား ကွဲလွဲသွားကြလေ



သည်။ လျှံကူးညံက...

"ကျွန်မတို့ ဒီကို လာခဲ့တာဟာ ဒီမှာ ခဏနားပြီး အစာရေစာ ရဖို့ပဲရှင့်"

အဘိုးအိုက ခပ်သွက်သွက် ပြောလေသည်။

"အစားအသောက်အတွက် ဘာမှ မပူပါနဲ့ဗျာ၊ ကျုပ်တာဝန်ယူပါတယ်၊ ဒီမှာ ကြိုက်သလောက် အနားယူနိုင်ပါတယ်၊ ကျုပ်က ကျွေးမွေးပြုစုနိုင်ပါတယ်ဗျာ"

လျှံကူးညံ ခေါင်းယမ်းလိုက်သည်။

"ရှင်နဲ့ မဆိုင်ပါဘူး"

ရောင်လီသည် လျှံကူးညံအား အရေးမစိုက်တော့ဘဲ အဘိုးအိုကို ကြည့်ကာ...

"ရုပ်ဆိုးက ဘယ်မှာလဲဗျ"

ဟုမေးလိုက်လေသည်။

အဘိုးအို အဖြေမပေးမီ လျှံကူးညံ ထိုင်ရာမှ ထလိုက်လေသည်။

ရောင်လီ မျက်မှောင်ကြုတ်သွားပြီး...

"ခင်ဗျား ဘယ်ကို သွားမလို့လဲဗျ"

လျှံကူးညံက မဲ့ပြုံးပြုံးကာ...

"ရှင်က သူ့ကို ကူညီမယ်ဆိုရင် ဒီမှာနေခဲ့ပါ၊ ကျွန်မကတော့ အချိန်မဖြုန်းနိုင်ဘူး၊ ရှေ့ဆက်သွားရတော့မှာပဲ"

ဟုခပ်ပြတ်ပြတ် ပြောလေသည်။

သူမ၏စကားကြောင့် ရောင်လီမှာ စိတ်မကောင်း ဖြစ်သွားရလေသည်။

လျှံကူးညံနှင့် လိုက်သွားရမည် ဖြစ်သော်လည်း ရုပ်ဆိုးနှင့်တွေ့လိုစိတ်များ ပြင်းပျနေသည် မဟုတ်ပါလား။

"ခင်ဗျား နည်းနည်းလောက် အချိန်မပေးနိုင်ဘူးလား"

ဟုမေးလိုက်လေသည်။

လျှံကူးညံ ခေါင်းခါယမ်းလိုက်လေသည်။

"ကျွန်မ အချိန်ပေးနိုင်ယင် ကြယ်ပုံအာမခံဌာနက လူတွေ ဒုက္ခရောက်သွားစရာအကြောင်း မရှိဘူးရှင့်"

ရောင်လီ သက်ပြင်းချလိုက်လေသည်။

ထိုစဉ်...

"သူက ကျုပ်ဇနီးကို သတ်ပစ်မှာဗျ"

အဘိုးအို၏စကားသံ ထွက်ပေါ်လာလေသည်။

လျှံကူးညံက ရောင်လီကို လှမ်းကြည့်လိုက်လေသည်။

ရောင်လီက...

"ကောင်းပြီ၊ ခင်ဗျား သွားမယ်ဆိုယင် သွားပါ၊ ကျုပ်က နောက်က လိုက်ခဲ့ပါ့မယ်ဗျာ"

"ဘာရှင့်"

လျှံကူးညံ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ရှင် နောက်က လိုက်ခဲ့မယ် ဟုတ်လား"

"ဟုတ်တယ်လေ"



"ဒါဖြင့် ကျွန်မတို့ ဘယ်လိုဘယ်နည်း သွားမယ်ဆိုတဲ့ ခရီးလမ်းစဉ် ရှင့်ကို ပြောပြခဲ့ရမယ် ဟုတ်လား"

ရောင်လီ ပါးစပ်ပိတ်ထားလိုက်လေသည်။

လျှံကူးညံက ပြောပြလိမ့်မည် မဟုတ်ကြောင်း နားလည်ထားသည် မဟုတ်ပါလား။

လျှံကူးညံက...

"ရှင် နေချင်ယင် နေခဲ့နိုင်ပါတယ်၊ ဒါပေမယ့် ကျွန်မတို့ ဘယ်ကို သွားမယ်ဆိုတာ ပြောမပြနိုင်ဘူးရှင့်"

ရောင်လီ ပြုံးလိုက်သည်။

"ကျုပ်က စုံစမ်းပြီး လိုက်လာခဲ့မယ်ဆိုယင်ကော"

"ဘာရှင့်"

ရောင်လီက သူမအား စိုက်ကြည့်လိုက်လေသည်။

လျှံကူးညံ မဲ့ပြုံးပြုံးလိုက်လေသည်။

"ကောင်းပြီလေ၊ ရှင် လိုက်လာနိုင်တယ်ဆိုယင် ရှင့်ကို ချီးကျူးရမှာပဲ၊ လိုက်လာခဲ့ပေါ့ရှင်"

"ခင်ဗျား တကယ် ပြောတာနော်"

"ကျွန်မ ဘာကြောင့် လိမ်ပြောရမှာလဲရှင့်"

"ဒါဖြင့် စိတ်ချ၊ ကျုပ် ဆက်ဆက် လိုက်လာခဲ့ပါ့မယ်ဗျာ"

လျှံကူးညံသည် ရောင်လီကို စိုက်ကြည့်ပြီး ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ရောင်လီက အဘိုးအိုဘက်သို့ လှည့်လိုက်သည်။

အဘိုးအိုသည် ရှောင်လီက လျှံကူးညံ့နှင့် လမ်းခွဲကာ သူ့အား ကူညီတော့မည် ဖြစ်ကြောင်း နားလည်ပြီး ကျေနပ်သွားလေသည်။

"ရပါတယ်ဗျာ၊ ရပါတယ်၊ ကျုပ် အခုချက်ချင်း စီစဉ်ပေးပါ့မယ်ဗျာ"

မလှမ်းမကမ်း၌ ရှိနေကြသော သူ၏လူများဘက်သို့ လှည့်ကာ...

"မင်းတို့ ဘာလုပ်နေကြတာလဲ၊ ဧည့်သည်တွေအတွက် စားသောက်စရာတွေ ခုချက်ခြင်း ပြင်ဆင်ပေးကြစမ်း"

ဟုအမိန့်ပေးလိုက်လေသည်။

အဘိုးအို၏ ခက်ထန်မှုကို ရှောင်လီ သဘောမကျပါချေ။

သို့သော် သူက အဘိုးအိုအား ကူညီခြင်း မဟုတ်ဘဲ 'ရုပ်ဆိုး' အား တွေ့လိုခြင်းသာ ဖြစ်၍ ဘာမှ မပြောဘဲ နေလိုက်လေတော့သည်။

♠ ♠ ♠



ခွေးဟောင်သံများ ထွက်ပေါ်လာလေသည်။

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ အဆုံးဝယ် ကလေးငိုသံ၊ လူကြီးများ၏ အော်ဟစ်ပြောဆိုသံများ ထွက်ပေါ်လာလေသည်။

လျှံကူးညံ့တို့လူစုကား ခေတ္တအနားယူ စားသောက်ပြီးလျှင် ရွာကလေးမှ ပြန်လည် ထွက်ခွာသွားကြပြီ ဖြစ်လေသည်။

သို့သော် ရှောင်လီက ရွာကလေး၌ ကျန်ရစ်ခဲ့လေသည်။

လျှံကူးညံ့တို့ ထွက်သွားသည်နှင့် ရွာကလေးမှာ ချက်ချင်း သက်ဝင်လှုပ်ရှားလာလေတော့သည်။

လမ်းပေါ်၌ ကလေးငယ်များ ပြန်လည် ထွက်ပေါ်လာသည်။

လူကြီးများလည်း တစ်ယောက်စ နှစ်ယောက်စ ထွက်ပေါ်လာပြီး မကြာမီ စည်စည်ကားကား ဖြစ်သွားလေသည်။

ပိတ်ထားသော တံခါးများ ပွင့်လာပြီ ဖြစ်သည်။

ရှောင်လီ ပြုံးလိုက်သည်။

ရွာသူရွာသားများသည် ရုပ်ဆိုးက ရမ်းကားလာမည်ကို အကြောက်ကြီး ကြောက်နေကြသည်ဟု တွေးမိလေသည်။

"မိတ်ဆွေလေးက ရုပ်ဆိုးဆီကို ဘယ်တော့ သွားမှာလဲဗျာ"

နောက်ကျောဘက်မှ စကားသံ ထွက်ပေါ်လာလေသည်။

အဘိုးအိုက ရှောင်လီ၏နံဘေးသို့ ရောက်ရှိလာ၏။

ရှောင်လီ ပြုံးလိုက်သည်။

“ရုပ်ဆိုး ဘယ်မှာ ရှိတယ်ဆိုတာ ပြောပြပါ၊ ကျုပ် အခု သွားပါ့မယ်ဗျာ”

ရုပ်ဆိုးလေး၏ကိစ္စကို ရှင်းလင်းပြီးလျှင် လျှံကူးညံ့တို့ နောက်သို့ လိုက်သွားရဦးမည် မဟုတ်ပါလား။

အဘိုးအိုက…

“သူက ရွာရဲ့ မြောက်ဘက် တောအုပ်ထဲမှာ နေတယ်၊ အဲသည်မှာ တောင်နံရံကို ကပ်ပြီး သဘာဝလိုဏ်ဂူကြီးတစ်ခု ရှိတယ်၊ အဲသည် လိုဏ်ဂူကြီးထဲမှာ သူ ရှိနေတာ”

ရှောင်လီက…

“ဦးပြောတာ သေချာပါတယ်နော်”

အဘိုးအိုက…

“သေချာပါတယ်၊ ကျုပ်လူတွေက မျက်ခြည်မပြတ် စောင့်ကြည့်နေကြတာ၊ အခွင့်အရေး ရတာနဲ့ သူ့ကို သုတ်သင်ရှင်းလင်းပစ်ကြမှာပဲ”

ရှောင်လီ လက်ကာပြလိုက်သည်။

“သည်လိုဆိုယင် ဦးရဲ့ လူတွေကို ပြန်ခေါ်လိုက်ယင် ကောင်းမယ်၊ ကျုပ်က ရုပ်ဆိုးကိစ္စကို ဖြေရှင်းပေးမယ်ဆိုတော့ တော်ကြာ အခြေအနေ ရှုပ်ထွေးသွားနိုင်တယ်”

အဘိုးအိုသည် ရှောင်လီ၏တောင်းဆိုမှုကို သဘောမကျသော်လည်း အခြေအနေအရ လိုက်လျောလိုက်ရလေသည်။



“ကောင်းပြီလေ၊ ကျုပ် အခုချက်ချင်း ပြန်ခေါ်လိုက်ပါ့မယ်”

ရှောင်လီက…

“ကဲ ကျွန်တော်လည်း ရွာထဲ လျှောက်ကြည့်လိုက်ဦးမယ်၊ ပြီးတော့မှ ရုပ်ဆိုးဆီကို သွားမယ်၊ ခင်ဗျားရဲ့ လူတွေကို ပြန်ခေါ်ထားပြီးသား ဖြစ်နေပါစေဗျာ”

“စိတ်ချပါကွာ”

“ဒါဖြင့် ကျွန်တော်သွားမယ်”

ရှောင်လီက အဘိုးအိုအား နှုတ်ဆက်ကာ ထွက်သွားလေသည်။

အဘိုးအိုသည် ရှောင်လီ၏နောက်ကျောကို ငေးမောကြည့်ယင်း ကျန်ရစ်ခဲ့လေတော့သည်။

♠ ♠ ♠

ရှောင်လီက ရွာလယ်လမ်းအတိုင်း လျှောက်လာခဲ့လေသည်။

ကလေးငယ်များသည် ရှောင်လီကို တွေ့သော်လည်း ထွက်မပြေးကြဘဲ ငေးကြည့်နေကြလေသည်။

ရှောင်လီက ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် အကဲခတ်ယင်း ရှေ့ဆက်လျှောက်လာခဲ့လေသည်။

သို့ဖြင့် တစ်နေရာသို့ အရောက်တွင် မီးလောင်ပြင်တစ်ခု ရှိနေသည်ကို တွေ့လိုက်ရလေသည်။

မီးလောင်ပြင် နံဘေး၌ တဲအိမ်ကလေးတစ်လုံး ရှိနေပြီး အမျိုးသမီးကြီးတစ်ယောက်က ကလေးချီကာ ထိုင်နေသည်ကို တွေ့ရလေသည်။

ရှောင်လီက အမျိုးသမီးကြီးထံသို့ လှမ်းသွားလိုက်သည်။

အမျိုးသမီးကြီးက သူ့အား စူးစူးရဲရဲ ကြည့်လိုက်သည်။

"ဘာကိစ္စလဲ"

ဟုလည်း မနှစ်မြို့သော လေသံဖြင့် မေးလာလေသည်။

ရှောင်လီက မီးလောင်ပြင်ကို ညွှန်ပြလိုက်သည်။

"ဟိုဘက်က မီးလောင်ပြင်ဟာ ရုပ်ဆိုးရဲ့မိဘတွေ ပိုင်ဆိုင်တဲ့ ပန်းပဲဖို မဟုတ်လားဗျာ"

အမျိုးသမီးကြီးသည် ရှောင်လီက ဘယ်ကြောင့် သူမထံသို့ ရောက်လာခြင်း ဖြစ်ကြောင်း ချက်ချင်း နားလည်သဘောပေါက်သွားလေတော့သည်။



"မင်းက ရုပ်ဆိုးအကြောင်း သိချင်နေတာကိုး၊ ဘာလဲ ဟိုလူယုတ်မာကြီးက လွှတ်လိုက်တာ မဟုတ်လား"

"ဗျာ"

"ငါက လူယုတ်မာကြီးရဲ့ လူတွေနဲ့ စကား မပြောချင်ဘူး၊ ငါ့ရှေ့က မြန်မြန်ထွက်သွားယင် ကောင်းမယ်"

ရှောင်လီလည်း အခြေအနေ ထူးခြားနေကြောင်း ရိပ်မိလိုက်၏။

"ကျွန်တော်က ရုပ်ဆိုးကို ကူညီမယ့်လူပါ ခင်ဗျာ"

ဟုပြောလိုက်လေသည်။

အမျိုးသမီးကြီး မျက်မှောင်ကုပ်သွားလေသည်။

"ရုပ်ဆိုးကို ကူညီမယ့်လူ ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

အဘိုးအိုက ရုပ်ဆိုးအား ဆုံးမပေးရန် အကူအညီ တောင်းခဲ့ပုံများကို ပြောပြလိုက်လေသည်။

အမျိုးသမီးကြီး ဒေါပွသွားသည်။

"လူယုတ်မာကြီး၊ သူက ငွေရှိတယ်၊ တပည့်တပန်း ရှိတယ်ဆိုပြီး တစ်ရွာလုံးကို အနိုင်ကျင့်နေတာ၊ ရုပ်ဆိုးလေးတို့နဲ့ ငါက ဆွေမျိုးသားချင်းလို နေလာကြတာ၊ ရုပ်ဆိုးလေးတို့ ဒုက္ခရောက်ရတာ သင်းကြောင့်ပဲ"

ရှောင်လီက...

"သည်လိုဆိုယင် ရုပ်ဆိုးတို့မိသားစု ဘယ်လို ဒုက္ခရောက်

ခဲ့ကြရတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပါလားဗျာ"

အမျိုးသမီးကြီးက...

"အို ငါကလည်း သိပ်ကို ပြောပြချင်တာပေါ့"

သူမသည် ရုပ်ဆိုးလေး အကြောင်း ကရားရေလွှတ် ပြောပြလိုက်လေတော့သည်။

♠ ♠ ♠



ရုပ်ဆိုး...

ရုပ်ဆိုးသည် နာမည်နှင့် လိုက်အောင် ရုပ်ဆိုးသူ ဖြစ်သည်။ ထိုသော် ရုပ်ဆိုးသလောက် သဘောကောင်းသူ လောက ရှိနိုင်မည်ဟုမသိ မဟုတ်ချေ။

ရုပ်ဆိုးအား ဆုံးမပေးဖို့ ရောင်လီအား အကူအညီ တောင်းသူမှာ ရွာပိုင်ရှင်သူဌေးကြီး ဝမ်းဖုံး ဖြစ်သည်။

ဝမ်းဖုံးတွင် ဝမ်းဝမ်းဆိုသော သမီးအချောအလှတစ်ယောက် ရှိလေသည်။

တစ်နေ့ ဝမ်းဝမ်းအား ရွာကို စားပြလာတိုက်သော လူဆိုးတစ်ယောက်က ဒုက္ခပေးကြသောအခါ ရုပ်ဆိုးက အသက်ကို ပဓာနမထားဘဲ ကူညီခဲ့ကြလေသည်။

ထို့ကြောင့် ဝမ်းဝမ်းသည် ရုပ်ဆိုးအား ကျေးဇူးတင်သွားတော့သည်။

နောက်ပိုင်းတွင် လူငယ် သဘာဝ ဝမ်းဝမ်းနှင့် ရုပ်ဆိုးတို့ မေတ္တာမျှသွားခဲ့ကြလေသည်။

ရွာပိုင်ရှင်သူဌေးကြီးဝမ်းဖုံးသည် ရုပ်ဆိုးတို့အား သဘောမတူဘဲ ခွဲခဲ့သည်။

ကြေးစားလူဆိုးလူမိုက်များ ငှားရမ်းကာ ရုပ်ဆိုးတို့မိသားစုအား မီးလောင်တိုက်သွင်းပြီး လုပ်ကြံသတ်ဖြတ်စေခဲ့လေသည်။

ရုပ်ဆိုးတစ်ယောက်သာ ကံကောင်းထောက်မကာ လွတ်မြောက်သွားပြီး မိဘများ သေဆုံးသွားခဲ့ရသည်။

ရုပ်ဆိုးလည်း ရွာမှ ထွက်ပြေးသွားပြီး ဝမ်းဖုံးအား ဒုက္ခပေးဖို့ ကြိုးစားလေတော့သည်။

မကြာသေးမီကပင် ဝမ်းဖုံး၏ဇနီးသည်အား ဖမ်းဆီးပြီး ဝမ်းဝမ်းနှင့် လဲလှယ်ရမည်ဟု ခြိမ်းခြောက်ခဲ့လေသည်။

အမှန်တော့ ဝမ်းဖုံးသည် ရုပ်ဆိုး၏ကျေးဇူးတရားကို မထောက်ထားဘဲ အကောက်ကြံ ဒုက္ခပေးခဲ့သောကြောင့် နောက်ဆက်တွဲ အကျိုးဆက်များအဖြစ် ပြဿနာများ ဖြစ်ပေါ်ခဲ့ရလေတော့သည်။

အမျိုးသမီးကြီး ရှင်းပြလိုက်သဖြင့် ရောင်လီသည် ရုပ်ဆိုးအကြောင်းကို သိလိုက်ရလေတော့သည်။

♠ ♠ ♠



စိမ်းလန်းသော သစ်ပင်ချုံနွယ်များကြားမှ ဖြတ်သန်းသွားပြီး မကြာမီ ကျောက်တောင်ကြီးတစ်လုံးကို တွေ့လိုက်ရ၏။

ထိုကျောက်တောင်ကြီး အောက်ဘက်၌ လိုဏ်ဂူကြီးတစ်ခု ရှိနေပါသည်။

ထိုလိုဏ်ဂူကြီးထဲ၌ ရုပ်ဆိုးက ဝမ်းဖုံး၏ဇနီးသည်ကို ဖမ်းဆီးထားခြင်း ဖြစ်လေသည်။

ရောင်လီက ကျောက်ဂူကြီးကို အကဲခတ်လိုက်သည်။

ထိုစဉ်...

"လူယုတ်မာကြီးက ခင်ဗျားကို လွှတ်လိုက်တာ မဟုတ်လားဗျာ"

နောက်ကျောဘက်မှ မေးမြန်းသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရောင်လီ လှည့်ကြည့်လိုက်ရာ သစ်ပင်တစ်ပင်အောက်၌ ရပ်နေသော ရုပ်ဆိုးဆိုးလူရွယ်တစ်ယောက်ကို တွေ့လိုက်ရလေသည်။

ရောင်လီက...

"ခင်ဗျားက ရုပ်ဆိုး ဟုတ်လား"

ထိုလူရွယ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားကကော"

"ကျုပ်က ရောင်လီ"

"ခင်ဗျားကို ဝမ်းဖုံး လွှတ်လိုက်တာ မဟုတ်လား"

ရှောင်လီ ပြုံးလိုက်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် ကျုပ်က သူ့ကို ကူညီဆောင်ရွက်ပေးဖို့ လာခဲ့တာ မဟုတ်ဘူး"

"ဟင်"

ရုပ်ဆိုး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ရှောင်လီက...

"ခင်ဗျားရဲ့ အိမ်ဖော်က အဒေါ်ကြီး ပြောပြတာကြောင့် လူတွေက ခင်ဗျားနဲ့ ဝမ်းဝမ်း မေတ္တာသက်ဝင်နေကြပြီ ထင်နေကြပေမယ့် ခင်ဗျားတို့ဟာ မောင်နှမတွေလို ဖြူစင်တဲ့ မေတ္တာနဲ့ သံယောဇဉ် ဖြစ်ခဲ့ကြတယ်ဆိုတာကော၊ ဒါကို အထင်မှားပြီး ဝမ်းဖုံးက ခင်ဗျားတို့ မိသားစုကို အကောက်ကြံခဲ့တယ်ဆိုတာကော ကျုပ် သိပြီးပါပြီ"

ရုပ်ဆိုး အံကြိတ်လိုက်သည်။

"ကျုပ်က ရုပ်ဆိုးတဲ့လူပါ၊ ဆင်းရဲတဲ့လူတစ်ယောက်ပါ၊ ချောမောလှပတဲ့ သူဌေးသမီး ဝမ်းဝမ်းကို ဒုက္ခပေးရမှာလားဗျာ၊ ကျုပ်နဲ့ ဝမ်းဝမ်း မတန်ဘူးဆိုတာ ကျုပ်သိတာပေါ့၊ ကျုပ်က သူ့ကို ညီမလေးတစ်ယောက်လိုပဲ သံယောဇဉ် ဖြစ်ခဲ့တာပါ၊ ဝမ်းဝမ်းကလည်း ကျုပ်ကို အစ်ကိုတစ်ယောက်လိုပဲ သဘောထားခဲ့တာပါ၊ ဒါကို ဝမ်းဖုံးက အထင်လွဲပြီး အကောက်ကြံလို့ ကျုပ် မိဘတွေ သေဆုံးခဲ့ရတာကို ဘယ်တော့မှ ကျေနပ်နိုင်မှာ မဟုတ်ပါဘူးဗျာ"

ရှောင်လီက...



"ဝမ်းဖုံးကို ခင်ဗျား သတ်ပစ်လိုက်ယင် ဝမ်းဝမ်းက စိတ်ချမ်းသာနိုင်ပါဦးမလား တွေးကြည့်ပါဦး"

"ဒါက.."

"ခင်ဗျား အနေနဲ့ သည်ကိစ္စတွေကို မေ့ပစ်လိုက်ပြီး တခြားတစ်နေရာကို ထွက်သွားတာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်ဗျာ"

ရုပ်ဆိုး ဒေါသထွက်သွားလေသည်။

"ကျုပ်က ဝမ်းဖုံးကို ခွင့်လွှတ်ရမှာလား"

"သူက နောင်တရပြီး သူ့ရဲ့ အမှားတွေကို ဝန်ချတောင်းပန်မယ်ဆိုယင်ကော"

"ဒါဆိုယင် ကျုပ်မိဘတွေ ပြန်ပြီး အသက်ရှင်လာမှာလား"

ရုပ်ဆိုး၏အမေးကြောင့် ရှောင်လီ သက်ပြင်းချမိလေသည်။

ရုပ်ဆိုးကို စိုက်ကြည့်ပြီး ပြန်မေးလိုက်သည်။

"ခင်ဗျားက ဝမ်းဖုံးကို သတ်ပစ်လိုက်တော့ရော ခင်ဗျားရဲ့ မိဘတွေ အသက်ပြန်ရှင်လာမှာလားဗျာ"

"ဘာ"

ရုပ်ဆိုး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ရှောင်လီက...

"ဝမ်းဝမ်းကကော ခင်ဗျားကို ဘယ်လိုသဘောထားမလဲ၊ အမုန်းကြီး မုန်းသွားမှာပဲ မဟုတ်လား၊ ဒါ့အပြင် သူက မကျေနပ်ဘူးဆိုယင် ခင်ဗျားတို့ရဲ့ ရန်ကြွေးသံသရာ ပြီးဆုံးသွားနိုင်ပါတော့မလား"

ရုပ်ဆိုး ငိုင်သွားလေသည်။

"ဝမ်းဖုံးက နောင်တရပြီး အမှားတွေကို ဝန်ချတောင်းပန်မယ်၊ ရွာသူရွာသားတွေကို မနှိပ်စက်တော့ဘူးဆိုယင် ခင်ဗျား မကျေနပ်နိုင်ဘူးလား"

ရုပ်ဆိုးက တွေဝေငေးငိုင်နေ၏။

ရှောင်လီက…

"ဝမ်းဖုံးသာ နောင်တ မရဘူးဆိုယင် ဝမ်းဝမ်းလည်း ခင်ဗျားအပေါ် မုန်းတီးမသွားရလေအောင် ကျုပ်က ကြားဝင်ပြီး ဆုံးမဖြေရှင်းပေးပါ့မယ်ဗျာ"

"ခင်…ခင်ဗျား"

ရုပ်ဆိုး မယုံနိုင်အောင် ဖြစ်သွားလေသည်။

"ခင်ဗျားက ဝမ်ဖုံးကို ဆုံးမပေးမယ် ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

ရုပ်ဆိုး တွေဝေသွားပြန်သည်။

ရှောင်လီအား အတန်ကြာအောင် ငေးစိုက်ကြည့်နေပြီးမှ…

"ကောင်းပြီလေ၊ သူက နောင်တရပြီး တောင်းပန်မယ်၊ ရွာသူရွာသားတွေကို မနှိပ်စက်တော့ဘူးဆိုယင် ကျုပ်လည်း သူ့ကို ဘယ်လိုမှ သဘောမထားတော့ပါဘူး"

သူ၏စကားသည် ရိုးသားဖြူစင်ပြီး စိတ်ကောင်းရှိသူတစ်ဦး ဖြစ်ကြောင်း ဖော်ပြနေပါတော့သည်။

ရှောင်လီ ဦးညွှတ်လိုက်သည်။

"ခင်ဗျားရဲ့ သဘောထားကြီးမှုကို လေးစားပါတယ်ဗျာ၊ ကဲ



ခင်ဗျား ဖမ်းထားတဲ့ ဝမ်းဖုံးရဲ့ဇနီးသည်ကို ခေါ်ပြီး ရွာမှာ ပြန်ဖြေရှင်းကြတာပေါ့"

ရုပ်ဆိုး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က ဒေါ်လေးစန်းစန်းကို ဖမ်းထားတာ မဟုတ်ဘူးဗျ"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် အမျိုးသမီးကြီးတစ်ယောက်၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟုတ်ပါတယ်ကွယ်၊ ရုပ်ဆိုးက ဒေါ်ဒေါ်ကို ဖမ်းဆီးထားတာ မဟုတ်ပါဘူး"

ရှောင်လီ လှည့်ကြည့်လိုက်သောအခါ ကျောက်ဂူထဲမှာ အမျိုးသမီးကြီးတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရသည်။

ထိုအမျိုးသမီးကြီးမှာ ဝမ်းဖုံး၏ဇနီး စန်းစန်း ဖြစ်သည်။

စန်းစန်းက…

"ဒေါ်ဒေါ့် ယောကျ်ားက ရုပ်ဆိုးတို့မိသားစုကို အကောက်ကြံခဲ့တဲ့အပြင် ရုပ်ဆိုးကိုပါ သတ်ပစ်ဖို့ ကြေးစားလူဆိုးလူမိုက်တွေကို ငှားရမ်းထားတာကြောင့် ရုပ်ဆိုးလေးကို ကာကွယ်နိုင်အောင် ဒေါ်ဒေါ်က တမင် သည်မှာ လာနေခဲ့တာပါကွယ်"

ဟုရှင်းပြလေသည်။

တဖန်…

"ဝမ်းဖုံးက တစ်ချိန်ကလည်း ဒေါ်ဒေါ်ရဲ့ယောကျ်ားကို အကောက်ကြံ သတ်ဖြတ်ပြီး ဒေါ်ဒေါ်ကို သိမ်းပိုက်ခဲ့တာပါ၊ ဝမ်းဝမ်းဟာ သူ့ရဲ့သမီးအရင်း မဟုတ်ပါဘူး၊ ဒေါ်ဒေါ် အယင် အိမ်ထောင်နဲ့ ရခဲ့တာပါ၊ ရှင်းရှင်းပြောရယင် ဝမ်းဖုံးက ဝမ်းဝမ်းကိုတောင် ချမ်းသာပေးချင်တာ မဟုတ်ပါဘူးကွယ်"

ဟု သူတို့မိသားစု အကြောင်းကို အမှန်အတိုင်း ဖွင့်ပြောလိုက်လေတော့သည်။

ထိုအချိန်မှာပင်...

"ဟား...ဟား...ဟား"

ငက်ဆိုးထိုးသံပမာ ကျယ်လောင်သော ရယ်မောသံကြီး ထွက်ပေါ်လာလေသည်။

ရှောင်လီနှင့် ရုပ်ဆိုးတို့ လှည့်ကြည့်လိုက်ကြသောအခါ ဝမ်းဖုံးက လူတစ်စုကို ဦးဆောင်ကာ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

♠ ♠ ♠



ဝင်းဝင်း ရောက်လာသည်ကို မြင်လျှင် ရုပ်ဆိုး ဒေါသထွက်သွား၏။

"ကလေးသီမာကြီး"

ဝင်းဝင်းလည်း ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

ဝမ်းဖုံးက...

"ရုပ်ဆိုး၊ မင်း ငါ့လက်က မလွတ်ပါဘူးကွာ၊ ငါ့လူတွေ ရောက်လာပြီဆိုတော့ မင်းကို ကြောက်နေစရာ မလိုတော့ပါဘူးလေ"

ဝမ်းဖုံး ခေါ်ယူထားသည့် ကြေးစားလူဆိုးလူမိုက်များ ရောက်ရှိလာပြီ ဖြစ်လေသည်။

ထို့ကြောင့် ဝမ်းဖုံး အပြောင်းလဲကြီး ပြောင်းလဲသွားခြင်း ဖြစ်ပါတော့သည်။

ဝမ်းဖုံးက...

"မင်းလည်း ထွက်သွားယင် ကောင်းမယ်"

ရှောင်လီအား မောင်းထုတ်လိုက်လေသည်။

ရှောင်လီ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မသွားနိုင်ပါဘူးဗျာ"

"ဘာကွ၊ မင်း သေချင်လို့လား ကိုယ်နဲ့ မဆိုင်ဘဲ ဝင်မရှုပ်နဲ့ ထွက်သွားစမ်း"

ရှောင်လီက...

"ခင်ဗျားကို ဆုံးမပြီးမှ ထွက်သွားမှာပါဗျာ"

"မင်း...မင်း"

ဝမ်းဖုံး ဒေါသထွက်သွားပြီး သူ့ခေါ် လာသည့် ကြေးစားလူဆိုးလူမိုက်များအား အမိန့်ပေးလိုက်လေသည်။

"သည်ကောင်တွေကို ဆုံးမလိုက်စမ်း"

ကြေးစားလူဆိုးများသည် လဏ်နက်ကိုယ်စီ ဆွဲထုတ်ကာ ရုပ်ဆိုးနှင့် ရှောင်လီတို့အား တိုက်ခိုက်လိုက်ကြလေတော့သည်။

ရှောင်လီနှင့် ရုပ်ဆိုးတို့လည်း လက်တွဲကာ ပြန်လည်တိုက်ခိုက်လိုက်ကြလေသည်။

ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာတော့သည်။

ဝမ်းဖုံးက စန်းစန်းထံသို့ လှမ်းသွားလိုက်သည်။

"မင်းက ငါ့ကို ရူယုတ်မာကြီးတစ်ယောက်လို သတ်မှတ်တယ်ပေါ့လေ၊ မင်းကို ဆုံးမရမယ်"

ဓားမြှောင်တစ်လက်ဖြင့် ရန်ပြုလိုက်လေသည်။

ဒေါသထွက်နေသော စန်းစန်းက...

"ရှင်က လူယုတ်မာ မဟုတ်လို့လား"

ပြန်လည်အော်ပြောယင်း အတင်းဝင်ပြီး လုံးထွေးလိုက်၏။

နှစ်ယောက်သား လုံးထွေးရစ်ပတ်သွားကြပြီး...

"အား"

ဝမ်းဖုံး၏ စူးရှသော အော်ဟစ်သံကြီး ထွက်ပေါ်လာလေသည်။

သူ၏လက်ထဲ ကိုင်ထားသော ဓားမြှောင်က စန်းစန်းအား



မထိုးမိဘဲ သူ၏ရင်ဝ၌ ပြန်လည်ထိုးစိုက်မိသွားလေတော့သည်။

ဝမ်းဖုံးလည်း မြေပေါ် လဲကျကာ အသက်ပျောက်သွားလေတော့သည်။

ထိုအချိန်မှာပင်...

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာလေသည်။

ကြေးစားလူဆိုးများသည် ရှောင်လီနှင့် ရုပ်ဆိုးတို့၏ တက်ညီလက်ညီ တိုက်ခိုက်မှုကြောင့် အထိနာကာ ဖရိုဖရဲ ထွက်ပြေးသွားကြလေတော့သည်။

♠ ♠ ♠

ဝမ်းဖုံး သေဆုံးသွားပြီ ဖြစ်သည်။

ကြေးစားလူဆိုးများသည်လည်း ထွက်ပြေးသွားကြပြီ ဖြစ်သည်။

ဝမ်းဖုံး သေသွားသည်ကို မည်သူကမှ ဝမ်းနည်းကြခြင်း မရှိပါချေ။

တစ်ရွာလုံးကို နှိပ်စက်ဒုက္ခပေးနေသော လူဆိုးကြီးတစ်ယောက် မရှိတော့ဟုဆိုကာ အားလုံး ဝမ်းသာပျော်ရွှင်နေကြလေတော့သည်။

ဝမ်းဝမ်းနှင့် စန်းစန်းတို့ သားအမိသည်လည်း ယခုမှ အနှောင်အဖွဲ့မှ လွတ်မြောက်သွားကြသည်ဟု ဆိုနိုင်ပါသည်။

အားလုံးက ရှောင်လီနှင့် ရုပ်ဆိုးတို့အား ကျေးဇူးတင်နေကြပါတော့သည်။

ရုပ်ဆိုးကလည်း ရှောင်လီကို ကျေးဇူးတင်နေ၏။

ဝမ်းဖုံး ခေါ်လာသော ကြေးစားလူဆိုးများအား ရှောင်လီသာ ဆုံးမ မပေးလျှင် သူလည်း တတ်နိုင်လိမ့်မည် မဟုတ်ပါချေ။

ရှောင်လီကြောင့်သာလျှင် လူဆိုးများအား ဆုံးမမောင်းထုတ်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

ရုပ်ဆိုးက...

"မိတ်ဆွေသာ မကူညီဘူးဆိုယင် ဝမ်းဖုံးတို့လူစုကို ဆုံးမနှိမ်နင်းနိုင်မှာ မဟုတ်ပါဘူးဗျာ၊ မိတ်ဆွေကို ကျေးဇူးတင်ပါတယ်"

ရှောင်လီ ပြုံးလိုက်သည်။



"ကျုပ်ကို ကျေးဇူးတင်တယ်ဆိုယင် အကူအညီတစ်ခု ပေးစေချင်ပါတယ်ဗျာ"

ရုပ်ဆိုးက...

"ကျုပ်က ဘာအကူအညီ ပေးရမှာလဲ ပြောပါဦး"

ရှောင်လီ၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ခင်ဗျားက သည်နယ်မြေကို ကျွမ်းကျင်တယ် မဟုတ်လားဗျာ"

ရုပ်ဆိုး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"သည်နယ်မြေထဲမှာ ရှေးဟောင်းခံတပ်တစ်ခု ရှိတယ်ဆိုတာ ခင်ဗျား သိမယ် ထင်တယ်"

"ဟင်း"

ရှေးဟောင်းခံတပ်ဆိုသော စကားကြောင့် ရုပ်ဆိုး မျက်နှာပျက်သွားလေသည်။

"ကျုပ်သိပါတယ်၊ ရှေးဟောင်းခံတပ်ကို သွားဖို့ ခက်ခဲတယ်၊ အန္တရာယ်များတယ်ဗျ"

ရုပ်ဆိုးက ရှေးဟောင်းခံတပ်အကြောင်း သိနေခြင်းကြောင့် ရှောင်လီ ဝမ်းသာသွားလေသည်။ ရုပ်ဆိုးက...

"ရှေးဟောင်းခံတပ်ဟာ လျှို့ဝှက်တဲ့ လူတစ်စု နေထိုင်ကြတယ်၊ သူတို့ရဲ့ ခံတပ်အနီးကို ရောက်လာတဲ့ မှန်သမျှ အရှင်မထားဘူး၊ ပြီးတော့ သူတို့နဲ့ ပြိုင်ဘက် အုပ်စုတစ်စုလည်း ရှိသေးတယ်၊

သူတို့ဟာ အချင်းချင်း တိုက်ခိုက်ကြသလို မျက်စိလည် လမ်းမှားပြီး ရောက်လာတဲ့ လူတွေကိုတောင် ချမ်းသာမပေးဘဲ သတ်ပစ်တတ်ကြတာ"

ရောင်လီ ပြုံးလိုက်သည်။

"ကျုပ်က ရေးဟောင်းခံတပ်ကို သွားမယ်ဆိုယင်ကော မိတ်ဆွေ လမ်းပြပေးနိုင်မလားဗျာ"

ဟုမေးလိုက်လေသည်။

ရုပ်ဆိုး သက်ပြင်းချလိုက်သည်။

"သည်ခရီးဟာ အန္တရာယ်များလှပါတယ်၊ ဒါပေမယ့် မိတ်ဆွေ သွားချင်တယ်ဆိုယင် လိုက်ပို့ပေးပါ့မယ်၊ တစ်ခုတော့ ရှိတယ်၊ မိတ်ဆွေက ဘာကြောင့်များ ရေးဟောင်းခံတပ်ကို သွားချင်ရတယ် ဆိုတာ ပြောပြနိုင်မလားဗျာ"

ရောင်လီ ငိုင်သွား၏။

သူက ရေးဟောင်းခံတပ်သို့ အဘယ်ကြောင့် သွားရောက်လိုရသည်ကို ပြောသင့် မပြောသင့် ရုတ်တရက် ဆုံးဖြတ်မရနိုင်ဘဲ ဖြစ်သွား၏။ ရုပ်ဆိုးက အခြေအနေ စောင့်ကြည့်နေသည်။

အတော်ကလေးကြာမှ ရောင်လီက...

"ကျုပ်က ရေးဟောင်းခံတပ်ကို သွားချင်တာ ကျုပ်ရဲ့အဖေကို တွေ့ချင်လို့ပါဗျာ"

ဟုပြောလိုက်လေသည်။

♠ ♠ ♠

## မရဏခရီး

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်နေသည်။

မြင်းစီးသမားနှစ်ယောက်က တောလမ်းအတိုင်း ဒုန်းစိုင်းနှင်နေကြသည်။

ရောင်လီနှင့် ရုပ်ဆိုးတို့ ဖြစ်လေသည်။

ရုပ်ဆိုးသည် ရောင်လီအား ရေးဟောင်းခံတပ်သို့ လိုက်လံပို့ဆောင်ပေးရန် ဆုံးဖြတ်ပြီးနောက် နှစ်ယောက်သား ခရီးပြင်းနှင်လာခဲ့ကြခြင်း ဖြစ်လေသည်။

ရွာကလေးမှ ထွက်လာခဲ့ကြပြီး သုံးရက်မြောက်သောနေ့တွင် နှစ်ယောက်သား တောလမ်းအတိုင်း လာခဲ့ကြရာ တစ်နေရာသို့ အရောက်တွင် လမ်းဘေး၌ လူတစ်ယောက် ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ လျှံကူးည်၏ လူတစ်ယောက် ဖြစ်ကြောင်း ရှောင်လီ ချက်ချင်း မှတ်မိလိုက်လေသည်။

"ဟေး"

ရှောင်လီတို့ မြင်းငေါက်ကာ ရပ်တန့်လိုက်ကြလေသည်။

သစ်ပင်အောက်မှ လူက ရှေ့သို့ လှမ်းထွက်လာပြီး ဦးညွှတ်လိုက်သည်။

"မြင်းပေါ်က ဆင်းပြီး ကျုပ်နဲ့ လိုက်ခဲ့ပါဗျာ"

ဟုဖိတ်ခေါ်လာလေသည်။

ရုပ်ဆိုးက...

"ခင်ဗျားက သူ့ကို သိသလား"

ဟုမေးသည်။

ရှောင်လီ ခေါင်းညိတ်လိုက်လေသည်။

"သိပါတယ်"

ပြောယင်း မြင်းပေါ်မှ ဆင်းလိုက်သည်။

ရုပ်ဆိုးလည်း မြင်းပေါ်မှ ဆင်းလိုက်လေသည်။

ထို့နောက် လျှံကူးည်၏လူနောက်သို့ လိုက်သွားကြလေသည်။



ထိုလူက တောအုပ်ထဲသို့ ခေါ်ဆောင်သွားခြင်း ဖြစ်သည်။

တောအုပ်ထဲ၌ မြေကွက်လပ်တစ်ခု ရှိနေပါသည်။

ထိုမြေကွက်လပ်၌ လျှံကူးည်တို့လူစု ရှိနေကြသည်ကို တွေ့ရလေသည်။

လျှံကူးည် ပြုံးလိုက်သည်။

"ရှင် မသိုးဘူး၊ ကျွန်မ နောက်ကို လိုက်လာနိုင်တာပဲ"

ရှောင်လီက...

"ကျုပ်ကလည်း လိုက်လာနိုင်ပါတယ်လို့ ပြောခဲ့တာပဲ မဟုတ်လားဗျာ"

လျှံကူးည်က...

"ရှင်လိုက်လာတာ အတော်ပဲ၊ ရှေ့မှာ ကျွန်မတို့ကို တားဆီးမယ့် လူတွေ ရှိနေပြီရှင့်"

ရှောင်လီက...

"ကျုပ်က သည်လူတွေကို.."

ထိုစဉ် ဟန်လုံက ဝင်ပြောလိုက်လေသည်။

"မင်းနဲ့ ကွမ်းကြူးညီနောင်က ကျုပ်ကို ကူညီမယ်လို့ ဆုံးဖြတ်ခဲ့ကြတာပဲ မဟုတ်လား"

ရှောင်လီ သက်ပြင်းချလိုက်သည်။

"ကျုပ်က ဘာကြောင့် ကူညီချင်ရတယ်ဆိုတာကိုတော့ ခုချိန်အထိ ဘယ်သူကမှ ကျုပ်ကို မမေးကြသေးဘူးဗျ"

ဟန်လုံ မျက်မှောင်ကုပ်သွား၏။

"မင်းဟာ ကွမ်းကြိုးညီနောင်ရဲ့ မိတ်ဆွေမဟုတ်လား။ သူတို့က ကျုပ်ကို ကူညီချင်နေကြတယ်၊ ဒါကြောင့် မင်းကိုလည်း ဝိုင်းဝန်းအကူအညီပေးဖို့ အကူအညီ တောင်းခဲ့ကြတာပဲ မဟုတ်လား"

ရောင်လီ ခေါင်းခါယမ်းလိုက်သည်။

"ဒါတွေ အားလုံး မှားနေပါတယ်ဗျာ"

"ဟင်"

ဟန်လုံ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ဘယ်လို မှားနေတာလဲ ပြောပါဦး"

လျှံကူးညံက ဝင်မေးလိုက်လေသည်။ ရောင်လီက...

"ကျုပ်က ရွှေပလွေကို ရယူခဲ့တာကော၊ ကွမ်းကြိုးညီနောင်နဲ့ ပတ်သက်ခဲ့တာကော အကြောင်းရှိလို့ပါဗျာ"

လျှံကူးညံနှင့် ဟန်လုံတို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။

ရောင်လီက တည်ကြည်သော မျက်နှာထားဖြင့် ဆက်ပြောလိုက်လေသည်။

"ကျုပ်က ရှေးဟောင်းခံတပ်ကို သွားမယ့် ခင်ဗျားတို့နဲ့ အတူ လိုက်ခဲ့ချင်လို့ပါပဲဗျာ"

ထိုစကားကြားလျှင် ဟန်လုံတို့ ပါးစပ်အဟောင်းသား ဖြစ်သွားကြလေတော့သည်။

♠ ♠ ♠



ဝန်းကျင်တစ်ခုလုံး အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားသည် ထင်ရ၏။

အားလုံးက ရောင်လီအား မျက်တောင်မခတ် စိုက်ကြည့်နေကြလေသည်။

ရောင်လီက...

"ကြယ်ပျံအာမခံဌာနဟာ လျှို့ဝှက်တဲ့ ရှေးဟောင်းခံတပ်ရဲ့ လက်အောက်ခံ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်၊ သူတို့ဟာ ရှေးဟောင်းခံတပ်အတွက် လိုအပ်တဲ့ စားနပ်ရိက္ခာ၊ ဆေးဝါး၊ ရွှေငွေနဲ့ အသုံးအဆောင်တွေကို ပို့ဆောင်ပေးဖို့ တာဝန်ယူရပါတယ်"

ဟန်လုံ အံကြိတ်လိုက်လေသည်။

ရောင်လီ ဆက်ပြောသည်။

"ရှေးဟောင်းခံတပ်ဟာ သိုင်းလောကကို လွှမ်းမိုးချုပ်ကိုင်ဖို့ ကြိုးစားနေတဲ့ အဖွဲ့အစည်းတစ်ခုပါပဲ၊ သူတို့ရဲ့ လူတွေဟာ သိုင်းလောကထဲထွက်ပြီး သိုင်းလောကသား အချင်းချင်း မသင့်မမြတ်အောင်၊ စိတ်ဝမ်းကွဲအောင် လုပ်တယ်၊ ရန်တိုက်ပေးတယ်၊ လုယက်တိုက်ခိုက်မှုတွေ ကျူးလွန်တယ်၊ သည်လူတွေဟာ ကြယ်ပျံအာမခံဌာနနဲ့ ဆက်သွယ်ရတယ်"

ရုပ်ဆိုးသည် သိုင်းလောကအကြောင်း ဘာမှမသိသည့်အလား တုတ်တုတ်မလှုပ်ဘဲ ငြိမ်၍ နားထောင်နေ၏။

ရောင်လီက...

"ရှေးဟောင်းခံတပ်ပိုင်ရှင်မှာ အားထားရတဲ့ လက်ရုံး

တပည့်နှစ်ယောက် ရှိတယ်၊ 'မိစ္ဆာဖြူ'နဲ့ 'မိစ္ဆမည်း' ဘွဲ့ထူးရှိတယ်၊ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က သူတို့နှစ်ယောက်ဟာ ခံတပ်ပိုင်ရှင်ကို လုပ်ကြံပြီး ခံတပ်ကို အပိုင်စီးလိုက်ကြတယ်"

လျှံကူးညံ ရယ်မောလိုက်သည်။

"တော်တော် အူကြောင်ကြောင်နိုင်တာပဲ၊ ရှင် ဘာတွေ လျှောက်ပြောနေတာလဲ"

ရောင်လီက အမှုမထားချေ။

"မိစ္ဆာဖြူနဲ့ မိစ္ဆာမည်းဟာ ခံတပ်ရှင်ကို လုပ်ကြံနိုင်ခဲ့ကြပေမယ့် အိမ်ဖော်တစ်ယောက်က ပိုင်ရှင်ရဲ့သားကို ခေါ်ပြီး ထွက်ပြေးသွားနိုင်ခဲ့တယ်၊ သူတို့ဟာ အရှေ့ပင်လယ်သိုင်းဆရာဆီကို ရောက်သွားကြတယ်၊ ဒဏ်ရာရထားတဲ့ အိမ်ဖော်ဟာ ခံတပ်ပိုင်ရှင်ရဲ့သားကို အရှေ့ပင်လယ်သိုင်းဆရာဆီမှာ အပ်နှံပြီး သေဆုံးသွားခဲ့တယ်"

ဟန်လုံက...

"မင်းက ပိုင်ရှင်ရဲ့သား ဟုတ်လား"

ရောင်လီ ခေါင်းညိတ်လိုက်လေသည်။

ရေးဟောင်းခံတပ်ပိုင်ရှင်သည် အလွန်လျှို့ဝှက်သူ ဖြစ်ပြီး သူတို့မိသားစုအား မိစ္ဆာဖြူ၊ မိစ္ဆာမည်းနှင့် လူယုံတော်အချို့သာလျှင် ထိတွေ့ဆက်ဆံခွင့်ရလေသည်။

ထို့ကြောင့် ရေးဟောင်းခံတပ်ပိုင်ရှင်နှင့် မိသားစုအား လက်အောက်ငယ်သားများ တွေ့ဖူးမြင်ဖူးရန်ပင် မလွယ်ပါချေ။

ရောင်လီသည် သိုင်းလောကအား လွှမ်းမိုးရန် ကြံစည်နေ



သည့် ရေးဟောင်းခံတပ်ပိုင်ရှင်၏သား ဖြစ်နေသည်။

ရောင်လီက...

"ကျုပ်က အရှေ့ပင်လယ်သိုင်းဆရာဆီမှာ တပည့်ခံပြီး သိုင်းပညာ သင်ကြားခဲ့တယ်၊ ပညာစုံတော့ ရေးဟောင်းခံတပ်ကို ပြန်သွားပြီး မိစ္ဆာဖြူတို့ကို ဆုံးမဖို့ ဆုံးဖြတ်ခဲ့တယ်၊ ခက်နေတာက ရေးဟောင်းခံတပ်ကို ရောက်အောင် ဘယ်လိုသွားရမယ်ဆိုတာ ကျုပ်ကိုယ်တိုင် မမှတ်မိတော့တာဘဲ"

ဤသို့ဖြင့် ရေးဟောင်းခံတပ်နှင့် ပတ်သက်နေသော ကြယ်ပျံအာမခံဌာနအား ချဉ်းကပ်ရန် နည်းလမ်းရှာကြံခဲ့ခြင်း ဖြစ်သည်။

လုဖုံးချီ၏ ရွှေပလွေသည် လက်နက်ကောင်းတစ်ခု ဖြစ်ပြီး ကွမ်းကြိုးညီနောင်လည်း ရောက်လာသဖြင့် ရောင်လီက အခွင့်အရေးကို လက်လွှတ်မခံဘဲ ရွှေပလွေကို ရယူပြီး ကွမ်းကြိုးညီနောင်နှင့် ပတ်သက်လိုက်ခြင်း ဖြစ်လေသည်။

ကွမ်းကြိုးညီနောင်မှာ ရေးဟောင်းခံတပ်အကြောင်းနှင့် ကြယ်ပျံအာမခံဌာန၏ဇာတိရုပ်အမှန်ကို လုံးဝမသိခဲ့ကြဘဲ ကျေးဇူးရှိခဲ့ဖူးခြင်းကြောင့် ကူညီဖို့ ကြိုးစားခဲ့ကြသူများ ဖြစ်လေသည်။

ကြယ်ပျံအာမခံဌာနပိုင်ရှင်ဟန်လုံသည် ရေးဟောင်းခံတပ်၏ ပြင်ပတာဝန်ခံ ဖြစ်လေသည်။

ဟန်လုံ အကြောင်းကို ရောင်လီ စုံစမ်းသိရှိခဲ့သော်လည်း လျှံကူးညံ၏အကြောင်းကိုမူ သိမထားချေ။

ထို့အပြင် ဟန်လုံနှင့် လျှံကူးညံတို့လူစုသည် ရေးဟောင်းခံ

တပ်သို့ အဘယ်ကြောင့် ပြန်သွားရသည်ကိုလည်း မသိရသေးပါချေ။

လျှံကူးညံက...

"ရှင်ဟာ ရှေးဟောင်းခံတပ်ပိုင်ရှင် ရှောင်ကျိုးရဲ့သား ဟုတ်လား"

ရှောင်လီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

"ဒါဖြင့် ရှင် ကံကောင်းသွားပြီ"

"ဗျာ"

လျှံကူးညံ၏စကားကြောင့် ရှောင်လီ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

လျှံကူးညံက...

"ရှင့်အဖေကို ဒုက္ခပေးခဲ့တဲ့ မိစ္ဆာဖြူနဲ့ မိစ္ဆာမည်းတို့နှစ်ယောက်ဟာ ရှေးဟောင်းခံတပ်ကို ပိုင်ဆိုင်ဖို့အတွက် အချင်းချင်း အကောက်ကြံခဲ့ကြတယ်ရှင်"

ရှောင်လီသည် သူ မသိရသေးသော ကိစ္စတစ်ခုကို ကြားလိုက်ရခြင်းကြောင့် စိတ်ဝင်စားသွားလေသည်။

လျှံကူးညံက...

"သူတို့ တစ်ယောက်နဲ့တစ်ယောက် စိတ်ဝမ်းကွဲပြီး တိုက်ခိုက်ခဲ့ကြတာ၊ မိစ္ဆာဖြူက အရေးနိမ့်ပြီး သူ့ရဲ့လက်အောက်ငယ်သားတွေနဲ့အတူ ရှေးဟောင်းခံတပ်ကနေ ထွက်ပြေးရှောင်တိမ်းသွားရတယ်"



ရှောင်လီက...

"မိစ္ဆာမည်းက ရှေးဟောင်းခံတပ်ကို အပိုင်စီးထားလိုက်တာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ မိစ္ဆာဖြူဟာ ခံတပ်ကနေ ထွက်ပြေးတိမ်းရှောင်သွားခဲ့ရပြီး သူ့ရဲ့သမီးကိုလည်း အဝေးကို ပို့ထားခဲ့ရပါတယ်"

ရှောင်လီက မလှမ်းမကမ်း၌ ရပ်ထားသော မြင်းလှည်းကို လှမ်းကြည့်လိုက်လေသည်။

ထိုမြင်းလှည်းအိမ်ထဲ၌ မိန်းကလေးတစ်ယောက် လိုက်ပါလာကြောင်း သိထားသည် မဟုတ်ပါလား။

မြင်းလှည်းအိမ်ထဲ၌ လိုက်ပါလာသော မိန်းကလေးမှာ မိစ္ဆာဖြူ၏သမီး ဖြစ်ရပေမည်။

လျှံကူးညံက...

"မိစ္ဆာမည်းက ခံတပ်ကို အပိုင်စီးထားနိုင်ခဲ့ပေမယ့် ခုတော့ မိစ္ဆာဖြူက ခံတပ်ကို သိမ်းပိုက်ပြီး မိစ္ဆာမည်းကို မောင်းထုတ်လိုက်ပါပြီ၊ ပွင့်ပွင့်လင်းလင်း ပြောရယင် ရှင့်အဖေကိုလည်း ကယ်တင်ထားနိုင်လိုက်ပါပြီ"

"ဗျာ"

ရှောင်လီ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

လျှံကူးညံက...

"တစ်ချိန်က မိစ္ဆာဖြူ၊ မိစ္ဆာမည်းကြောင့် ရှင့်အဖေ သေဆုံး

သွားပြီလို့ ထင်မှတ်ခဲ့တယ် မဟုတ်လား၊ တကယ်တော့ ရှင့်အဖေဟာ ဒဏ်ရာပြင်းထန်စွာ ရသွားပေမယ့် အသက်ရှင်နေပါသေးတယ်၊ သူ့ကို ဖမ်းဆီးအကျဉ်းချထားလိုက်ကြတယ်၊ ခုတော့ မိစ္ဆာဖြူက မိစ္ဆာမည်းကို မောင်းထုတ်ပြီး ရှင့်အဖေကို ပြန်ပြီး ကယ်တင်လိုက်ပါတယ်၊ ရှင့်အဖေကလည်း သူ့ကို ခွင့်လွှတ်လိုက်တယ်၊ ရွှေဟောင်းခံတပ်ကို သူ့လက်ထဲ အပ်လိုက်ပါတယ်ရှင်"

ရှောင်လီက...

"ကျုပ်အဖေ တကယ်ပဲ အသက်ရှင်နေသေးတယ် ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ဒါဖြင့် ကျုပ်တစ်ခု မေးချင်သေးတယ်"

"မေးပါရှင်"

"ခင်ဗျားတို့က မိစ္ဆာဖြူရဲ့သမီးကို ခေါ်ပြီး ခံတပ်ကို ပြန်သွားကြမှာ မဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"မိစ္ဆာဖြူက မိစ္ဆာမည်းကို မောင်းထုတ်လိုက်ပြီ မဟုတ်လား၊ ခင်ဗျားတို့က ဘာကြောင့် ရန်သူကို ကြောက်လန့်နေရတာလဲဗျာ"

လျှံကူးညံ သက်ပြင်းချလိုက်လေသည်။

"မိစ္ဆာမည်းဟာ ခံတပ်က ထွက်ပြေးသွားတယ် ဆိုပေမယ့် သူက ခံတပ်ကို ပြန်ပြီး တိုက်ခိုက်သိမ်းပိုက်ဖို့ ကြိုးစားနေတယ်လေ"



"ဪ မိစ္ဆာမည်းက ခံတပ်ကို သိမ်းပိုက်ထားတုန်းက မိစ္ဆာဖြူက အပြင်ကနေ လူသူစုဆောင်းပြီး တိုက်ခိုက်ခဲ့တဲ့ သဘောမျိုးပေါ့"

လျှံကူးညံ ခေါင်းညိတ်လိုက်လေသည်။

"သည်သဘောပါပဲ၊ မိစ္ဆာမည်းက မိစ္ဆာဖြူရဲ့သမီး ခံတပ်ကို ပြန်လာမယ်ဆိုတာ သိထားပြီး ဒုက္ခပေးနေတယ် ဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ ဒါကြောင့် ကျွန်မတို့က အထူးဂရုစိုက်ပြီး ခရီးသွားနေရတာပါ"

မိစ္ဆာဖြူနှင့် မိစ္ဆာမည်းတို့သည် ရွှေဟောင်းခံတပ်ပိုင်ရှင်ရှောင်ကျိုးအား တိုက်ခိုက်ကာ ခံတပ်ကို သိမ်းပိုက်ခဲ့ကြလေသည်။

ထို့နောက် အချင်းချင်း စိတ်ဝမ်းကွဲကာ တိုက်ခိုက်ခဲ့ကြပြန်လေသည်။

မိစ္ဆာမည်း အနိုင်ရသွားသောအခါ မိစ္ဆာဖြူက ထွက်ပြေးသွားပြီး လူသူစုဆောင်း၍ မိစ္ဆာမည်းကို တိုက်ခိုက်ခဲ့သည်။

မိစ္ဆာမည်း ရှုံးနိမ့်ကာ ထွက်ပြေးသွားရပြန်သောအခါ ခံတပ်အပြင်ဘက်မှ နေ၍ လူသူစုဆောင်းကာ ပြန်လည်တိုက်ခိုက်ခဲ့ပြန်လေသည်။

သို့ဖြင့် ရွှေဟောင်းခံတပ်အား ပိုင်ဆိုင်နိုင်ရေးအတွက် အပြန်အလှန် တိုက်ခိုက်ယင်း မဆုံးနိုင်သော တိုက်ပွဲများ ဖြစ်ပေါ်လာလေတော့သည်။

လျှံကူးညံက...

"မိစ္ဆာဖြူဟာ ရှင့်အဖေကို ကယ်တင်လိုက်ပါတယ်၊ သူ့ရဲ့ အပြစ်တွေကိုလည်း ဝန်ချတောင်းပန်ပြီးပါပြီ၊ ဒါကြောင့် ရှင်ကလည်း မိစ္ဆာဖြူကို ကူညီပြီး မိစ္ဆာမည်းကို ရင်ဆိုင်သွားသင့်ပါတယ်ရှင်"

ဟုပြောလာလေသည်။

ရောင်လီ အနည်းငယ် စဉ်းစားပြီး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ကျုပ်တို့ မိစ္ဆာမည်းကို ရင်ဆိုင်သွားကြတာပေါ့"

လျှံကူးညံ့နှင့် ဟန်လုံတို့ ဝမ်းသာသွားကြလေတော့သည်။

ထိုအချိန်မှာပင် မလှမ်းမကမ်း တစ်နေရာမှ တိုက်ခိုက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

♠ ♠ ♠



တိုက်ခိုက်သံများ ဟိုမှသည်မှ ထွက်ပေါ်လာလေသည်။

ရောင်လီ၊ လျှံကူးညံ့နှင့် ဟန်လုံတို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။

လျှံကူးညံ့က...

"မိစ္ဆာမည်းရဲ့လူတွေ ရောက်လာကြတာပဲ ဖြစ်မယ်"

ဟန်လုံက...

"ကျုပ်သွားကြည့်လိုက်ဦးမယ်"

သူက ကျားယန့်ကို ခေါ်ကာ ပြေးလွှားသွားလေသည်။

လျှံကူးညံ့၏လူတစ်ချို့လည်း လိုက်ပါသွားကြလေသည်။

ရောင်လီလည်း မနေနိုင်တော့ပါချေ။

"ကျုပ်ပြန်လာခဲ့မယ်"

ဟန်လုံတို့နောက်သို့ လိုက်သွားလေသည်။

သစ်ပင်ချုံနွယ်များကြားမှ ဖြတ်ကာ ပြေးသွားရာ မကြာပါချေ။

မြေပေါ် လဲကျနေသည့် အနက်ရောင်ဝတ်ဆင်ထားသူနှစ်ယောက်ကို တွေ့ရလေသည်။

ထိုလူနှစ်ယောက် အသက်ပျောက်နေကြပြီ ဖြစ်လေသည်။

ဟန်လုံက...

"သတိထား"

ကျားယန့်တို့အား သတိပေးလိုက်လေသည်။

ထိုအချိန်မှာပင်...

"ဗုစ်..ဗုစ်..ဗုစ်"

သစ်ပင်ချုံနွယ်များကြားမှ လက်နက်ပုန်းကလေးများ ပစ်လွှင့်လာလေတော့သည်။

လှုံကူးညံ၏လူသုံးယောက်မှာ လက်နက်ပုန်းထိမှန်ကာ လဲကျသွားတော့သည်။

လက်နက်ပုန်းလေးများ ပစ်လွှင့်လာပြီးနောက် ချုံပုတ်များကြားမှ လူတစ်စု ပြေးထွက်လာကာ ကျားယန့်နှင့် ဟန်လုံတို့အား တိုက်ခိုက်လိုက်ကြလေသည်။

"ဟိတ်"

"ယား"

ကျားယန့်နှင့် ဟန်လုံတို့ကလည်း ညာသံပေးကာ ပြန်လည်တိုက်ခိုက်လိုက်ကြလေသည်။

ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

မိစ္ဆာမည်း၏လူများသည် ဟိုမှသည်မှ ပြေးထွက်လာကြပြီး တစ်စထက်တစ်စ လူများလာတော့သည်။

ဟန်လုံတို့အား အထပ်ထပ် ဝိုင်းရံထားလိုက်လေသည်။

ဟန်လုံနှင့် ကျားယန့်တို့က အကြောက်အကန် ပြန်လည်တိုက်ခိုက်ကြပါသော်လည်း အများနှင့် ရင်ဆိုင်နေရခြင်းကြောင့် တစ်စထက်တစ်စ အရေးနိမ့်လာကြလေတော့သည်။

နှစ်ယောက်စလုံး ထိခိုက်ဒဏ်ရာ ရရှိသွားကြလေသည်။

ထိုအချိန်မှာပင်...



"ဟူး"

အဝတ်အစား လေတိုးသံနှင့်တူ လူတစ်ယောက် ပြေးလွှားရောက်ရှိလာပြီး မိစ္ဆာမည်း၏လူများအား တိုက်ခိုက်လိုက်လေတော့သည်။

♠ ♠ ♠

တိုက်ပွဲကား ပြင်းထန်လှသည်။

မိစ္ဆာမည်း၏လူများကြောင့် ဟန်လုံနှင့် ကျားယန်တို့ ဆရာတပည့်နှစ်ယောက် ထိခိုက်ဒဏ်ရာရသွားကြပြီ ဖြစ်သည်။

ထိုအချိန်မှာပင် ရှောင်လီ ပြေးလွှားရောက်ရှိလာပြီး မိစ္ဆာမည်း၏လူများအား တိုက်ခိုက်လိုက်လေတော့သည်။

ရှောင်လီက လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

"ဝုန်း"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာလေသည်။

မိစ္ဆာမည်း၏လူများ အဝေးသို့ လွင့်စင်သွားကြတော့သည်။

ဟန်လုံတို့ ဝမ်းသာသွားလေသည်။

"ရှောင်လီ"

ရှောင်လီ ပြုံးလိုက်သည်။

"ဘာမှ မပူပါနဲ့ဗျာ၊ မိစ္ဆာမည်းရဲ့ လူတွေကို ကျုပ် မောင်း ထုတ်လိုက်ပါ့မယ်"

ထို့နောက် မိစ္ဆာမည်း၏လူများအား ဆက်လက်တိုက်ခိုက် လိုက်လေသည်။

ထိုအချိန်မှာပင်...

"ဟီး...ဟီး...ဟီး"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာသည် ကို ကြားလိုက်ရလေသည်။

ရှောင်လီ၊ ဟန်လုံနှင့် ကျားယန့်တို့ အချင်းချင်း ကြည့်လိုက် ကြလေသည်။

လျှံကူးည်တို့လူစုက သူတို့အား ထားရစ်ခဲ့ကာ ထွက်သွား ကြခြင်း ဖြစ်ကြောင်း ထင်ရှားနေသည်။

အဘယ်ကြောင့် ထွက်သွားကြရပါသနည်း။

ဟန်လုံ မကျေမနပ် ဖြစ်သွားလေသည်။

"ကျုပ်က ရှေးဟောင်းခံတပ်အပေါ် သစ္စာရှိခဲ့တယ်၊ ဒါပေ မယ့် ရှေးဟောင်းခံတပ်ဟာ ကျုပ်နဲ့ ကျုပ်လူတွေကို လုံးဝ ဂရုမစိုက် ပါလား"

ကျားယန့်က...



"ရှေးဟောင်းခံတပ် အရှင်သခင် 'ရှောင်ကျိုး'ကိုယ်တိုင် သစ္စာဖောက်ခံခဲ့ရတာပဲ၊ ကျုပ်တို့လည်း သူတို့နဲ့ ဆက်ပြီး လက်တွဲဖို့ မသင့်တော့ပါဘူး"

ဟုမကျေမနပ် ထောက်ခံပြောဆိုလိုက်လေသည်။

ဆရာတပည့်နှစ်ယောက် ရှေးဟောင်းခံတပ်အပေါ်၌ စိတ် ပျက်နေကြပြီ ဖြစ်လေသည်။

ရှောင်လီက...

"ရှေးဟောင်းခံတပ်ရဲ့ လုပ်ရပ်တွေကို သိုင်းလောကသား တွေကလည်း လက်ခံကြမှာ မဟုတ်ပါဘူး၊ ရှေးဟောင်းခံတပ်ကို ဖော် ထုတ်ချေမှုန်းပစ်ကြမှာပါဗျာ"

ထိုအချိန်မှာပင်...

"ဟား...ဟား...ဟား"

ကျယ်လောင်သော ရယ်မောသံကြီး ထွက်ပေါ်လာသည် ကို ကြားလိုက်ရလေတော့သည်။

♠ ♠ ♠

ရုတ်တရက် ထွက်ပေါ်လာသော ရယ်မောသံကြောင့် ရောင်လီတို့ လှည့်ကြည့်လိုက်ကြလေသည်။

ထိုအခါ အသားမည်းမည်း ပဝဖိုင့်ဖိုင့်ရှိပြီး အသက်ငါးဆယ်ခန့် ရှိသူတစ်ဦး ရောက်ရှိလာသည်ကို တွေ့ရလေသည်။

ထိုလူ၏နံဘေး၌ လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသူတစ်ချို့ လိုက်ပါလာ၏။

ရောင်လီ မျက်မှောင်ကုပ်သွားလေသည်။

ထိုလူအား ခြေဆုံးခေါင်းဆုံးကြည့်ပြီး မေးလိုက်သည်။

"ခင်ဗျားက မိစ္ဆာမည်းလား"

ထိုလူ ရယ်မောလိုက်လေသည်။

"မင်းက ငါ့ကို သိနေတာကိုး၊ ကဲ လျှံကူးည် ဘယ်မှာလဲ၊ မိစ္ဆာဖြူရဲ့ သမီးကော"

ဟုပြန်မေးလေသည်။

ရောင်လီက...

"သူတို့ ထွက်သွားကြတာ ခင်ဗျား မကြားဘူးလား"

ထိုလူ(ဝါ)မိစ္ဆာမည်းက ခေါင်းခါယမ်းလိုက်သည်။

"သည်နေရာတစ်ဝိုက်မှာ ငါ့လူတွေ စောင့်ကြပ်နေကြတာပဲ၊ သူတို့ ထွက်သွားလို့ မရပါဘူးလေ"

ရောင်လီက...

"ထားပါတော့လေ၊ ခင်ဗျားက မိစ္ဆာမည်းဆိုတော့ ကျုပ်အဖေကို ဒုက္ခပေးခဲ့တဲ့အတွက် ခင်ဗျားနဲ့ ဖြေရှင်းရလိမ့်မယ်"



"ဘာကွ၊ မင်းဟာ ခံတပ်ပိုင်ရှင် ရောင်ကျိုးရဲ့သား ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

မိစ္ဆာမည်းက ရောင်လီအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။

ထို့နောက် ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ပါဘူး၊ ရောင်ကျိုးရဲ့သားဟာ ခံတပ်က ထွက်ပြေးလွတ်မြောက်သွားပေမယ့် ရထားတဲ့ ဒဏ်ရာတွေကြောင့် လွန်ခဲ့တဲ့ ဆယ်နှစ်ကပဲ သေဆုံးသွားပြီဆိုတာ၊ ကျုပ်သတင်းကြားထားပြီးပါပြီ"

ရောင်လီက...

"ကျုပ်က ကံကောင်းထောက်မပြီး အသက်ရှင်ခဲ့တယ်၊ အရှေ့ပင်လယ်ကို ရောက်သွားပြီး သိုင်းပညာ သင်ယူနိုင်ခဲ့ပါတယ်ဗျာ"

မိစ္ဆာမည်း မျက်မှောင်ကုပ်သွားလေသည်။

ရောင်လီအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြန်သည်။

ရောင်လီ ပြုံးလိုက်လေသည်။

"ခင်ဗျား မယုံယင် ကျုပ်လည်း မတတ်နိုင်ဘူး၊ ဒါပေမယ့် ကျုပ်ဟာ ခံတပ်ရှင် ရောင်ကျိုးရဲ့သားဆိုတော့ ခင်ဗျားကို ဆုံးမသွားရမှာပါပဲ"

မိစ္ဆာမည်း ဒေါပွသွားလေသည်။

"မင်းက တော်တော်သတ္တိကောင်းနေတယ်ပေါ့လေ၊ မင်း ဘယ်လောက်တတ်နိုင်မလဲ ကြည့်ကြသေးတာပေါ့"

စကားဆုံးလျှင် ရှေ့တိုးလာပြီး ရောင်လီအား တိုက်ခိုက်လိုက်လေတော့သည်။

♠ ♠ ♠

မိစ္ဆာမည်း...

မိစ္ဆာမည်းသည် သိုင်းလောကအား လွှမ်းမိုးရန် ကြံစည်ကြိုးစားခဲ့သည့် ရှေးဟောင်းခံတပ်ပိုင်ရှင်၏ လက်ရုံးတပည့်တစ်ယောက် ဖြစ်လေသည်။

သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့စဉ်ကတည်းက မကောင်းမှုဒုစရိုက်လုပ်ငန်း မှန်သမျှ လုပ်ကိုင်ဆောင်ရွက်ပြီး အလွန်ကြောက်စရာကောင်းသည်ဟု နာမည်ကြီးခဲ့သူ ဖြစ်လေသည်။

နောက်ပိုင်း၌ ရှေးဟောင်းခံတပ်သို့ ရောက်ရှိသွားပြီး သိုင်းလောကမှ ပျောက်ကွယ်သွားခဲ့ခြင်း ဖြစ်လေသည်။

မိစ္ဆာမည်းက လက်ဝါးဆန့်ထုတ်လိုက်သည်။

သူ၏လက်ဝါးသည် သူ၏အသားအရည်ကဲ့သို့ပင် မည်းနက်နေပါသည်။

လက်ဝါးကို အဆိပ်ရည်စိမ်ကာ အဆိပ်လက်ဝါးသိုင်း လေ့ကျင့်ထားသူ ဖြစ်ပါတော့သည်။



သူ၏လက်ဝါးရိုက်ချက်တစ်ချက် ခံလိုက်ရသည်နှင့် အဆိပ်မိကာ သေဆုံးသွားရလိမ့်မည် ဖြစ်လေသည်။

"ဟူး"

လေတိုးသံ ထွက်ပေါ်လာသည်။

ပြင်းထန်သော လေပွေလှိုင်းများသည် ရောင်လီထံသို့ တိုးဝင်သွားလေသည်။

လက်ဝါးရိုက်ချက်ကြောင့် ဖြစ်ပေါ်လာသော လေအရှိန်နှင့်အတူ အဆိပ်ငွေ့များ ပျံ့လွင့်လာကြောင်း ရောင်လီ နားလည်ထားလေသည်။

"ဟိတ်"

ရောင်လီက ညာသံတစ်ချက်ပေးကာ မြေပေါ် ခြေဆောင့်ပြီး လေထဲ ခုန်တက်လိုက်လေသည်။

ထို့နောက် လေထဲ ကျွမ်းပစ်ကာ ခြေထောက်ဖြင့် သုံးချက်ကန်ကျောက်လိုက်လေသည်။

မိစ္ဆာမည်းက...

"သည်လိုနဲ့ ရရိုးလား"

လက်နှစ်ဘက်ဆန့်ထုတ်ကာ ရောင်လီ၏ခြေထောက်ကို ဆီးကြို့ရိုက်ချလိုက်လေသည်။

"ဟင်"

ရောင်လီ ထိတ်လန့်သွား၏။

ခြေထောက်ကန်ချက်ကို ပြန်လည်ရုပ်သိမ်းကာ လေထဲ

ကျွမ်းပစ်ပြီး ရှောင်တိမ်းလိုက်ရပြန်လေသည်။

"ဟား..ဟား..ဟား"

မိစ္ဆာမည်းက ဟားတိုက်ရယ်မောလိုက်လေသည်။

"မင်း ဘာတတ်နိုင်မှာမို့လဲ"

သူကိုယ်တိုင်လည်း လေထဲခုန်တက်ကာ ရှောင်လီအား လိုက်လံတိုက်ခိုက်လေတော့သည်။

အဝတ်အစား လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာလေသည်။

နှစ်ယောက်သား လေထဲ ရောက်ရှိသွားကြပြီး သူတပြန် ကိုယ်တပြန် တိုက်ခိုက်လိုက်ကြလေတော့သည်။

ရုတ်တရက် ဝင်းလက်တောက်ပသော အလင်းရောင်များ ထွက်ပေါ်လာလေသည်။

ရှောင်လီ၏လက်ထဲ ရွှေပလွေ ရောက်ရှိလာသည်။

ရှောင်လီက ရွှေပလွေကို ဝှေ့ယမ်းလိုက်လျှင်...

"ဖျောင်း"

"အား"

မိစ္ဆာမည်း၏စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာတော့သည်။

မိစ္ဆာမည်းသည် လေထဲ၌ ကိုရိုးကားယားဖြစ်သွားပြီး မြေပေါ် ဝုန်းခနဲ ပြုတ်ကျသွားလေတော့သည်။

♠ ♠ ♠



မိစ္ဆာမည်း မြေပေါ်ပြုတ်ကျသွားလေသည်။

ရှောင်လီ၏ရွှေပလွေရိုက်ချက် ထိသွားခြင်း ဖြစ်လေသည်။

မိစ္ဆာမည်းသည် သွေးရူးသွေးတန်းဖြင့် မြေပေါ်မှ ကပျာကယာ လူးလိမ့်ထလိုက်လေသည်။

"ဟူး"

ရှောင်လီက မြေပေါ် ခုန်ဆင်းလာလေသည်။

မိစ္ဆာမည်း ဒေါသတကြီး အော်ငေါက်လိုက်လေသည်။

"ငါက မင်းကို ကြောက်နေမယ် ထင်သလား။ မင်းကို သတ်ပစ်မယ်ဆိုတာ မှတ်ထား"

ဒယီးဒယိုင်ဖြင့် ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ရှောင်လီသည် မိစ္ဆာမည်း ဒဏ်ရာပြင်းစွာ ရရှိထားပြီဖြစ်ကြောင်း သိထားသော်လည်း မပေါ့ဆဝံ့ဘဲ ရွှေပလွေကို အသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

"တူး..တူး"

စူးရှသော မြည်သံများနှင့်အတူ ရွှေရောင်အလင်းတန်းများက ပတ်ဝန်းကျင်၌ လွှမ်းခြုံသွားလေသည်။

"ဖျောင်း"

"အား"

အရိုးများ အက်ကွဲသွားသောအသံ ထွက်ပေါ်လာလေသည်။ မိစ္ဆာမည်းသည် သွေးများအန်ထုတ်ကာ မြေပေါ်လဲကျသွားလေသည်။

ယခုတစ်ကြိမ်...

မိစ္ဆာမည်းမှာ မြေပေါ်မှ ပြန်မထနိုင်တော့ပါ။

ရှောင်လီအား မျက်လုံးပြူးကြီးများဖြင့် ကြည့်ပြီး တစ်ချက်နှစ်ချက် လူးလွန့်လှုပ်ရှားလိုက်သည်။

ထို့နောက် တဖြည်းဖြည်း ငြိမ်သက်သွားလေတော့သည်။

♠ ♠ ♠

မိစ္ဆာမည်း သေဆုံးသွားပြီ ဖြစ်လေသည်။

ဟန်လုံနှင့် ကျားယန့်တို့သည် ရှောင်လီကို ကြည့်ပြီး သက်ပြင်းချလိုက်ကြလေသည်။

ရှောင်လီ၏သိုင်းပညာ ကြောက်မက်ဖွယ်ကောင်းအောင် ထက်မြက်နေသည် မဟုတ်ပါလား။ သူတို့ဆရာတပည့်နှစ်ယောက် ပေါင်းကာ တိုက်ခိုက်ကြ မည်ဆိုသည့်တိုင် ရှောင်လီအား အနိုင်ရနိုင်လိမ့်မည် မဟုတ်ချေ။

မိစ္ဆာမည်း သေဆုံးသွားသည်နှင့် သူ၏နောက်လိုက်များလည်း ကြောက်ရွံ့ထိတ်လန့်ကာ ထွက်ပြေးသွားကြလေတော့သည်။

ရှောင်လီက ဟန်လုံအား ပြုံးပြလိုက်လေသည်။

"ခင်ဗျားတို့နှစ်ယောက်က ရှေးဟောင်းခံတပ်ကို စိတ်ပျက်နေကြပြီ ထင်ပါတယ်"

ဟန်လုံ သက်ပြင်းချလိုက်လေသည်။



"ကျုပ်က ခံတပ်ပိုင်ရှင် ရှောင်ကျိုးရဲ့ အထောက်အပံ့နဲ့ အာမခံဌာနပိုင်ရှင်ဘဝကို ရောက်ခဲ့တာပါ၊ သူ့ရဲ့ ကျေးဇူးတွေ အများကြီးရှိပါတယ်၊ နောက်ပိုင်းမှာ ခံတပ်ပိုင်ရှင်ဟာ သိုင်းလောကကို လွှမ်းမိုးဖို့ ကြိုးစားလာတာကို ကျုပ်သိခဲ့ပေမယ့် ဘာမှမတတ်သာတော့ဘဲ လက်လျှော့နေခဲ့ရတာပါ"

ရှောင်လီက...

"ခင်ဗျားက ရှေးဟောင်းခံတပ်ကို သဘောမကျတော့ဘူးဆိုယင် နောက်ဆုတ်လိုက်နိုင်ပါတယ်ဗျာ၊ ခုချိန်ဟာ ခင်ဗျားအတွက် အခွင့်အရေးပါပဲ"

ဟန်လုံ အံ့သြသွား၏။

"မင်းဟာ ရှေးဟောင်းခံတပ်ပိုင်ရှင် ရှောင်ကျိုးရဲ့သား မဟုတ်လား၊ ကျုပ်က ရှေးဟောင်းခံတပ်ကို ကျောခိုင်းချင်တာကို ဘယ်လိုမှ သဘောမထားဘူး ဟုတ်လား"

"ခင်ဗျားသွားချင်တယ်ဆိုယင် သွားနိုင်ပါတယ်ဗျာ"

ဟန်လုံ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ ကျုပ်သွားမယ်၊ ရှေးဟောင်းခံတပ်နဲ့လည်း မပတ်သက်တော့ဘူး၊ ကြယ်ပျံအာမခံဌာနကိုလည်း ဖျက်သိမ်းလိုက်တော့မယ်"

ထို့နောက် ကျားယန့်ကို ခေါ်ကာ ထွက်သွားလေတော့သည်။

♠ ♠ ♠

ဟန်လုံနှင့် ကျားယန့်တို့ ထွက်သွားကြပြီ ဖြစ်လေသည်။

ရှောင်လီ သက်ပြင်းချလိုက်သည်။

ကြယ်ပျံအာမခံဌာနသည် မကြာမီ သိုင်းလောကမှ ပျောက်ကွယ်သွားတော့မည် ဖြစ်လေသည်။

ကြယ်ပျံအာမခံဌာန၌ သူတို့အား စမ်းသပ်ခဲ့ပုံများကို ပြန်လည်မြင်ယောင်လာသည်။

ကြယ်ပျံအာမခံဌာနသည် ရှေးဟောင်းခံတပ်အား ထောက်ပံ့နေသည့် အဓိက စခန်းတစ်ခု ဖြစ်ပေသည်။

ကြယ်ပျံအာမခံဌာနမှ ရွှေငွေရတနာများ၊ စစ်သူကြီးဓားနှင့် သိုင်းကျမ်းသည် အစစ်မဟုတ်ဘဲ အတုများ ဖြစ်ကြောင်း ရှောင်လီ ရိပ်မိထားပြီး ဖြစ်လေသည်။

သူတို့အား စမ်းသပ်စစ်ဆေးခဲ့သည်မှာ သူတို့၏သိုင်းပညာကို သိလို၍ဖြစ်သည်။

သိုင်းပညာကို ကြည့်ပြီး အသုံးချရန် ရည်ရွယ်ခြင်းလည်း ဖြစ်သည်။

ကွမ်းကြုံးညီနောင်က လုံဖုံးချီထံသို့ ရောက်ခဲ့သည်ကိုလည်းကောင်း၊ လုံဖုံးချီ၏ရွှေပလွေကို ရှောင်လီက ရယူသွားသည်ကိုလည်းကောင်း၊ သတင်းကြားမိကြမည်သာ ဖြစ်ပြီး သိုင်းပညာ ထက်မြက်သော သူ့အား အသုံးချဖို့ အမျိုးမျိုး ဖန်တီးစီစဉ်ခဲ့ကြခြင်း ဖြစ်ကြောင်းလည်း ရှောင်လီ နားလည်ထားလေသည်။

ဟန်လုံက နောင်တ တရားရကာ ထွက်သွားလိုသည်ကို



ရှောင်လီ ဘာမှ မပြောလိုတော့ပါ။

ရှောင်လီ တွေးတောယင်း ထူးခြားသော ခံစားချက်တစ်ခု ဖြစ်ပေါ်လာလေသည်။

ချာခနဲ နောက်လှည့်ကြည့်လိုက်လျှင် မလှမ်းမကမ်း၌ လူတစ်ယောက် ရောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ လျှံကူးညံ ဖြစ်လေသည်။

ရှောင်လီ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ခင်..ခင်ဗျား"

လျှံကူးညံ မဲ့ပြုံးပြုံးလိုက်သည်။

"ရှင်က ကျွန်မ ထွက်သွားပြီလို့ ထင်နေတာ မဟုတ်လားရှင်"

"ဟုတ်တယ်"

"ကျွန်မက မိစ္ဆာဖြူရဲ့သမီးကို ခေါ်ပြီး ကိုယ်လွတ်ရုန်း ပြေးချင်ဟန်ဆောင်လိုက်တာပါရှင်၊ ဒါမှ မိစ္ဆာဖြူရဲ့လူတွေ ထိတ်လန့်တကြားနဲ့ ဖရိုဖရဲ ဖြစ်သွားကြမယ် မဟုတ်လား"

ရှောင်လီ မျက်မှောင်ကုပ်သွားလေသည်။

"ခင်ဗျားက မိစ္ဆာဖြူရဲ့ လူတစ်ယောက် မဟုတ်လား၊ ဘာကြောင့် သူ့ရဲ့လူတွေ ဒုက္ခရောက်အောင် လုပ်ချင်ရတာလဲဗျ"

လျှံကူးညံ ခေါင်းခါယမ်းလိုက်လေသည်။

"ကျွန်မကို မိစ္ဆာဖြူရဲ့ လူတစ်ယောက်လို့ ထင်ယင် မှားသွားမှာပေါ့ရှင်"

"ခင်ဗျားက.."

"ကျွန်မဟာ မိစ္ဆာဖြူအတွက် တာဝန်ထမ်းဆောင်နေတယ် ဆိုပေမယ့် တကယ်တော့ မိစ္ဆာမည်းရဲ့ လူတစ်ယောက်ပါရှင်"

"ကျုပ်သဘောပေါက်ပြီ၊ မိစ္ဆာဖြူကို ဒုက္ခပေးဖို့ မိစ္ဆာမည်းက မင်းကို စည်းရုံးသိမ်းသွင်းထားတာ မဟုတ်လား"

လျှံကူးညံ့ ရယ်မောလိုက်လေသည်။

"မှန်ပါတယ်ရှင်"

"အခု မိစ္ဆာမည်း သေဆုံးသွားပြီလေ၊ မင်း ဘယ်လိုလုပ်မလဲ"

"ဒါက ရှင့်အပေါ်မှာ မူတည်ပါတယ်"

"ကျုပ်အပေါ်မှာ.."

"ဟုတ်တယ်"

ရှောင်လီက...

"ကောင်းပြီ၊ ကျုပ်အပေါ်မှာ ဘယ်လိုမူတည်တယ်ဆိုတာ ပြောပါဦး"

လျှံကူးညံ့က...

"ကျွန်မနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ပေါ့ရှင်"

"ကျုပ်က ဘယ်လိုပူးပေါင်းဆောင်ရွက်ရမယ်ဆိုတာကို ရှင်းရှင်းလင်းလင်း ပြောယင် ကောင်းမယ်"

"ဒါလွယ်ပါတယ်၊ ရှင်နဲ့ ကျွန်မ ပူးပေါင်းပြီး မိစ္ဆာဖြူကို အကြပ်ကိုင်ကြတာပေါ့ရှင်"



ရှောင်လီ ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူးဗျ"

"ဘာကြောင့် မဖြစ်ရတာလဲ"

"မိစ္ဆာဖြူက ကျုပ်အဖေကို ကယ်တင်ခဲ့လို့ပေါ့ဗျာ"

လျှံကူးညံ့ ရယ်မောလိုက်လေသည်။

"မိစ္ဆာဖြူကို ရှင်က ယုံကြည်နေတာကိုး၊ သူက ရှင့်အဖေအပေါ်မှာ စိတ်ကောင်းစေတနာထားပြီး ကူညီခဲ့တယ်များ ထင်နေသလား"

ရှောင်လီက...

"မိစ္ဆာဖြူ ကူညီခဲ့တယ်လို့ ခင်ဗျားပဲ ပြောခဲ့တာ မဟုတ်လား"

လျှံကူးညံ့က...

"ဟုတ်တယ်လေ၊ ဒါပေမယ့် သူက စိတ်ကောင်းစေတနာထားပြီး ကူညီတာမှ မဟုတ်တာ၊ မိစ္ဆာမည်းကို ရင်ဆိုင်ရာမှာ သူတစ်ယောက်ထဲ ရင်ဆိုင်ရတာထက် ရှင့်အဖေရဲ့ အင်အားကိုပါ ရယူပြီး ရင်ဆိုင်တာက ပိုပြီး အင်အားကောင်းမယ် မဟုတ်လား၊ ရှေးဟောင်းခံတပ်မှာကော၊ အပြင်လောကမှာပါ သူ့အပေါ် သစ္စာရှိတဲ့လူတွေ ရှိနေကြသေးတယ် မဟုတ်လား"

ရှောင်လီ ပြုံးလိုက်လေသည်။

"မိစ္ဆာဖြူကော မိစ္ဆာမည်းကပါ၊ ကျုပ်အဖေကို ဂရုစိုက်ကြတာ မဟုတ်ပါဘူး၊ သူတို့ဟာ ခံတပ်ကို သိမ်းပိုက်ချင်ကြတာပဲ ရှိပါ

တယ်၊ ကျုပ်အဖေကို အသုံးချကြတဲ့ သဘောဆိုတာ ကျုပ်သိထားပြီးပါပြီဗျာ"

လျှံကူးညံက...

"ဒါပေါ့ ရှင်၊ မိစ္ဆာဖြူနဲ့ မိစ္ဆာမည်းတို့ဟာ တစ်ယောက်ကို တစ်ယောက် ပြတ်ပြတ်သားသား အနိုင်မယူနိုင်ကြသေးတာကြောင့် သူတို့ဟာ ခံတပ်ပိုင်ရှင်ကိုပါ အသုံးချဖို့ ကြိုးစားခဲ့ကြတာပါ၊ မိစ္ဆာဖြူဟာ ကောင်းတဲ့အကြံနဲ့ မဟုတ်ပါဘူးရှင်"

ရောင်လီ လက်ကာပြလိုက်သည်။

"ထားပါတော့လေ၊ အခု မိစ္ဆာဖြူရဲ့သမီးဟာ ခင်ဗျားလက်ထဲ ရောက်နေပြီ ဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ မိစ္ဆာဖြူရဲ့လူတွေကို မိစ္ဆာမည်းရဲ့လူတွေက ရှင်းပစ်လိုက်ကြတယ်၊ အခု ရှင့်ရဲ့ လက်ချက်ကြောင့် မိစ္ဆာမည်း မရှိတော့ဘူးဆိုတော့ သူ့ရဲ့လူတွေလည်း အလိုလို ပြိုကွဲပျက်စီးသွားပြီပေါ့ရှင်"

ရောင်လီက...

"ခင်ဗျားအကြောင်းကို မိစ္ဆာဖြူ သိသွားယင်ကော"

လျှံကူးညံ ပြုံးလိုက်သည်။

"ရှင်က ကျွန်မအတွက် မိစ္ဆာဖြူကို ဆုံးမပေးရမှာပေါ့ရှင်"

"နေပါဦး၊ ကျုပ်က ခင်ဗျားခိုင်းတာ လုပ်မယ်များ ထင်နေသလား"

"မိစ္ဆာဖြူရဲ့သမီးက ကျွန်မလက်ထဲမှာ ရှိနေတယ်လေ"



"ဟား..ဟား..ဟား"

ရောင်လီ ရယ်မောလိုက်လေသည်။

"မိစ္ဆာဖြူရဲ့သမီးက ကျုပ်နဲ့ ဘယ်လိုမှ ပတ်သက်တာ မဟုတ်ဘဲ၊ ကျုပ် အမှုထားရမှာလားဗျာ"

လျှံကူးညံက...

"သည်လိုဆိုယင်တော့ မိစ္ဆာဖြူရဲ့သမီးကို ကျွန်မ သတ်ပစ်လိုက်ရမှာပဲ"

"ဒါတော့ ခင်ဗျားသဘောပါပဲ"

"ရှင်..ရှင်"

လျှံကူးညံ မကျေမနပ် ဖြစ်သွားလေသည်။

ရောင်လီက...

"သူ့ရဲ့သမီးကို ဖမ်းဆီးထားမယ်ဆိုယင် မိစ္ဆာဖြူက သဘောကျမှာ မဟုတ်ဘူးဗျ၊ ဒါကြောင့် လွှတ်ပေးလိုက်ပြီး ခင်ဗျားလည်း သိုင်းလောကကို ကျောခိုင်းလိုက်တာ အကောင်းဆုံးဖြစ်မယ်"

လျှံကူးညံ ခံပြင်းနေသော်လည်း ဘာမှ မတတ်သာအောင် ဖြစ်နေပါသည်။

ရောင်လီက...

"ရေးဟောင်းခံတပ်ကို ဘာကြောင့်များ သည်လောက် တောင် လိုချင်နေကြရတာလဲ"

ဟုညည်းတွားလိုက်လေသည်။

လျှံကူးညံက...

"နှစ်ပေါင်းသုံးဆယ်အတွင်း သိုင်းလောကမှာ ဓားပြမှု ပေါင်း နှစ်ရာကျော် ဖြစ်ပွားခဲ့တယ်၊ တရားခံတွေကို ဖမ်းမမိသေးတဲ့ အပြင် ဓားပြတိုက်ခံရတဲ့ ပစ္စည်းတွေလည်း တပြားတချပ်မှ ပြန်မရခဲ့ ဘူး၊ သည်ပစ္စည်းတွေကော တရားခံတွေကော ရွှေဟောင်းခံတပ်မှာ ရှိနေကြတယ်လေ"

ရွှေဟောင်းခံတပ်အား အဘယ်ကြောင့် အပိုင်စီးလိုနေကြ ကြောင်း ထင်ရှားပေါ်လွင်လာတော့သည်။

လျှံကူးညံက...

"မိစ္ဆာဖြူကော မိစ္ဆာမည်းပါ၊ ရွှေဟောင်းခံတပ်ကို သိမ်း ပိုက်နိုင်ခဲ့ကြပေမယ့် ပစ္စည်းတွေကို ဘယ်သူမှ မရခဲ့ကြဘူးရှင်၊ ပစ္စည်းတွေ ဘယ်မှာ မှတ်ထားတယ်ဆိုတာ ရှင့်အဖေတစ်ယောက်ပဲ သိထားတာ"

ရှောင်လီ ပြုံးလိုက်သည်။

"ကဲ ရွှေဟောင်းခံတပ်ကို ခင်ဗျား မေ့ထားလိုက်ပါတော့ ဗျာ"

"တောက်"

လျှံကူးညံ တက်ခေါက်လိုက်လေသည်။

ရှောင်လီကို စိုက်ကြည့်ပြီး ချာခနဲလှည့်ကာ ပြေးလွှားသွား လေတော့သည်။

♠ ♠ ♠



လျှံကူးညံ ထွက်သွားပြီ ဖြစ်လေသည်။

ရုပ်ဆိုးက ရှောင်လီအား ချီးကျူးလိုက်လေသည်။

"ခင်ဗျားက တကယ့် သူရဲကောင်းပဲ"

ရှောင်လီက...

"မိတ်ဆွေ ရွှေဟောင်းခံတပ်ကို ရောက်အောင် ရှေ့ဆက် ပြီး လိုက်ပို့ပေးမယ် မဟုတ်လားဗျာ"

ဟုမေးလိုက်သည်။

ရုပ်ဆိုး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်လိုက်မပို့ချင်တော့ပါဘူး"

"ဘာဖြစ်လို့လဲဗျ"

"ခင်ဗျားဟာ ရွှေဟောင်းခံတပ်ပိုင်ရှင်ရဲ့သား ဖြစ်နေလို့ပါ ဗျာ"

ရှောင်လီ သက်ပြင်းချလိုက်သည်။

"ခင်ဗျား လိုက်ပို့မပေးနိုင်ဘူးဆိုယင် ဘယ်လိုသွားရမယ် ဆိုတာ လမ်းပြပေးမယ်ဆိုယင် ကျေးဇူးတင်ရမှာပါပဲ"

ရုပ်ဆိုးက...

"လမ်းညွှန်ပေးလိုက်လို့တော့ ဖြစ်ပါတယ်၊ ခင်ဗျားက ကျုပ် အပေါ်မှာ ကျေးဇူးရှိခဲ့တာပဲ"

ရွှေဟောင်းခံတပ်သို့ မည်သို့မည်ပုံ သွားရမည်ကို လမ်း ညွှန်ပေးလိုက်လေသည်။

ထို့နောက်...

"ကဲ ကျုပ်က ရှေ့ဆက် လိုက်ပို့နိုင်မှာ မဟုတ်တဲ့အတွက် သွားခွင့်ပြုပါဦးဗျာ"

ရုပ်ဆိုးက ခွင့်ပန်လိုက်လေသည်။

ရှောင်လီ ပြုံးလိုက်သည်။

"တစ်ချိန်က ရှေးဟောင်းခံတပ်အတွက် လိုအပ်သမျှ လက်နက်တွေကို ပန်းပဲဆရာကြီးတစ်ဦးက ထုလုပ်ပေးခဲ့တယ်၊ အဲသည် ပန်းပဲဆရာကြီးက ရှေးဟောင်းခံတပ်ပိုင်ရှင်အတွက် လျှို့ဝှက်မြေတိုက်ခန်းတစ်ခု တည်ဆောက်ပေးခဲ့တယ်ဆိုတာ ကျုပ်သိထားပါတယ်ဗျာ"

ရုပ်ဆိုး မျက်မှောင်ကုပ်သွားလေသည်။

"ခင်ဗျားက ကျုပ်အဖေကို ဆိုလိုတာလား"

"ဟုတ်ပါတယ်ဗျာ"

"ကျုပ်အဖေက ရှေးဟောင်းခံတပ်နဲ့ ပတ်သက်ခဲ့တယ်ဆိုတာ ပြောဖူးပါတယ်"

ရှောင်လီက...

"သူက ရတနာပစ္စည်းတွေ ဝှက်ထားတဲ့ နေရာကိုကော ပြောမပြခဲ့ဘူးလား"

ရုပ်ဆိုးက..

"ဖေဖေကတော့ ရှေးဟောင်းခံတပ်ရဲ့ တောင်ဘက်မှာ ဘုံကိုးဆင့်တစ်ခု တည်ဆောက်ပေးခဲ့ရတယ်၊ ဘုံကိုးဆင့်ရဲ့ အောက်ဘက်မှာ အင်မတန် ခိုင်ခံ့တဲ့ မြေတိုက်ခန်းတစ်ခု တည်ဆောက်ပေးခဲ့



ရတယ်လို့တော့ ပြောဖူးပါတယ်"

ရှောင်လီ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပသွားလေတော့သည်။

ရုပ်ဆိုးကို လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"ခုလို ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

ရုပ်ဆိုးလေးက...

"ကျုပ်က ကျုပ်အဖေ အကြောင်းကို မိတ်ဆွေက လွဲပြီး တခြား ဘယ်သူ့ကိုမှ ပြောမပြခဲ့ဖူးပါဘူး၊ ကဲ ကျုပ်ကို သွားခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

ထို့နောက် နှစ်ယောက်သား လမ်းခွဲလိုက်ကြလေတော့သည်။

♠ ♠ ♠

လျှံကူးညီသည် ရှောင်လီအား ဒေါသတကြီး ဖြစ်ကာ ထွက်လာခဲ့လေသည်။

သစ်ပင်ချုံနွယ်များကို ဖြတ်ကာ ထွက်လာယင်း မြေကွက်လပ်တစ်ခု၌ မြင်းလှည်းတစ်စီး ရပ်ထားသည်ကို တွေ့လိုက်ရ၏။

ထိုမြင်းလှည်းပေါ်၌ မိစ္ဆာဖြူ၏သမီး ရှိနေသည်။

မိစ္ဆာဖြူ၏သမီးအား လျှံကူးညီ၏လူအချို့က စောင့်ကြပ်

နေကြသည်။

ယခု သူမ၏လူများကို မတွေ့ရတော့ပါ။

လှုံကူးညံ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ဒါက ဘယ်လို ဖြစ်တာလဲ"

ထိုစဉ် မြင်းလှည်းတံခါး ပွင့်သွားပြီး လူတစ်ယောက် မြင်းလှည်းပေါ်မှ ဆင်းလာလေသည်။

ထိုလူကို မြင်လျှင် လှုံကူးညံ မျက်လုံးပြူးသွားတော့သည်။

ထိုလူကား မိစ္ဆာဖြူ ဖြစ်နေပါတော့သည်။

"ရှင်..ရှင်"

မိစ္ဆာဖြူ ပြုံးလိုက်သည်။

"မင်းက ငါ့ရဲ့သမီးကို ဓားစာခံ ဖမ်းဆီးထားခဲ့တာပေါ့"

"ကျွန်မ.."

"ဒါဟာ ငါ့ကို သစ္စာဖောက်တာပဲ"

လှုံကူးညံ နောက်ဆုတ်လိုက်လေသည်။

မိစ္ဆာဖြူ ခေါင်းခါယမ်းလိုက်သည်။

"ငါ့ကို သစ္စာဖောက်တာကို ငါက ဘယ်တော့မှ သည်းခံမှာမဟုတ်ဘူး"

လှုံကူးညံ ဒူးထောက်ချလိုက်လေသည်။

"ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မ မှားသွားပါတယ်ရှင်၊ ကျွန်မကို ခွင့်လွှတ်ပါ"

သူမ တောင်းပန်တိုးလျှိုး လိုက်သော်လည်း မိစ္ဆာဖြူက



လက်မခံပါချေ။

"ငါခွင့်လွှတ်မှာ မဟုတ်ဘူး"

လှုံကူးညံ သက်ပြင်းချလိုက်သည်။

"ဒါဖြင့် ကျွန်မကို သတ်ပစ်တော့မယ်ပေါ့ ဟုတ်လား"

"မင်းနဲ့ ထိုက်တန်တဲ့ အပြစ်ဒဏ်ကို စီရင်ရမှာပဲလေ"

လှုံကူးညံက...

"ကျွန်မက ခေါင်းငုံ့ခံနေမှာတော့ မဟုတ်ဘူးရှင်"

"ဟား..ဟား..ဟား"

မိစ္ဆာဖြူက ဟားတိုက်ရယ်မောလိုက်လေသည်။

"ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ကဲ မင်းက ငါ့ကို ဘယ်လို ရင်ဆိုင်သွားမယ်ဆိုတာ ငါသိချင်သေးတယ်"

"ရှင်သတိထားပါ"

လှုံကူးညံသည် မထူးတော့ဟု သဘောထားကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေတော့သည်။

♠ ♠ ♠

လျှံကူးညံ့မှာ သိုင်းပညာ ခေသူတစ်ယောက် မဟုတ်ပါချေ။

သူမ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါသည်။

သူမ၏တိုက်ခိုက်မှုကြောင့် မိစ္ဆာဖြူ ချက်ချင်း လဲကျသေဆုံးသွားတော့မည် ထင်ရလေသည်။

သို့သော် နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသည်နှင့်...

"ဝုန်း"

ကျယ်လောင်သော အသံ ထွက်ပေါ်လာကာ လျှံကူးညံ့မှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေတော့သည်။

"ဟား..ဟား..ဟား"

မိစ္ဆာဖြူ ရယ်မောလိုက်လေသည်။

"လျှံကူးညံ့၊ မင်းက တိုက်ခိုက်ချင်သေးသလား"

လျှံကူးညံ့ အံကြိတ်လိုက်လေသည်။

"ကျွန်မက ရှင့်ကို ကြောက်နေရမှာလား"

သူမသည် ဝှက်ထားသော ဓားမြှောင်နှစ်လက်ကို ထုတ်ယူကာ မိစ္ဆာဖြူထံ တဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

"သွားစမ်း"

မိစ္ဆာဖြူက အော်ငေါက်ပြီး လက်ပြန်ရိုက်ထုတ်လိုက်လေသည်။

"ဝုန်း"



"အမယ်လေး"

လျှံကူးညံ့ အဝေးသို့ လွင့်စင်သွားလေသည်။

ယခုတစ်ကြိမ် သူမ ပြန်မထနိုင်တော့ပါ။

သူမ ကိုင်ထားခဲ့သော ဓားမြှောင်တစ်ချောင်းက သူမ၏ ရင်ဝ၌ စိုက်ဝင်သွားပြီ မဟုတ်ပါလား။

လျှံကူးညံ့၏ရင်ဝ၌ သွေးချင်းချင်း နီရဲနေသည်။

သူမသည် လူးလိမ့်ထဖို့ ကြိုးစားလိုက်သော်လည်း မထနိုင်တော့ပါ။

"ရှင်..ရှင်"

သူမ မကျေမနပ် ဖြစ်နေသည်တိုင်တောင် မိစ္ဆာဖြူအား တိုက်ခိုက်နိုင်ခြင်း မရှိတော့ပါ။

မိစ္ဆာဖြူက လက်နှစ်ဘက် နောက်ပစ်ကာ အေးအေးဆေးဆေး ရပ်နေလိုက်လေသည်။

လျှံကူးညံ့သည် ဇက်ကျိုးကျကာ တဖြည်းဖြည်း ငြိမ်သက်သွားလေတော့သည်။

မိစ္ဆာဖြူ သက်ပြင်းချလိုက်လေသည်။

ထို့နောက် လျှံကူးညံ့အား ကျောခိုင်းကာ မြင်းလှည်းဘက် လှည့်လိုက်သည်။

"သမီး ထွက်လာခဲ့ပါ"

သမီး ဖြစ်သူကို ခေါ်လိုက်လေသည်။

သို့သော် သူ၏သမီးက ထွက်ပေါ်လာခြင်း မရှိပါချေ။

"သမီး"

မိစ္ဆာဖြူက ထပ်ခေါ်လိုက်သည်။

တိတ်ဆိတ်နေသော ဝန်းကျင်၌ သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည် ထင်ရ၏။

သို့သော် မည်သူတစ်ဦးတစ်ယောက်မှ ထွက်ပေါ်လာခြင်း မရှိပါချေ။

မိစ္ဆာဖြူ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ချက်ချင်းပင် မြင်းလှည်းရှေ့သို့ ပြေးသွားပြီး ရှာဖွေကြည့်လိုက်လေသည်။

သူ၏သမီးအား မတွေ့ရတော့ပါ။

ပျောက်ချင်းမလှ ပျောက်ဆုံးသွားပြီ ဖြစ်လေသည်။

"သမီး"

မိစ္ဆာဖြူသည် ကျယ်လောင်စွာ အော်ခေါ်လိုက်ပြီး တဟုန်ထိုး ပြေးလွှားသွားလေတော့သည်။

♠ ♠ ♠

## ရှေးဟောင်းခံတပ်

ရှေးဟောင်းခံတပ်...

ရှေးဟောင်းခံတပ်သည် သိုင်းလောက၌ မသိသူ မရှိသလောက် ထင်ရှားသော ခံတပ်တစ်ခု ဖြစ်သည်။

ကောင်းသည့်ဘက်မှ ထင်ရှားကျော်ကြားသည် မဟုတ်ပါ။

သိုင်းလောကအား အမျိုးမျိုး နှောင့်ယှက်ဖျက်ဆီးကာ ကြီးစားနေသော နေရာတစ်ခုဟု မကောင်းသတင်း ထင်ရှားကျော်ကြားကာ လူသိများခြင်း ဖြစ်လေသည်။

ရှေးဟောင်းခံတပ်သည် တောင်နှစ်လုံးကြားရှိ တောအုပ်ထဲ၌ တည်ရှိခြင်း ဖြစ်လေသည်။

ရှေးဟောင်းခံတပ်သို့ သွားရန် နက်ရှိုင်းလှသော တောအုပ်များကို ဖြတ်သန်းသွားရမည် ဖြစ်သည်။

တောထဲတောင်ထဲ သားရိုင်းတိရစ္ဆာန် ပေါများသည့်အပြင် ရှေးဟောင်းခံတပ်မှ ရက်စက်ကြမ်းကြုတ်သော သိုင်းသမားများကြောင့် အနီးပတ်ဝန်းကျင်သို့ ရောက်ရှိလာသူများ၊ မျက်စိလည်လမ်းမှားလာကြသူများ တစ်ယောက်မှ ပြန်လမ်း မရှိခဲ့ကြခြင်း ဖြစ်လေသည်။

ယခု...

မိစ္ဆာဖြူသည် ရှေးဟောင်းခံတပ်သို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်လေသည်။

♠ ♠ ♠

ရှေးဟောင်းခံတပ်မှာ အုတ်နံရံ လေးဘက်လေးတန် ကာရံထားသည့် အတွင်းဘက်မှ အဆောက်အဦးကြီးကို ဆိုလိုခြင်း ဖြစ်သည်။

ထိုခံတပ်ကြီးသည် ယခင်က နယ်ခြားတစ်ဘက်မှ အယူဝါဒကင်းမဲ့သူများ ကျူးကျော်ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးရန် ဆောက်လုပ်ထားခြင်း ဖြစ်သည်။

နောက်ပိုင်းတွင် အသုံးမပြုတော့ဘဲ စွန့်ပစ်လိုက်ခြင်းကြောင့် သိုင်းသမားဆိုးကြီးရှောင်ကျိုးက ခြေကုပ်စခန်းအဖြစ် အသုံးပြုကာ သိုင်းလောကအား နှောင့်ယှက်ဖျက်ဆီးရန် ကြိုးစားနေခြင်း ဖြစ်လေသည်။



မိစ္ဆာဖြူ ရောက်ရှိလာသောအခါ အစောင့်အကြပ်များက ဦးညွှတ်ဂါရဝပြုလိုက်ကြလေသည်။

မိစ္ဆာဖြူက...

"သခင်ကြီးကော"

ဟုမေးလိုက်သည်။

အစောင့်တစ်ယောက်က...

"ညှို့ခန်းထဲမှာ ရှိပါတယ် ခင်ဗျာ"

"ကောင်းပြီ"

မိစ္ဆာဖြူက ခြေသံပြင်းပြင်းနင်းကာ အဆောက်အဦးကြီးအတွင်းသို့ လှမ်းဝင်လိုက်လေသည်။

ရှေးဟောင်းခံတပ် အဆောက်အဦးကြီး၏ ညှို့ခန်းမှာ ကျယ်ဝန်းလှသည်။

ညှို့ခန်း၏ ဝဲယာတစ်ဘက်တစ်ချက်၌ လက်နက်ကိုယ်စီကိုင်ဆောင်ထားကြသော အစောင့်အကြပ်များက ညီညီညာညာ စီတန်း၍ စောင့်ကြပ်နေကြလေသည်။

ညှို့ခန်းမဆောင်ကြီး၏ အရှေ့ဘက်၌ ရွှေပိန်းချထားသော ကျောမှီမြင့်သည့် ထိုင်ခုံကြီးတစ်ခု ရှိသည်။

ထိုထိုင်ခုံကြီးပေါ်၌ အနီရောင်ဝတ်စုံဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက် ထိုင်နေ၏။

အဘိုးအိုဇ၏နံဘေး၌ ချိုင်းထောက်တစ်ခု ချထားလေသည်။

ထိုအဘိုးအိုကား သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားနေသည့် ရှေးဟောင်းခံတပ်ပိုင်ရှင် ရှောင်ကျိုး ဖြစ်လေသည်။

မိစ္ဆာဖြူက ဧည့်ခန်းမဆောင်ကြီးအတွင်းသို့ ခြေသံပြင်းပြင်းနင်းကာ ဝင်ရောက်လာလေသည်။

မိစ္ဆာဖြူ ဒေါသထွက်နေပါသည်။

ရှောင်ကျိုးနှင့် မလှမ်းမကမ်း၌ ခြေလှမ်းရပ်ကာ ဒေါသတကြီး အော်ပြောလိုက်လေသည်။

"ရှောင်ကျိုး၊ ကျုပ်သမီး ဘယ်မှာလဲ"

အဘိုးအိုရှောင်ကျိုးက မိစ္ဆာဖြူအား မျက်လုံးပြူးကာကြည့်ပြီး...

"ဟား..ဟား..ဟား"

ဟားတိုက်ရယ်မောလိုက်လေသည်။

"ခင်ဗျား.."

မိစ္ဆာဖြူ မကျေမနပ် ဖြစ်နေသည်။

"ရှောင်ကျိုး၊ ခင်ဗျားလူတွေ လွှတ်လိုက်ပြီး ကျုပ်သမီးကိုဖမ်းခေါ်သွားတယ် မဟုတ်လား"

ရှောင်ကျိုး သက်ပြင်းချလိုက်သည်။

"မိစ္ဆာဖြူ၊ မင်းတို့နှစ်ယောက်ကို ငါယုံကြည်စိတ်ချခဲ့တယ်၊ ဒါပေမယ့် မင်းတို့က ငါ့ကို သစ္စာဖောက်ပြီး ဒုက္ခပေးခဲ့ကြတယ်"



မိစ္ဆာဖြူ နှာခေါင်းရှုံ့လိုက်သည်။

"ခင်ဗျား မကျေနပ်တော့ကော ကျုပ်က ဂရုစိုက်ရမှာလားဗျ"

ရှောင်ကျိုးက ဆက်ပြောသည်။

"ငါ့ကို ဖယ်ရှားပြီး ငါပိုင်ဆိုင်ထားတဲ့ ပစ္စည်းတွေကို အပိုင်စီးချင်တယ်၊ ငါက မင်းတို့နှစ်ယောက်ကို ခွင့်လွှတ်ရမှာလား"

မိစ္ဆာဖြူက...

"ခင်ဗျား ဘာများတတ်နိုင်မှာမို့လဲ"

ရှောင်ကျိုးက...

"ဘာတတ်နိုင်သလဲ ဟုတ်လား၊ အခု မိစ္ဆာမည်း သေသွားပြီလေ၊ ငါ့အပေါ် မကောင်းကြံခဲ့တဲ့ လူတွေလည်း တစ်ယောက်မှငါ့လက်က မလွတ်နိုင်ခဲ့ကြဘူး"

"ဩော် ခင်ဗျားက ကျုပ်ကိုတောင် အမှုမထားဘူးဆိုတဲ့သဘော ဟုတ်လား"

"မိစ္ဆာဖြူ၊ မင်းက ဘာများ တတ်နိုင်မှာမို့လဲ ပြောစမ်းပါဦး"

"ဘာဗျ"

"မင်းအသက်က ငါ့လက်ထဲ ရောက်နေပြီဆိုတာ မမေ့နဲ့ဦးလေ"

"ဟား..ဟား..ဟား"

မိစ္ဆာဖြူက လှောင်ပြောင်ရယ်မောလိုက်လေသည်။

ရှောင်ကျိုးက...

"ငါ့စကားကို မယုံယင် မင်းရဲ့သမီးက ငါ့လက်ထဲ ရောက်နေပြီလို့ ဘာကြောင့် စွပ်စွဲရတာလဲ၊ ပြောစမ်းပါဦးကွ"

"ဘာ.."

မိစ္ဆာဖြူ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ရှောင်ကျိုးအား စိုက်ကြည့်လိုက်သည်။

"ကျုပ်..ကျုပ် သမီးဟာ ခင်ဗျားလက်ထဲမှာ ဟုတ်လား"

ရှောင်ကျိုး ခေါင်းညိတ်လိုက်လေသည်။

"ဒါပေါ့.."

မိစ္ဆာဖြူက...

"ကျုပ်နဲ့ မိစ္ဆာမည်း၊ ခင်ဗျားကို လုပ်ကြံလို့ ဒဏ်ရာတွေ ရသွားပြီးတဲ့ နောက်ပိုင်း ခင်ဗျားဟာ သိုင်းပညာကို အသုံးမပြုနိုင်တော့ဘူး မဟုတ်လား"

ရှောင်ကျိုး ခေါင်းခါယမ်းလိုက်ပြန်လေသည်။

"မင်းမှားသွားပြီ"

"ဘာဗျ.."

"ငါက သိုင်းပညာကို အသုံးမပြုနိုင်တော့ဘူးလို့ ဘယ်သူပြောသလဲ"

"ခင်ဗျား.."

"ငါက သိုင်းပညာ အသုံးပြုနိုင်လို့သာ လက်အောက်ငယ်သားတွေကို ဦးဆောင်နိုင်တာ၊ မင်းရဲ့သမီးကို ကြက်ကလေး၊ ငှက်



ကလေးတစ်ကောင်လို ဖမ်းဆီးထားနိုင်ခဲ့တာပေါ့ဗျာ"

"ခင်..ခင်ဗျား"

မိစ္ဆာဖြူ ရှေ့တိုးလိုက်သည်။

"ကျုပ်သမီး ဘယ်မှာလဲ ပြောစမ်း"

ထိုစဉ် ကြမ်းပြင်ပေါ်မှ သွေးကွက်တစ်ခုကို တွေ့လိုက်ရလေသည်။ မိစ္ဆာဖြူ ငုံ့ကြည့်လိုက်သည်။

ဧည့်ခန်းမဆောင်ကြီးအတွင်း၌ တစ်စုံတစ်ယောက် သေဆုံးသွားခဲ့ပြီ ဖြစ်ကြောင်း သွေးကွက်က သက်သေခံနေ၏။

ထိုသေဆုံးသွားသူမှာ မည်သူ ဖြစ်ပါသနည်း။

"ထောက်"

သွေးတစ်စက်က အပေါ်မှ နေ၍ သွေးကွက်ထဲသို့ ပြုတ်ကျလာလေသည်။

မိစ္ဆာဖြူလည်း အလိုအလျောက် အပေါ်သို့ မော့ကြည့်လိုက်မိလေသည်။ ဤတွင် ခေါင်မိုးထုတ်တန်း၌ ကြိုးတန်းလန်းဖြင့် သေဆုံး နေသူတစ်ယောက်အား တွေ့လိုက်ရလေသည်။

ထိုလူမှာ မိန်းကလေးတစ်ယောက် ဖြစ်သည်။

ထိုမိန်းကလေးသည်...

"သမီး"

မိစ္ဆာဖြူ၏ရင်ပွင့်မတတ် ခေါ်လိုက်သော အသံကြီးက ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့သည်။

♠ ♠ ♠

ကြိုးတစ်ချောင်းဖြင့် ခေါင်းမိုးထုတ်တန်းပေါ်၌ တွဲလောင်းဖြစ်နေသော မိန်းကလေး၏ရင်ဝ၌ ဓားမြှောင်တစ်လက် စိုက်ဝင်နေသည်။

မိန်းကလေးကား သေဆုံးသွားချေပြီ။

ထိုမိန်းကလေးမှာ မိစ္ဆာဖြူ၏သမီးပင် ဖြစ်နေပါတော့သည်။

မိစ္ဆာဖြူသည် သမီး၏အဖြစ်ဆိုးကို တွေ့မြင်လိုက်ရလျှင် အရူးမီးဝိုင်း ဖြစ်သွားတော့သည်။

ဒေါသလည်း ထွက်သွားသည်။

"လူယုတ်မာကြီး"

အော်ငေါက်ယင်း ရှောင်ကျိုးထံသို့ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

"ဟူး"

သူ၏ခန္ဓာကိုယ်သည် လေထဲ လွင့်မျောသွားသည်အလား ရှောင်ကျိုးအနီးသို့ ရောက်ရှိသွားပြီး လက်ဝါးနှစ်ဘက်ဖြင့် ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

ရှောင်ကျိုးသည် သူ၏တိုက်ခိုက်မှုကို မည်သည့်နည်းနှင့်မျှ ရှောင်တိမ်းနိုင်မည် မဟုတ်ဟုလည်း ယုံကြည်ထားလေသည်။

သို့သော် အနီးသို့ ရောက်ရှိသွားသောအခါ ရှောင်ကျိုးက ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

မိစ္ဆာဖြူ၏လက်ဝါးနှစ်ဘက်သည် ရွှေပိန်းချထားသော တိုင်



ခုံကြီးအား ရိုက်ချမိလိုက်သည်။

"ဝုန်း"

တိုင်ခုံကျိုးပဲ့ကြေမွကာ အပိုင်းအစများအဖြစ် လွင့်စင်သွားလေတော့သည်။

မိစ္ဆာဖြူ ကိုယ်ရှိန်သပ်ပြီး ရှောင်ကျိုးအား ရှာဖွေကြည့်လိုက်၏။

ထိုစဉ် လူရိပ်တစ်ခုက သူ၏အနီးသို့ ရောက်ရှိလာလေ၏။

"သွားစမ်း"

မိစ္ဆာဖြူ ချာခနဲလှည့်ကာ လက်ဝါးဖြင့် ရိုက်ထုတ်ပစ်လိုက်ပြန်လေသည်။

ယခုတစ်ကြိမ် သူ၏လက်ဝါးနှစ်ဘက်သည် အနီးသို့ ရောက်ရှိလာသူအား ထိထိမိမိ ရိုက်ချမိလိုက်လေသည်။

"ဝုန်း"

ထိုလူမှာ ပြင်းထန်သော လက်ဝါးရိုက်ချက်ကြောင့် အဝေးသို့ လွင့်စင်သွားတော့သည်။

"ဟား..ဟား..ဟား"

မိစ္ဆာဖြူသည် ရှောင်ကျိုးအား တိုက်ခိုက်လိုက်နိုင်ပြီ ဟူ၍ ဟားတိုက်ရယ်မောလိုက်လေသည်။

သို့သော်...

သူ၏ရယ်မောသံ တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွား၏။

အကြောင်းမှာ...

သူ၏လက်ချက်ကြောင့် လွင့်စင်ကာ ကြမ်းပြင်ပေါ် ကျသွားသူကို သေသေချာချာ တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ထိုလူမှာ ရှောင်ကျိုး မဟုတ်ဘဲ မိန်းကလေးတစ်ယောက် ဖြစ်နေပါသည်။

မိစ္ဆာဖြူ မျက်လုံးပြူးသွားလေသည်။

"သမီး"

ထိုစဉ်...

"ဟား..ဟား..ဟား"

ရှောင်ကျိုး၏ လှောင်ပြောင်ရယ်မောသံ ထွက်ပေါ်လာလေသည်။

ရယ်သံက ဦးခေါင်းပေါ်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

မိစ္ဆာဖြူ ခေါင်းမော့ကြည့်လိုက်ရာ ခေါင်မိုးထုတ်တန်းပေါ်၌ ထိုင်နေသည့် ရှောင်ကျိုးကို တွေ့လိုက်ရလေသည်။

"ခင်..ခင်ဗျား"

ရှောင်ကျိုးအား သူနှင့် မိစ္ဆာမည်းတို့က လုပ်ကြံခဲ့ကြသည်။

ရှောင်ကျိုး ဒဏ်ရာပြင်းထန်စွာ ရရှိသွားပြီး သိုင်းပညာ အသုံးမပြုနိုင်တော့ပေ။

အသက်ရှင်လျက် ဘဝ သေသူ ဖြစ်ခဲ့ရသည်။

ထို့ကြောင့် အဆိပ်မရှိတော့သည့် မြွေတစ်ကောင်ပမာ သဘောထားခဲ့ကြလေသည်။



ယခုတော့ ရှောင်ကျိုးက သိုင်းပညာ အသုံးပြုနိုင်သည်ကို လက်တွေ့သိလိုက်ရပြီ ဖြစ်လေသည်။

မိစ္ဆာဖြူ ငေးကြည့်နေစဉ်မှာပင်...

"ဟူး"

ရှောင်ကျိုးက ခေါင်မိုးထုတ်တန်းပေါ်မှ ခုန်ဆင်းလာလေတော့သည်။

အောက်ဘက်သို့ ငှက်ကြီးတစ်ကောင်အလား ပျံဝဲဆင်းလာယင်း ခြေလက်များ မိစ္ဆာဖြူအား တိုက်ခိုက်လိုက်လေသည်။

မိစ္ဆာဖြူ သတိဝင်လာသည်။

"ယား"

ညာသံပေးကာ ဆီးကြို၍တိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသည်။

"ဝုန်း"

ကျယ်လောင်သော အသံ ထွက်ပေါ်လာပြီး မိစ္ဆာဖြူမှာ အဝေးသို့ လွင့်စင်သွားလေတော့သည်။

♠ ♠ ♠

တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်လေသည်။

ရောင်ကျိုးက လက်နှစ်ဘက် နောက်ပစ်ပြီး အေးအေးဆေးဆေး ရပ်နေ၏။

မိစ္ဆာဖြူမှာ ကြမ်းပြင်ပေါ် လဲကျနေသည်။

အတန်ကြာအောင် ကြိုးစားပြီးမှ လူးလိမ့်ထလာနိုင်၏။

သို့တိုင် ကောင်းစွာ မရပ်နိုင်ဘဲ ဒယီးဒယိုင် ဖြစ်နေ၏။

"ဝေါ့"

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်သည်။

ရောင်ကျိုးက...

"ငါက သိုင်းပညာ အသုံးမပြုနိုင်တော့ဘူးလို့ ထင်မှတ်ခဲ့ကြတာ မင်းတို့ မှားတာပဲ၊ မင်းတို့က ငါ့ကို ဝိတ်လျှောင်ပြီး အကျဉ်းချထားခဲ့ကြတယ်၊ ငါက သိုင်းပညာကို တိတ်တဆိတ် ပြန်ပြီး လေ့ကျင့်နိုင်ခဲ့တာပေါ့ကွာ"

"ခင်ဗျား..."

"မိစ္ဆာဖြူ၊ မင်းတို့ ရှေးဟောင်းခံတပ်ကို ဘယ်တော့မှ အပိုင်စီးလို့ မရဘူးဆိုတာ နောင်ဘဝအထိ မှတ်သွားပေတော့"

သူက မိစ္ဆာဖြူအား တိုက်ခိုက်စရာ မလိုတော့ပါ။

"ဝုန်း"

မိစ္ဆာဖြူ ကြမ်းပြင်ပေါ် ပုံလျက်သား လဲကျသွား၏။

ယခုတစ်ကြိမ် ပြန်ထမလာနိုင်တော့ပါ။

မိစ္ဆာဖြူသည် တစ်ချက်နှစ်ချက် လူးလွန့်လှုပ်ရှားပြီးနောက်



လုံးဝငြိမ်သက်သွားတော့၏။

မိစ္ဆာဖြူ သေဆုံးသွားပြီ ဖြစ်လေသည်။

ရောင်ကျိုး လက်ဝှေ့ယမ်းပြလိုက်သည်။

"သူ့အလောင်းကို သယ်သွား၊ ညှော်ခန်းထဲ သန့်ရှင်းအောင် လုပ်ထားလိုက်၊ မကြာခင် ညှော်သည် ရောက်လာလိမ့်မယ်"

ဟုလည်း ပြောလိုက်လေသည်။

♠ ♠ ♠

# အမှန်တရား

အစောင့်အကြပ်များက မိစ္ဆာဖြူတို့သားအဖ၏ အလောင်းများကို ဖယ်ရှားကာ ဧည့်ခန်းထဲ သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ထားလိုက်ကြပြီ ဖြစ်လေသည်။

ရောင်ကျိုးက ဧည့်ခန်းအလယ်၌ လက်နှစ်ဘက် နောက်ပစ်ကာ အေးအေးဆေးဆေး ရပ်နေ၏။

သူက လူတစ်ယောက်အား စောင့်ဆိုင်းနေသည်။

မည်သူ့အား စောင့်ဆိုင်းနေခြင်း ဖြစ်ပါသနည်း။

ရုတ်တရက်...

ညင်သာပျော့ပါးသော ခြေသံများ ထွက်ပေါ်လာလေသည်။



အခန်းတွင်းသို့ လူတစ်ယောက် ဝင်ရောက်လာလေသည်။

ထိုလူမှာ ရောင်လီ ဖြစ်လေသည်။

ရောင်လီက ဧည့်ခန်းထဲသို့ ရောက်လာသည်နှင့် ခြေလှမ်းရပ်လိုက်လေသည်။

ရောင်ကျိုး ပြုံးလိုက်သည်။

"မင်းရောက်လာပြီလား"

ရောင်လီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ရောင်ကျိုးက...

"မင်းက ငါ့ရဲ့သားလို့ ပြောခဲ့တယ်၊ ဒါပေမယ့် ငါ့သား မဟုတ်ဘူးဆိုတာ ငါသိတယ်"

"ဒါမှန်ပါတယ်ဗျာ၊ ရွှေဟောင်းခံတပ်ထဲကို ဝင်ရောက်နိုင်အောင် ဖန်တီးခဲ့တာပါ၊ ဒါပေမယ့် မဖြစ်နိုင်ဘူးဆိုတာ ကျုပ်သိပြီးသားပါ"

"မိစ္ဆာဖြူနဲ့ မိစ္ဆာမည်းက ငါ့ကို အကောက်ကြံခဲ့ကြတယ်၊ ငါ့ရဲ့ လူတစ်ယောက်က ငါ့သားကို ခေါ်ပြီး ထွက်ပြေးသွားခဲ့ပေမယ့် သူတို့နှစ်ယောက်စလုံး လမ်းမှာ သေဆုံးသွားခဲ့ကြတယ်ဆိုတာ ငါ သိထားပြီးသားပါ"

ရောင်လီက...

"ဦးပြောတာ မှန်ပါတယ်၊ ကျွန်တော့်နာမည် ရောင်လီ ဖြစ်ပေမယ့် ဦးရဲ့သားတော့ မဟုတ်ပါဘူး"

ဟုအမှန်အတိုင်း ဝန်ခံလိုက်လေသည်။

ရောင်ကျိုးက...

"ကဲ ပြောပါဦး၊ မင်းက ရှေးဟောင်းခံတပ်ကို ဘာကြောင့် လာခဲ့ချင်ရတာလဲ"

ရောင်လီက တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

"ကျွန်တော့်ဆရာက တာဝန်ပေးလိုက်လို့ပါ"

ရောင်ကျိုး မျက်မှောင်ကုပ်သွားလေသည်။

"မင်းဆရာက ဘယ်သူလဲ၊ ဘယ်လို တာဝန်မျိုး ပေးလိုက်တာလဲ ပြောပါဦး"

ရောင်လီ ရှင်းပြလိုက်လေသည်။

"ကျွန်တော်ဟာ မိဘမဲ့တစ်ကောင်ကြွက်တစ်ယောက်ပါ၊ လမ်းပေါ်မှာ လေလွင့်နေခဲ့ရပြီး အခက်အခဲ ဒုက္ခအမျိုးမျိုးနဲ့ ကြုံတွေ့ခဲ့ရပါတယ်၊ သိုင်းပညာ တတ်မြောက်ထားယင် ဘဝကို ရင်ဆိုင်နိုင်မယ်ဆိုတာ သိခဲ့ရပြီးတဲ့ နောက်ပိုင်း ပညာသင်ပေးမယ့် ဆရာကို လိုက်ရှာယင်း ကံကောင်းထောက်မပြီး သိုင်းဆရာကြီးတစ်ယောက်ဆီမှာ ပညာသင်ယူနိုင်ခဲ့ပါတယ်၊ ပညာသင်ယူ ပြီးဆုံးသွားချိန်မှာတော့ ဆရာကြီးက သိုင်းလောကမှာ ကျင်လည်ကျက်စားဖို့ ခွင့်ပြုခဲ့ပြီး သိုင်းလောကထဲ ရောက်တာနဲ့ ပထမဦးဆုံး သိုင်းသမားဆိုးတစ်ယောက်ကို ဆုံးမရမယ်လို့ တာဝန်ပေးလိုက်ပါတယ်"

ရောင်ကျိုး ပြုံးလိုက်သည်။



"အင်း ဆက်ပါဦး"

ရောင်လီက...

"ကျွန်တော် သိုင်းလောကထဲ ရောက်လာတဲ့အခါမှာ ရှေးဟောင်းခံတပ်ဟာ ဒုက္ခအပေးဆုံး ဖြစ်တယ်လို့ သိခဲ့ရပါတယ်၊ ရှေးဟောင်းခံတပ်ပိုင်ရှင် ရောင်ကျိုး အကြောင်းကို စုံစမ်းလေ့လာခဲ့တော့ လူယုံနှစ်ယောက်နဲ့ ခံတပ်ပိုင်ရှင်ရဲ့ ပြဿနာတွေကို သိခဲ့ရပါတယ်၊ ဒါ့အပြင် ခံတပ်ပိုင်ရှင်မှာ ဓားလှံ တိုးမပေါက်တဲ့ အတွင်းခံကိုယ်ကြပ်အကျႌ ရှိတယ်ဆိုတာကိုပါ သိခဲ့ရပါတယ်"

"ဘာကွ"

ရောင်ကျိုး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ရောင်လီက...

"မိစ္ဆာဖြူ၊ မိစ္ဆာမည်း လူယုံနှစ်ယောက်က ဦးကို တကယ်တမ်း ဒုက္ခပေးလို့ မရခဲ့ကြတာဟာ ကိုယ်ကြပ်အကျႌကြောင့်ဆိုတာ ကျွန်တော် သိခဲ့ရပါတယ်၊ ဒါကြောင့် လုဖုံးချီရဲ့ ရွှေပလွေကို အယင် ဆုံးရအောင် ယူပြီး ကြယ်ပျံအာမခံဌာနနဲ့ ဆက်သွယ်နိုင်အောင် ကွမ်းကြူးညီနောင်နဲ့ ပတ်သက်ခဲ့တာပါ"

ရောင်ကျိုး မျက်နှာပျက်သွားလေသည်။

"မင်း.."

ရောင်လီက...

"ကျွန်တော့်မှာ ရွှေပလွေ ရှိနေတော့ ဦး ဘာမှတတ်နိုင်တော့မှာ မဟုတ်ဘူးထင်ပါတယ်"

ရှောင်ကျိုး စကားတစ်လုံးမှ မပြောတော့ပါ။

"ယား"

ညာသံပေးကာ ရှောင်လီအား တိုက်ခိုက်လိုက်လေသည်။

ရှောင်လီကလည်း ရွှေပလွေ ထုတ်ယူကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်လျှင်...

"ဝုန်း"

"အား"

ရူးရကျယ်လောင်သော အသံများ ထွက်ပေါ်လာကာ ရှောင်ကျိုး အဝေးသို့ လွင့်စင်သွားတော့သည်။

♠ ♠ ♠



သိုင်းလောကသို့ ယခုမှ ခြေချလာသော ရှောင်လီက သိုင်းလောကအား နှစ်ပေါင်းများစွာ ဒုက္ခပေးခဲ့သော ရှေးဟောင်းခံတပ်အား ဖြိုခွဲဖျက်ဆီးပစ်လိုက်သည့်သတင်းမှာ သိုင်းလောက၌ တမုဟုတ်ချင်း ပျံ့နှံ့သွားလေတော့သည်။

ရှောင်လီသည် သိုင်းလောက သူ့ရဲကောင်းဘဝသို့ နေ့ချင်းညချင်း ရောက်ရှိသွားလေသည်။

သို့သော်...

ရှောင်လီအား မကျေမနပ် ဖြစ်နေသူများ ရှိနေသေး၏။

လုဖုံးချီနှင့် မုရန်ကျူးတို့ ဖြစ်လေသည်။

လုဖုံးချီက...

"ရှောင်လီက ရှေးဟောင်းခံတပ်ကို ဖျက်ဆီးနိုင်ခဲ့လို့ အားလုံးက သူ့ကိုသဘောကျနေပေမယ့် ကျုပ်က ဘယ်တော့မှ သဘောကျမှာ မဟုတ်ဘူးဗျ"

မုရန်ကျူးက...

"ကျုပ်လည်း သဘောမကျပါဘူးဗျာ၊ ဘာကြောင့်လည်းဆိုတော့ သူဟာ သိုင်းပညာတော်တယ်ဆိုပြီး ထင်ရာစိုင်းချင်လို့ပဲ"

နှစ်ယောက်သား ရှောင်လီနှင့် ပတ်သက်ပြီး ဝေဖန်ပြောဆိုလိုက်ကြသည်။

ထိုစဉ် အစောင့်တစ်ယောက် ဝင်ရောက်လာပြီး သတင်းပို့လိုက်လေသည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျား ဧည့်သည်တစ်ယောက် ရောက်လာ

ပါတယ်"

"ဘယ်သူလဲ"

"သူ့ရဲ့ကောင်းရောင်လီပါ"

"ဟော"

ရောင်လီ ရောက်လာသည်ဆိုသော စကားကြောင့် လုဖုံးချီ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

♠ ♠ ♠

အရက်ဆိုင်လေးတစ်ဆိုင် ဖြစ်သည်။

ဆိုင်ထဲ၌ လူသုံးယောက် ဝိုင်းဖွဲ့ထိုင်ကာ စားသောက်နေကြသည်။

ထိုလူသုံးယောက်မှာ ရောင်လီနှင့် ကွမ်းကြိုးညီနောင်တို့ ဖြစ်လေသည်။

ရောင်လီက သူ၏ကတိအတိုင်း ရွှေပလွေအား လုဖုံးချီထံ ပြန်လည်ပေးအပ်ပြီးလျှင် ကွမ်းကြိုးညီနောင်အား လိုက်လံရှာဖွေကာ ဧည့်ခံကျွေးမွေးနေခြင်း ဖြစ်ပါသည်။

ပြီးပါပြီ။